The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 30
တနင်္လာနေ့တိုင်းထုတ်ဝေသည်
August 7, 2017

# ယခု ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံရရှိသည့်အနက်

# လယ်ယာထွက်ကုန်ပစ္စည်းမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိ

စာမျက်နှာ - ၁၈



## ■ ပျားရည်ကုန်စည် တင်ပို့မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ သတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများ

စာမျက်နှာ - ၁၇

## ■ ဝါ၊ ကြံ၊ သကြား ပြည်ပပို့ကုန် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စာမျက်နှာ - ၂၃

## ■ ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံ၊ နှမ်းထုတ်လုပ်ခြင်းဆိုင်ရာ လူထုအစည်းအဝေးပွဲပြုလုပ်

စာမျက်နှာ - ၁၂

# အားပေးရမည့် မြန်မာနိုင်ငံသားပိုင်လုပ်ငန်းများ

စာမျက်နှာ - ၁၂




ကြံ့နှစ်ကောင်ဘိလပ်မြေ
အကောင်းဆုံး ဘိလပ်မြေ
PORTLAND CEMENT
EN 197-1 : 2011
STRENGTH CLASS 32.5
DOUBLE RHINOS
CEMENT
MADE IN MYANMAR
Net Weight 50 Kg
PORTLAND CEMENT
EN 197-1 : 2011
STRENGTH CLASS 42.5
DOUBLE RHINOS
CEMENT
MADE IN MYANMAR
Net Weight 50 Kg
Hot Line : 09-256499055
www.facebook.com/doublerhinoscement
IDEAL FOR BUILDING


MBK CO., LTD.
MBK မှ အရည်အသွေးမြင့်မားသော G.I Coil, Colour Coil လိပ်များကိုလည်း
လူကြီးမင်းတို့ စိတ်တိုင်းကျ ဝယ်ယူရရှိနိုင်ပါသည်။ လူကြီးမင်းတို့၏ လိုအပ်ချက်များကို
MBK မိသားစုမှ တိကျသေချာသော ဝန်ဆောင်မှု တို့ဖြင့် နေ့မအား ညမနားဘဲ
အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးနေပါသည်။
QUALITY PRODUCT OF JAPANESE TECHNOLOGY
4 Angle
European (or) universe Design
Classic Tile
Oriental Design
.25 (11 Lines)
.19 (9 Lines)
Elephant .145 (9 Lines)
Elephant .115 (9 Lines)
နိုင်ငံတကာစံချိန်စံညွှန်းမြင့် မြန်မာပြည်ရာသီဥတုနှင့်
ကိုက်ညီအောင်ထုတ်လုပ်ထား၍ နှစ်ရှည်ခံကာ
စစ်မှန်သောအရည်အသွေး
မှန်ကန်သောဈေးနှုန်း
စိတ်ချယုံကြည်ရသော ဝန်ဆောင်မှုတို့ဖြင့်
လူကြီးမင်းတို့ ဘဝအဆင့်အတန်းမြင့်မား၍ လုံခြုံစိတ်ချစွာ
အသုံးပြုနိုင်ရန် MBK မှ အစဉ်အမြဲ ဆောင်ရွက်ပေးပါသည်။
ရန်ကုန်အရောင်းပြခန်း အဆောင်(၄၃)၊ အခန်း (၇)(၈)၊ ကျောက်စိမ်း(၃)လမ်း၊ ဇော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်။ ဖုန်း – ၀၁ ၆၄၁၀၆၆၊ ၀၁ ၉၆၄၀၁၂၁၊
၀၁ ၉၆၄၀၁၄၃၊ ၀၉ ၄၂၈၃၂၉၅၁၀၊ ၀၉ ၅၂၈၃၁၀၈
တောင်ကြီးအရောင်းပြခန်း LA (48)၊ စိုးစံထွန်းလမ်း၊ လမ်းမတော်ရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း – ၀၈၁ ၂၁၂၃၄၇၊ ၀၈၁ ၂၁၂၂၇၁၆၊ ၀၈၁ ၂၀၀၉၀၅
ရုံးချုပ် အမှတ်(၂၄၀/၂၄၂)၊ ဆိပ်ကမ်းသာလမ်း၊ (၁၃)လွှာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၄၂၈၃၂၉၅၁၀၊ ၀၉ ၅၂၈၃၁၀၈
Factory No. 241, Zay Gabar (12) Street, Zay Gabar Garden City, Minglardon Township Yangon.

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဩဂုတ်လ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားတွေ့ဆုံကာ ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ယင်းနောက် ပဲခူးမြို့၊ မြို့တော်ခန်းမတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းတို့ သည်ပဲခူးတိုင်းဒေသကြီးအတွင်းမှ ပုဂ္ဂလိက အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၊ တောင်သူများနှင့် တွေ့ဆုံပွဲသို့တက်ရောက် အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် လက်ရှိအချိန်တွင် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျန်းမာရေး၊ ပညာရေး တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုန်စည်ဒိုင်များ၊ အသင်းအဖွဲ့များသည် အလွန်အရေးပါကြောင်း၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ဝယ်ယူရောင်းချမှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်ထိန်းသိမ်းမှု၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း တွေ့ကြုံနေရသည့် အခက်အခဲများ၊ အဆင်မပြေမှုများ၊ မိမိတို့ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးရမည့် ကိစ္စရပ်များ ရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း၊ စာမျက်နှာ - ၂၁ ➤

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Italian-Thai Development Public Company Limited ၏ ဥက္ကဋ္ဌ Mr. Premchai Karnasuta ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ

မြန်မာအထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Italian-Thai Development Public Company Limited ၏ ဥက္ကဋ္ဌ Mr. Premchai Karnasuta ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၂ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦး စီမံကိန်းပါလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး၊ နှစ်လမ်းသွားကားလမ်း ဖောက်လုပ်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် အမြန်ဆုံး ဆောင်ရွက်သွားရေး ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ထားဝယ်အထူးစီးပွားရေးဇုန်၊ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ MOC(IR)

# ဒုတိယဝန်ကြီး ဦးအောင်ထူး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ဇူလိုင် ၃၁ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ပြီး ကဏ္ဍအလိုက် ရွေးချယ်စုစည်းထားသည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကြားနာဖြေရှင်းပေးလျက်ရှိရာ ၂၀၁၇ခုနှစ် ဇူလိုင်အထိ ရှစ်ကြိမ်မြောက်ကျင်းပပြီးဖြစ်ကြောင်း၊ အသင်း အဖွဲ့များ၊ လုပ်ငန်းရှင်များ ဆွေးနွေးပွဲတွင်တင်ပြခဲ့သော မေးမြန်း ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေကြားရှင်းလင်းခဲ့ရာ အချို့သော ကိစ္စရပ်များမှာ ဆက်လက်ဆောင်ရွက်ပေးရန် ကျန်ရှိနေသော လုပ်ငန်းများ ဖြစ်နေပါသောကြောင့် လိုအပ်သည်များအား ပေါင်းစပ်ဖြေရှင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ (Private Public Dialogue) များ ကျင်းပပြီး ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက ပြည်သူလူထု အကျိုးစီးပွား တိုးတက်ရေးအတွက် အလွန်အရေးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက ကဏ္ဍကို ဝန်ဆောင်မှုပေးရာတွင် ဒေသတွင်းနိုင်ငံများ လုပ်ဆောင်ပေးနေသည့် အောင်မြင်သော အလေ့အထများကို လေ့လာပြီး မိမိတို့ သက်ဆိုင်ရာဌာနများအနေဖြင့် စာမျက်နှာ - ၂၁ ➤



Commerce JOURNAL

အတိုင်ပင်ခံစာတည်း
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

စာတည်းမှူးချုပ်
အောင်သူရ

တာဝန်ခံစာတည်း
ခင်သီတာအေး

အုပ်ချုပ်ရေးမှူး
ဒေါ်အေးအေးမော်

စာတည်းအဖွဲ့
ဖြူဖြူဝင်း

လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

Proof & Layout Design ကြီးကြပ်
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

ကြော်ငြာတာဝန်ခံ
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး

ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

ကွန်ပျူတာ
ခိုင်ဇော်မင်း
သင်းသီရိအောင်

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

# လွှယ်ဂျယ်နယ်စပ်သို့ ကသာခရိုင် ဆင်း-၃ဆန်တင်ပို့

ကသာခရိုင်ဆင်း-၃ဆန်ကိုတရုတ်ဝယ်လက် ရပ်ဆိုင်းခဲ့ရာမှ ဇူလိုင် ၃၀ ရက်က တရုတ်ဝယ်လက်အဆွဲရှိလာလို့ လွှယ်ဂျယ်နယ်စပ်သို့ ဆင်း-၃ဆန်တင်ပို့လာတာတွေ့ရပါတယ်။ အင်းတော်မြို့နယ်မှ အများဆုံး တင်ပို့နေ တာတွေ့ရပြီး တစ်ရက်အိတ် ၇၀၀နဲ့ ၁၀၀၀ ကြား တင်ပို့နေတယ်လို့ ကုန်သည်များထံမှ သိရပါတယ်။

လွှယ်ဂျယ်နယ်စပ်ဆိုပေမယ့် ပြည်တွင်းအခြမ်းမှာ အရောင်းအဝယ်ဖြစ်တာပါ။ ဆန်အရည်အသွေးအလိုက် ဈေးပေးပါတယ်။ ဆန်ကောင်းရင် ၁၅၃ ယွမ်၊ ဆန်အရည်အသွေးမကောင်းရင် ယွမ် ၁၅၀ ပတ်ဝန်းကျင်ရပါတယ်။ လက်ရှိငွေလဲနှုန်းက မြန်မာငွေ ၁၉၈ကျပ်ရှိပါတယ်။ ဆန်တစ်အိတ်ကို ကျပ် ၃၀၀၀၀ ဝန်းကျင်အထိရပါတယ်။ အခက်အခဲတစ်ခုရှိတာက ငွေလက်ငင်းမရပါဘူး။ တစ်ပတ်ဆိုင်းမှရပါတယ်။ ဖြစ်ခဲ့တဲ့ ပြဿနာများအရ ဆန်ကုန်သည်များ ယုံကြည်မှုနည်းနေကြပါတယ်။ ဆန်စက်လုပ်ငန်းရှင်များ လုပ်ငန်းပုံမှန်လည်ပတ်လာကြပြီး ဆန်စပါးအရောင်းအဝယ် ပုံမှန်ပြန်ဖြစ်လာတယ်လို့ ဆန်စက်လုပ်ငန်းရှင် အတွင်းရေးမှူး ဦးကြင်စိန်က ပြောပါတယ်။ ယခင်နှစ်က ရာသီဥတုဖောက်ပြန်လို့ ဆင်း-၃ ဆန် အရည်အသွေးညံ့ပြီး ဈေးကွက်မျက်နှာမလှဖြစ်ခဲ့ပါတယ်။ ယခုဈေးကွက်က အရည်အသွေးအလိုက်ဈေးကွက်ရှိလို့ ဆင်း-၃ဆန် ပုံမှန်တင်ပို့ရောင်းချမှုများရှိလာပါတယ်။ ဩဂုတ် ၁ ရက်က ဆင်း-၃ စပါး တင်းတစ်ရာကျပ် ၆၀၀၀၀၀၊ ၁၀၈ ပေါင်ဆန်တစ်အိတ် ကျပ် ၂၈၅၀၀၊ ဆန်ကွဲ 1-2-3 တစ်အိတ် ကျပ် ၁၂၀၀၀၊ ဆန်လတ် 2-4 ကျပ် ၁၄၀၀၀၊ ဖွဲနုတစ်ပိဿာကျပ် ၃၂၀အသီးသီးရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရပါတယ်။

**ကြည်နိုင်ဦး၊ အင်းတော်**

# ကယားပြည်နယ်တွင် နွေစပါး(အသစ်)အရောင်းအဝယ်ဖြစ်နေ

ယခုလအတွင်း ကယားပြည်နယ်အတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များသည် စပါးအဟောင်းထက် နွေစပါး(အသစ်)ကို ပိုမိုဝယ်ယူကြကြောင်း၊ လယ်သမားများသည်လည်း ရိတ်သိမ်းပြီးသည့်နွေစပါး(အသစ်)များကို ဆန်စက်လုပ်ငန်းရှင်များထံသို့သာ အဓိက ရောင်းချကြကြောင်း၊ အချို့သောဆန်စက်လုပ်ငန်းရှင်များသည်လည်း ခြောက်သွေ့မှုမရှိသော နွေစပါး (အသစ်)များကို ဝယ်ယူကြပြီး စက်ဖြင့်အခြောက်ခံကြကြောင်းသိရှိရပါတယ်။ နွေစပါး(အသစ်) တစ်တင်းလျှင် ကျပ်၇၀၅၀ရှိပြီး စပါးအဟောင်းတစ်တင်းသည်လည်း ကျပ် ၇၀၅၀နှင့် အရည်သွေးကောင်းသော ရွှေရင်အေးနှင့်တရုတ်မွှေးတို့ကိုသာ တစ်တင်းလျှင် ကျပ်၇၆၆၀ဖြင့် ဝယ်ယူကြကြောင်း ဆန်စက်လုပ်ငန်းရှင်တစ်ဦးထံမှ သိရှိရပါတယ်။ ယခင်ဇူလိုင်လအတွင်းတွင် အခြားမြို့ကြီးများမှ လွိုင်ကော်မြို့အတွင်းသို့ ဆန်တင်သွင်းလာရာတွင် ရန်ကုန်မြို့မှဆန် ၉၉၅၅ အိတ်၊ မန္တလေးမြို့မှဆန် ၆၃၉၅ အိတ်၊ ရွှေဘိုမြို့မှ ၇၂၀၀ အိတ် စုစုပေါင်း ၂၃၅၅၀အိတ် (တန်ချိန်အားဖြင့် ၁၁၈၂ တန်) ရှိရာ တစ်ရက်လျှင်၃၈တန်ခန့်တင်သွင်းလာပြီး ယခုတစ်ပတ်အတွင်း အခြားမြို့များသို့ ဆန်တင်ပို့ရာတွင်လည်း ဆန်အိတ်ပေါင်း၂၄၇၀အိတ် တန်ချိန်အားဖြင့် ၁၂၄တန်ခန့်တင်ပို့ပြီး ယခင်တစ်ပတ်တွေထက် ပိုမိုတင်ပို့ခဲ့ကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်၌ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၄၈၀၀၀၊ တစ်ပြည်လျှင် ကျပ် ၂၁၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀၊ ဧည့်မထ(ဒေသ) ဆန်တစ်အိတ်လျှင်ကျပ် ၃၂၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၃၅၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၀၅၀၀၊ တစ်ပြည်လျှင် ကျပ် ၉၀၀ နှင့် စပါးတင်း ၁၀၀လျှင် ၇၆၆၀၀၀ ကျပ် ဈေးပေါက်ပြီး ဈေးငြိမ်လျက်ရှိကြောင်း ကယားကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ထွန်းနိုင်လင်း (လွိုင်ကော်)**

# ဆန်ချောဈေးကွက်အေးပြီး ဆန်ကြမ်းအရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ရွှေဘို ပေါ်ဆန်းအဝင်နည်းလို့ ဈေးတက်ပြီး ဆန်ကြမ်းသာ အရောင်းအဝယ်ဖြစ်ကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းမှာ ဖျာပုံပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၃၅၀၀၀ နဲ့ လတ်စ တစ်အိတ် ကျပ် ၃၃၀၀၀၊ ပုသိမ်မြောင်းမြပေါ်ဆန်း ထိပ်စတစ်အိတ်ကျပ် ၃၆၅၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ် ပေါ်ဆန်း ထိပ်စ တစ်အိတ်ကျပ်၃၂၀၀၀နဲ့လတ်စတစ်အိတ် ကျပ်၃၁၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်မှာအဝင်နည်းပြီး လူကြိုက်များတဲ့အတွက်တစ်အိတ်ကို ကျပ် ၄၈၀၀၀ မှ ကျပ် ၄၉၀၀၀အထိရှိပြီး တစ်အိတ်ကို ကျပ် ၂၀၀၀ခန့် ဈေးတက်ကြောင်းသိရပါတယ်။



ဆန်ကြမ်းဖြစ်တဲ့ နွေသီးထပ်ရှယ် ဈေးကျပြီး အိတ် စပို့ ၂၅မှတ်ဆန် အနည်းငယ် ဈေးတက်ပါတယ်။ ဧည့်မထဆန် ထိပ်စတစ်အိတ်ကျပ် ၂၀၈၀၀နဲ့လတ်စတစ်အိတ်ကျပ် ၁၈၀၀၀၊ နွေဆန်ရက်၉၀ တစ်အိတ် ကျပ် ၂၁၅၀၀ မှ ကျပ် ၂၂၀၀၀ ၊ မနောသုခ တစ်အိတ်ကျပ် ၂၄၀၀၀ မှကျပ် ၂၅၀၀၀ ရှိပြီး ဈေးငြိမ်နေပါတယ်။ နွေသီးထပ်ရှယ် တစ်အိတ်ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၅၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၅၀၀ ခန့် ဈေးကျပါတယ်။ အိတ် စပို့ ၂၅ မှတ် တစ်အိတ်ကျပ် ၁၇၈၀၀ မှ ကျပ် ၁၈၀၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၁၀၀ခန့် ဈေးတက်ပါတယ်။ ကုန်စည်ဒိုင်သို့ ဆန်အဝင်ပုံမှန်ရှိပြီး ဆန်ကြမ်းသာ အရောင်းအဝယ်သွက်ကြောင်း ဆန်ချောဈေးကွက် ပြန်အေးသွားကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်းသိရပါတယ်။ ဆန်ဈေးနှုန်းများကတော့ ဧည့်မထ ၅မှတ် မှော်ဘီနဲ့ စူပါတစ်အိတ် ၁၃၂ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီတစ်အိတ် ၁၂၈ ယွမ်မှ ၁၂၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၁ ယွမ် ၊ မနောသုခ တစ်အိတ် ၁၁၉ ယွမ် မှ ၁၂၂ ယွမ်၊ မနောသုခ ၂၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၁၈ ယွမ်မှ ယွမ်၁၂၀ ၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၃ ယွမ်မှ ၁၁၅ ယွမ်ရှိပြီး ဈေးငြိမ်နေကြောင်းသိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂ ရက်အထိ ၁၉၁၈၁ တန်ရှိပါတယ်။ ဆန်အရောင်းအဝယ်မှာ အဝင်လည်းပုံမှန်ရှိသလို အထွက်လည်းပုံမှန်ရှိတယ်လို့မူဆယ်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂-၈-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၂၅ | ၄၁၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၃၀ | ၃၉၇ | ▽ | ၄၁၀ | ၄၁၀ | □ | ၄၁၀ | ၄၁၀ | □ | ၄၃၀ | ၄၁၀ | ▽ |
| ဆန်ဖြူ ၁၀% | ၄၀၄ | ၃၉၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၀၂ | ၃၉၁ | ▽ | ၃၉၀ | ၃၉၀ | □ | - | - | - | ၄၀၀ | ၄၀၀ | □ |
| ဆန်ဖြူ ၂၅% | ၃၉၄ | ၃၇၅ | ▽ | ၃၇၅ | ၃၇၅ | □ | ၃၆၅ | ၃၆၅ | □ | ၃၆၀ | ၃၆၀ | □ |
| ပေါင်းဆန် | ၄၃၁ | ၄၁၈ | ▽ | - | - | - | ၄၁၀ | ၄၁၀ | □ | ၄၃၀ | ၄၃၀ | □ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၄-၈-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | △ | ၁၈၅၀၀ | △ | ၆၅၃၂ | △ | ၃၃၀၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၂၀၀၀၀ | □ | ၇၇၁၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၄၆၀၀ | □ | ၁၈၅၀၀ | □ | ၆၅၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၄၆ | □ | ၁၉၂၀၀ | □ | ၁၂၅၀၀ | △ | ၄၀၀၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၄၂၀ | △ | ၁၈၃၀၀ | △ | - | - | ၃၀၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၃၂၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၀၀၀၀ | ▽ |
| ဘားအံ | ၄၇၀၀ | △ | ၁၈၅၀၀ | □ | - | - | ၃၉၅၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ၃၁-၇-၂၀၁၇ မှ ၄-၈-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 948 | 49,358,637.860 |
| 2 | Form D | 35 | 1,623,374.660 |
| 3 | Form E | 87 | 3,222,124.218 |
| 4 | Korea GSP | 7 | 140,681.750 |
| 5 | Form AK | 89 | 5,244,923.002 |
| 6 | Form AJ | 10 | 760,552.130 |
| 7 | Form AI | 96 | 4,829,470.130 |
| 8 | Form AANZ | 11 | 50,339.030 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1283** | **65,230,102.960** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၄-၈-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၈/၇ | ၄/၈ | ပြောင်းလဲမှု | ၂၈/၇ | ၄/၈ | ပြောင်းလဲမှု | ၂၈/၇ | ၄/၈ | ပြောင်းလဲမှု | ၂၈/၇ | ၄/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၁၅၆ | ၁၂၂၅ | ▲ | ၁၂၃၃ | ၁၂၈၃ | ▲ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၁၉၀ | ၁၂၁၅ | ▲ |
| ပဲစင်းငုံ | ၈၈၈ | ၉၇၈ | ▲ | ၈၇၅ | ၉၃၀ | ▲ | ၈၅၀ | ၉၀၅ | ▲ | ၈၆၀ | ၉၀၅ | ▲ |
| ပဲတီစိမ်း | ၁၉၁၅ | ၁၇၁၅ | ▼ | ၂၀၉၈ | ၁၉၅၆ | ▼ | - | ၁၈၉၅ | - | ၁၉၅၀ | ၁၈၇၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၆၅၀ | ■ | ၂၁၈၃ | ၂၂၀၁ | ▲ | ၂၁၈၄ | ၂၁၈၄ | ■ | ၂၀၄၀ | ၂၀၆၅ | ▲ |
| ပဲလွန်းဖြူ | ၁၆၃၀ | ၁၇၀၀ | ▲ | - | - | | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၇၃၅ | ၁၇၃၅ | ▲ | ၂၃၁၁ | ၂၃၁၁ | ■ | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၄-၈-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၈/၇ | ၄/၈ | ပြောင်းလဲမှု | ၂၈/၇ | ၄/၈ | ပြောင်းလဲမှု | ၂၈/၇ | ၄/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၅၃၅ | ၅၆၀ | ▲ | ၅၆၁ | ၆၃၆ | ▲ | ၅၄၆ | ၆၁၂ | ▲ |
| ပဲစင်းငုံ | ၄၂၅ | ၄၅၅ | ▲ | ၄၈၃ | ၅၃၄ | ▲ | ၅၂၂ | ၅၄၂ | ▲ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၆၂၄ | ၇၀၆ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၀၃၀ | ၁၀၃၀ | ■ | ၇၅၆ | ၈၂၀ | ▲ | ၇၆၈ | ၈၃၂ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၂.၇.၁၇)ထိ | ယခုတစ်ပတ် (၂၉.၇.၁၇)ထိ | (၁.၁.၁၇) မှ (၂၉.၇.၁၇) ထိ |
| မတ်ပဲ | ၃၀၈၈၂၀ | ၆၆၂၄ | ၃၁၅၄၄၄ |
| ပဲတီစိမ်း | ၉၇၁၈၅ | ၅၄၇ | ၉၇၇၃၂ |
| ပဲစင်းငုံ | ၁၇၈၂၅၄ | ၂၂၅၁ | ၁၈၀၅၀၅ |
| ကုလားပဲ | ၃၂၈၈၈ | ၃၈၉ | ၃၃၂၇၇ |
| ပဲလွန်းဖြူ | ၁၂၀၄၇ | ၁၇၂ | ၁၂၂၁၉ |
| မြေထောက်ပဲ | ၈၃၅၅ | ၈၇ | ၈၄၄၂ |

## ပြည်ပဝယ်လက်ပဲများထက် ကုလားပဲသီးနှံ ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်အတွင်း ပြည်တွင်းပြည်ပဝယ်လိုအားရှိခဲ့တဲ့ ပဲများအနက် ကုလားပဲနှင့် ပဲကြီးသီးနှံမှာ ဒေသတွင်းသာရောင်းဝယ်မှုဖြစ်ခဲ့ပြီး ဈေးကောင်းရနေတဲ့သီးနှံများဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ကုလားပဲသီးနှံမှာ ခွဲစက်သမားများသာ ဝယ်ယူခဲ့ပြီး တစ်ရက်လျှင် အိတ် ၂၀၀ မှ ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့လို့ ပဲလက်ကျန်များဖြင့် ရောင်းဝယ်ခဲ့ကြတယ်လို့ သိရပါတယ်။ ပဲဝင်ရောက်မှုနည်းသွားပြီဖြစ်သော်လည်း လက်ကျန်ပဲများရှိတာကြောင့် ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၄၁၂၀၀ဖြင့်ပဲကြီးသီးနှံဈေးလောက်မမြင့်ခဲ့သော်လည်း မတ်ပဲ၊ပဲတီစိမ်း၊ပဲစင်းငုံစတဲ့ ပြည်ပဝယ်လိုအားရှိတဲ့ပဲများထက်ပင် ဈေးကောင်းရလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲစင်းငုံဈေးအနိမ့်နဲ့သာ ရက်ခြားရောင်းဝယ်မှုဖြစ်

ဩဂုတ်လဆန်းရက် ပြည်ပဝယ်လိုအားရှိတဲ့ ပဲများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံစသည်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ မတ်ပဲနှင့်ပဲတီစိမ်း သီးနှံများ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ပဲစင်းငုံသီးနှံကတော့ နေ့စဉ် မဖြစ်ဘဲ ရက်ခြားသာအိတ် ၃၀၀ ခန့်စီ ရောင်းချခဲ့ကြရတယ်လို့သိရပါတယ်။ ပဲလက်ကျန်များရှိခဲ့ကြတဲ့အတွက် ရန်ကုန်ဝယ်လက်ဝယ်လိုအားရှိသလောက် ရောင်းချခဲ့ရပြီး ပဲစင်းငုံသီးနှံဈေးမှာ တစ်တင်း ကျပ်၁၈၅၀၀ဖြင့် ကျပ်နှစ်သောင်းအောက်သာလျော့နည်းရရှိခဲ့လို့ပဲဈေးကွက်အတွင်းမှာ ဈေးအနိမ့်ရခဲ့သလို ပြည်ပဝယ်လိုအားရှိတဲ့မတ်ပဲ၊ ပဲတီစိမ်းသီးနှံများထက်လည်း ဈေးနိမ့်နေခဲ့ကြောင်းသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ဩဂုတ်လပထမပတ်ရဲ့ မုံရွာကုန်စည်ဒိုင်ပဲဈေးကွက်တွင် ပဲစင်းငုံဈေးအနည်းငယ်တက်

မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ဩဂုတ်လ ပထမပတ် ပဲမျိုးစုံဈေးကွက်မှာ ကုလားပဲမျိုးစုံ၊ ပဲတီစိမ်းနဲ့မတ်ပဲတို့ ဈေးငြိမ်နေပေမယ့် ပဲစင်းငုံနီကတော့ တဖြည်းဖြည်းချင်းဈေးမာခဲ့ရာ ယခုတစ်ပတ်မှာ တစ်တင်းကျပ် ၁၈၈၀၀အထိ မြင့်ဆုံးဈေးပေါက်ခဲ့ပြီး တစ်ရက်အိတ် ၁၀၀၀-၂၅၀၀ကြား အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ကုလားပဲဈေးကွက်က အမြင့်ဆုံးဈေးမှာ ငြိမ်ခဲ့ကာ $V_2$ တစ်တင်း ကျပ် ၄၁၈၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၃၉၅၀၀နှင့် 929 တစ်တင်းကျပ် ၃၉၈၀၀ဖြင့် ဈေးဆက်လက်မာခဲ့ပြီး ဒေသတွင်းနှင့် လုပ်ငန်းသုံးဝယ်လိုအားရှိတဲ့အတွက် တစ်ရက်လျှင် ကုလားပဲမျိုးစုံအိတ်၁၀၀၀ကျော်အရေ ၁င်း အဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းကြီးဈေးကွက်မှာတော့ ဈေးအနည်းငယ်အေးခဲ့ကာ ပဲတီစိမ်းကြီး တစ်တင်း ကျပ် ၃၃၀၀၀-၃၇၅၀၀ထိ အမြင့်ဆုံးဈေးပေါက်ခဲ့ပြီး တစ်ရက်အိတ် ၆၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။တရုတ်ဝယ်လက်နဲ့ ဒေသတွင်းခွဲစက်သမားတွေဝယ်ယူခဲ့ကြတယ်လို့ ဒိုင်ရပ်ကွက်မှ သိရပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲတစ်တင်းလျှင်ကျပ် ၂၄၅၀၀နဲ့ ဈေးငြိမ်ပြီး တစ်ရက်အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ **လင်းလင်းသန့်**

## မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ယခုတစ်ပတ်မှာဆီထွက်သီးနှံဖြစ်သောမြေပဲဆန်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်လည်းပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ မုံရွာကုန်စည်ဒိုင်သို့ မြေပဲဆန် နေ့စဉ်အိတ် ၁၀၀၀ ကျော် ဝင်ရောက်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၃၅၀နဲ့ အိတ် ၈၀၀၊(လုံးဆန်နီ)ကျပ် ၂၂၅၀နဲ့အိတ်၅၀၀၊ (ဆီဆန်) ကျပ် ၂၀၅၀နဲ့ အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်ကဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်က ဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနဲ့ ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူ လျက်ရှိကြောင်းသိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ )**

## ဩဂုတ်လပထမပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းအခြေအနေများ

ပခုက္ကူ ကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၈၇၀၀ ဖြင့် တင်း ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဖြူ V2 တစ်တင်းလျှင်ကျပ် ၄၁၅၀၀၊ ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၃၈၉၀၀၊ ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၃၉၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်း(သေး)တစ်တင်းလျှင်ကျပ် ၃၃၀၀၀ဖြင့် တင်း၁၀၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူဒေသထွက် စွန်တာနီ တစ်တင်းလျှင် ကျပ် ၂၉၀၀၀ ၊ နှမ်းညိုအသစ်တစ်တင်းလျှင် ၂၈၆၀၀၊ နှမ်းဝါအသစ် တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ၊ နှမ်းနီကျပ် ၂၉၆၀၀ဖြင့် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲဇီးကွက်မှာ ၃၀၄၄၄ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဒေသထွက်ကုန်ဖြစ်သည့်မြေပဲဆီ(ဆုံဆီ)တစ်ပိဿာဈေးနှုန်းမှာလက်ကားဈေးကျပ်၅၂၀၀ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် ထိပ်စကျပ် ၁၅၅၀၊ အလတ်စကျပ်၁၄၀၀၊ အနိမ့်ကျပ် ၁၂၅၀ဈေးဖြင့် တစ်နေ့လျှင် ပိဿာချိန်ကျပ် ၃၀၀၀၀ မှ ၄၀၀၀၀ ကြား နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲတီစိမ်းသစ်များ ဈေးကွက်သို့စဝင်လာပြီ

ဩဂုတ်လဆန်းတွင် ပြည်ပဲမျိုးစုံဈေးကွက်သို့ ပဲတီစိမ်း(မိုး) သီးနှံသစ် စတင်ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ရွှေတောင်၊ ကျီးသဲသာမက ကံမဘက်မှလည်း ဝင်ရောက်ခဲ့တဲ့အတွက် နေ့စဉ် အိတ် ၂၀၀-၃၀၀ ကျော်အထိ ဝင်ရောက်လာခဲ့ပါတယ်။

ပဲတီစိမ်း သီးနှံကို မန္တလေးဝယ်လက်ကအဓိက ထားဝယ်ယူတဲ့အတွက် အဝင်ရှိသလောက် ရောင်းချခဲ့ရပါတယ်။ ပဲဈေးမှာတစ်တင်း ကျပ်၃၆၀၀၀နဲ့ ဈေးဖွင့်ဝယ်ယူခဲ့ကြလို့ ယခင်နှစ်အဖွင့်ဈေးထက် တစ်တင်း ကျပ်တစ်သောင်းခန့်ဈေးပိုရလာခဲ့ပါတယ်။ ယခင်နှစ်က အဖွင့်ဈေးမှာတစ်တင်းကျပ်၂၅၅၀၀သာရရှိခဲ့ပြီး ပဲအဝင်လှိုင်လာချိန်တွင် ထပ်မံဈေးလျော့သွားခဲ့တာကိုလည်း တွေ့ရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ဈေးကွက်တွင် နှမ်းနက်အဝယ် ပြန်လိုက်လာလို့ ဈေးပြန်မြင့်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ မြန်အောင်၊ ကြံခင်းနှင့် နတ်တလင်းမြို့နယ်များမှ တစ်နေ့လျှင် သုံးတင်းဝင် မိုးနှမ်း အိတ် ၄၀၀-၅၀၀ ခန့် ဝင်ရောက်လာပြီး အောင်လံနှင့် မန္တလေးဘက်မှ ဝယ်လက်များက နှမ်းနက်ကို ပြန်လည်ဝယ်ယူနေသဖြင့်နှမ်းနက်ဈေးမှာ ယခင်တစ်ပတ်ထက် ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ နှမ်းနီကို ဆီစက်သမားများက ပုံမှန်ဝယ်ယူမှုရှိသဖြင့် ဈေးငြိမ်နေပြီး စမုံနက်နှမ်းကို ဝယ်ယူမှု နည်းသွားသဖြင့် ယခင်တစ်ပတ်ကထက် ဈေးပြန်ကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ သုံးတင်းဝင် နှမ်းနီ တစ်အိတ်လျှင်ကျပ်၉၃၀၀၀ဖြင့် ဈေးငြိမ်နေပြီး စမုံနက်နှမ်းသုံးတင်း တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ကျပ် ၇၀၀၀ ဈေးကျလာပြီး နှမ်းနက်ရိုးရိုး သုံးတင်းတစ်အိတ်လျှင်ကျပ် ၁၁၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ **ဝေဝေမင်း**

## ပြည်ဈေးကွက်တွင် မိုးမြေပဲဝင်ရောက်လာသော်လည်း အဟောင်းလက်ကျန်များနဲ့သာ အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မိုးမြေပဲအနည်းငယ်သာ ဝင်ရောက်လာသော်လည်း ဝယ်လက်များက မြေပဲဆန်အဟောင်းများကို ဝယ်ယူနေ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသလို ဈေးမှာလည်း ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

ဈေးကွက်တွင် မြေပဲဆန်လက်ကျန်များဖြင့်သာ ရောင်းဝယ်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာလည်း ဆီကြိတ် မြေပဲဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၀၅၀ ၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ရှိပြီး လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၅၀ နှင့် လုံးဆန်(အနီ) တစ်ပိဿာလျှင် ၂၃၂၅ကျပ်ဖြင့်ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေသော်လည်း မြေပဲဆန်အသစ်မှာ အရောင်းအဝယ်မဖြစ်ဘဲ အဟောင်းလက်ကျန်များဖြင့်သာ ရောင်းဝယ်လျက်ရှိပါတယ်။ **ဝေဝေမင်း**

Vol: 17, No.30 Monday August 7 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၃ .၈ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၁) | - GA ZI | ဆန်တန် ၂၀၀၀၀ ကုန်တင်ဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၃ ) | - CAPE FLOWER | အလုပ်မလုပ် |
| စက်မှုဆိပ်ကမ်း (၂) | - X-PRESS YAMUNA | ကုန်သေတ္တာ ၄၀၀ ကုန်တင်ဆဲ<br>ကုန်သေတ္တာ ၂၇၅ ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - MAAN AUNG | သကြား ၇၀၀၀ တန် ကုန်ချ ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - AGIA DOXA | ဆန် ၂၆၂၅၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - LEO STAR -1 | ဆန် ၂၀၅၀၀တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - MARILIA | ဆန် ၂၁၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - TETON | ဆန် ၃၀၀၀၀တန် ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - DYNAMIC OCEAN -27 | သကြား ၆၅၀၀ တန်ကုန်ချဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၂) | - DYNAMIC OCEAN -18 | Deformed Bar<br>၄၅၈၂ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၁) | - SAN GIORGIO | ကုန်သေတ္တာ ၈၀၀ ကုန်ချရန်ရှိ<br>အလုပ်မလုပ် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - LE JIN | Steel Equipment &G/C<br>၂၀၅၃၈ တန် ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - AEGIS FORTUNE | Steel Product & Fertilizar<br>၂၈၀၀၀ ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | - HONG YU | Steel & Urea ၂၉၈၄၅ ကုန်ချရန် |
| PHJ နန်းသီတာဆိပ်ကမ်း | - WEI THU KAMMA | Edible ၅၀၀ တန် ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| AT 27 | ဆန် ၈၀၀၀ တန် ကုန်တင်ရန် | SENEGAL | ၃.၈.၂၀၁၇ |
| GEORGIOS | Coal (In Bulk) ၃၀၉၄၀ တန် ကုန်ချရန် | INDONESIA | ၄.၈.၂၀၁၇ |
| KORALIA | Cement (In Bulk) ၈၀၀၀ တန် ကုန်ချရန် | MALAYSIA | ၄.၈.၂၀၁၇ |
| V,TRE | Coal (In Bulk) ၂၈၀၂၄တန် ကုန်ချရန် | SOUTH AFRICA | ၅.၈.၂၀၁၇ |
| BANG PAKAEW | သကြား ၆၅၀၀ တန် ကုန်ချရန် | THAILAND | ၆.၈.၂၀၁၇ |
| VIKING CHANCE | Units Vehicle (RO/RO) ၁၁၄၈ တန် ကုန်ချရန် | JAPAN | ၇.၈.၂၀၁၇ |
| EASTERN CORXAL | AMMONIUM NITRATE ၃၅၀၀တန် ကုန်ချရန် | CHINA | ၈.၈.၂၀၁၇ |
| KALA PATI | Steel ၃၃၈၁တန် ကုန်ချရန် | JAPAN | ၈.၈.၂၀၁၇ |
| LORD VISHNU | Units Vehicle (RO/RO) ၃၅၀ တန် ကုန်ချရန် | JAPAN | ၈.၈.၂၀၁၇ |
| LUCKY SOURCE | (Fertilizer)2227 (Steel & Equipment) ၇၅၁၉တန်ကုန်ချရန် | CHINA | ၁၁.၈.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA RAJIN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၈.၂၀၁၇ |
| PINYA STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၃.၈.၂၀၁၇ |
| MAERSK AVON | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၄.၈.၂၀၁၇ |
| MERATUS GORONTALO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၈.၂၀၁၇ |
| EVER APEX | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၄.၈.၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၄.၈.၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၈.၂၀၁၇ |
| HUNSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၅.၈.၂၀၁၇ |
| DAWEI | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၅.၈.၂၀၁၇ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၈.၂၀၁၇ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၈.၂၀၁၇ |
| TOVE MAERSK | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၈.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN PRIMIER | ဒီဇယ်ဆီ | (to GREEN ASIA JETTY) | ၂.၈.၂၀၁၇ |
| MT.ASK HOLMEN | MOGAS 92 RON | (to MYATMYITAMON JETTY) | ၃.၈.၂၀၁၇ |
| MT.HE XIE HAO | ဒီဇယ်ဆီ | SINGAPORE | ၄.၈.၂၀၁၇ |
| MT.STORHOLMEN | MOGAS 92 RON | SINGAPORE | ၄.၈.၂၀၁၇ |
| MT.OCEAN HERO | MOGAS 92 RON | SINGAPORE | ၆.၈.၂၀၁၇ |

## ပြည်ပဲမျိုးစုံဈေးကွက် နှစ်အလိုက်ကာလတူအချိန် အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးနှုန်းနှိုင်းယှဉ်မှု အခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း နှစ်စဉ်ဇူလိုင်လအတွင်း အဓိကရောင်းဝယ်မှု ပုံမှန်ဖြစ်တဲ့ ပဲမျိုးစုံသီးနှံများ၏ဈေးနှုန်းများကို လေ့လာရာမှာ ရှေ့နှစ်များကထက် မတ်ပဲ၊ ပဲစင်းငုံသီးနှံများသာ ဈေးလျော့နည်းခဲ့ပြီး ကျန်ပဲများ ဈေးမြင့်တက်လာခဲ့တာကိုတွေ့ရပါတယ်။ မတ်ပဲနှင့်ပဲစင်းငုံသီးနှံများမှာ ၂၀၁၆ ခုနှစ်တွင် ဈေးကောင်းရခဲ့ပြီး ယင်းနှစ်တွင် ပဲသီးနှံအားလုံးလိုလို ဈေးကောင်းခဲ့တာကို အောက်ပါဇယားအတိုင်း လေ့လာတွေ့ရှိရပါတယ်။

မတ်ပဲသီးနှံမှာ ၂၀၁၅ ခုနှစ်တွင် အမြင့်ဆုံးတစ်တင်းကျပ် လေးသောင်းကျော်ထိရရှိလို့ ဈေးကွက်အတွင်းမှာ ဈေးကောင်းရနေခဲ့သလို ၂၀၁၆ခုနှစ်မှာ ပဲဈေးထပ်မံမြင့်တက်ခဲ့တာကြောင့် တစ်တင်းကျပ်ငါးသောင်းကျော်၊ ခြောက်သောင်းနီးပါးအထိ ရရှိခဲ့တဲ့အတွက် ယင်းနှစ်များမှာ မတ်ပဲသီးနှံဟာ ပဲဈေးကွက်အတွင်းမှာ ဈေးအမြင့်ဆုံးနဲ့ မျက်နှာပန်းလှတဲ့သီးနှံဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၇ ခုနှစ်မှာတော့ ပဲဈေးနှုန်းဟာ အကျဖက်ကိုဦးတည်နေတဲ့အတွက် တစ်တင်းကျပ်သုံးသောင်းအောက်ထိလျော့နည်းကျဆင်းလို့ ပြည်တွင်းဝယ်လက်ပဲများထက်ပင် ဈေးအေးခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် မတ်ပဲသီးနှံဟာ နှစ်အလိုက် သုံးနှစ်ဆက်တိုက် ဇူလိုင်လအတွင်းဖြစ်ပေါ်ခဲ့သောဈေးနှုန်းများအရ ၂၀၁၇ ခုနှစ်ဟာ ဈေး အနိမ့်ဆုံးဖြစ်နေခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံမှာ ၂၀၁၅ ခုနှစ်တွင်သာ ပဲထွက်ရှိချိန်စောလို့ ဈေးကွက်အတွင်း ဇူလိုင်လမှာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ပဲအထွက်နောက်ကျတာကြောင့် ဈေးကွက်အတွင်းမှာ ဝင်ရောက်မှုမရှိသေးလို့ ရောင်းဝယ် မှုမဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲတီစိမ်းသီးနှံဟာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများကဲ့သို့ ဈေးအတက်၊ အကျမမြန်ဘဲ နှစ်စဉ်လိုလို ဈေးကောင်းခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်တွင် တစ်တင်း ကျပ် ၄၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း မတ်ပဲသီးနှံကဲ့သို့ပင် ၂၀၁၆ခုနှစ်တွင်သာဈေးအမြင့်ဆုံးရခဲ့ပြီး ၂၀၁၇ခုနှစ်တွင် ကျပ်နှစ်သောင်းအောက် လျော့နည်းခဲ့လို့ ပဲဈေးကွက်အတွင်းမှာ ဈေးအနိမ့်ဆုံးဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်မှာ မတ်ပဲနှင့်အပြိုင်ဈေးကောင်း ခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ မတ်ပဲဈေးထက်ကျပ်တစ်သောင်းအောက် ကျဆင်းခဲ့သော်လည်း ဈေးကောင်းရခဲ့တဲ့ပဲထဲမှာ ပါဝင်နေ ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ အိန္ဒိယဝယ်လိုအားရှိတဲ့ပဲအားလုံး ဈေးအေးခဲ့တာကြောင့် မတ်ပဲရောပဲစင်းငုံပါ ပြည်တွင်းဝယ်လက်ပဲများထက် ဈေးလျော့နည်းကျဆင်းခဲ့ကြောင်း တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာ ၂၀၁၅ ခုနှစ်တွင် ဈေးအေးခဲ့ပေမယ့် ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်များမှာတော့ ပဲဈေးနှုန်းများ သိသိသာသာ မြင့်တက်ခဲ့လို့ ကျပ်လေးသောင်းအထက်ရလျက်ရှိကာ ၂၀၁၇ခုနှစ်တွင် မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်ဈေးကောင်းရလာခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်မှာကျပ်သုံးသောင်းအောက်ရရှိခဲ့ပြီး ပြည်ပဝယ်လက်ပဲများထက် ဈေးလျော့နည်းရရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ်မှစ၍ ပဲဈေးတရိပ်ရိပ်မြင့်တက်လာခဲ့ကာ ယခုနှစ်အထိ ဈေးကောင်း လျက်ရှိကြောင်း သိရပါတယ်။ ဝယ်လက်ကတော့ ဒေသတွင်းခွဲစက်သမားများအဓိကထားဝယ်ယူမှုရှိကြတဲ့ ပဲသီးနှံဖြစ်ကြောင်း သိရပါတယ်။

ပဲကြီးသီးနှံများအနေဖြင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် ကျပ်သုံးသောင်းအောက်ဈေးရခဲ့လို့ အခြားပဲများနဲ့နှိုင်းယှဉ်ပါက ဈေးအေးခဲ့ပေမယ့် ၂၀၁၇ ခုနှစ်မှာတော့ ပဲဈေးကွက်အတွင်း တစ်တင်းလျှင်ကျပ်ငါးသောင်းနီးပါးအထိရခဲ့ကာ ရွှေကျွန်းတစ်တင်းကျပ် ၄၉၀၀၀၊ ကမ်းနားတစ်တင်းကျပ် ၄၅၀၀၀ ဖြင့်ယခင်နှစ်များကထက်လည်း ဈေးကောင်းပိုရလာခဲ့ပါတယ်။ ပဲကြီးသီးနှံဟာ ဒေသတွင်းပဲကြော်ဖိုလုပ်ငန်းသမားများဖြင့် တစ်နှစ်ပတ်လုံးအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။

ပဲပုပ်သီးနှံမှာအခြားပဲသီးနှံများကဲ့သို့ ဈေးကောင်းရတဲ့ပဲအမျိုးအစားမှာ မပါဝင်သော်လည်း တစ်နှစ်ထက်တစ်နှစ်တော့ ဈေးပိုရလာခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်မှာ တစ်တင်းကျပ် ၁၆၅၀၀၊ ၂၀၁၆ ခုနှစ်မှာ တစ်တင်းကျပ် ၂၂၅၀၀ နှင့် ၂၀၁၇ ခုနှစ်မှာ တစ်တင်းကျပ် ၂၇၅၀၀ နဲ့ ဈေးထပ်ပိုရလာခဲ့ကာ ပဲစင်းငုံသီးနှံထက်ပင် ဈေးကောင်းရခဲ့တာကိုလည်း တွေ့ရပါတယ်။ ပဲပုပ်သီးနှံဟာ အခြားပဲများ ဈေးကောင်းရချိန်မှာ ဈေးအေးခဲ့ပေမယ့် ယခုနှစ်အတွင်းမှာတော့ ဈေးလျော့နည်းသွားခြင်းမရှိဘဲ ယခင်နှစ်တွေကထက်ပင် ဈေးပိုကောင်းခဲ့ကြောင်းသိရပါတယ်။

ဒါကြောင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ခုနှစ်အတွင်း ပဲမျိုးစုံသီးနှံများရဲ့ နှိုင်းယှဉ်မှုအရ ၂၀၁၅ ခုနှစ်တွင် မတ်ပဲသီးနှံဈေးအမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင်လည်း မတ်ပဲသီးနှံကပင်ဆက်လက်၍ ဈေးအမြင့်ဆုံးဖြစ်ခဲ့ကာ ၂၀၁၇ ခုနှစ်မှာတော့ မတ်ပဲသီးနှံဈေးလျော့နည်းပြီး ဈေးအေးခဲ့တဲ့အတွက် ပဲကြီးသီးနှံက ဈေးအမြင့်ဆုံး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

| ပဲအမျိုးအစား | ၂၀၁၅ ဇူလိုင်လ | | ၂၀၁၆ ဇူလိုင်လ | | ၂၀၁၇ ဇူလိုင်လ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၃၉၇၀၀ | ၄၃၂၀၀ | ၅၁၅၀၀ | ၅၇၀၀၀ | ၂၃၄၀၀ | ၂၉၀၀၀ |
| ပဲတီစိမ်း | ၃၆၀၀၀ | ၄၀၀၀၀ | - | - | - | - |
| ပဲစင်းငုံ | ၃၇၅၀၀ | ၄၃၀၀၀ | ၄၂၅၀၀ | ၄၈၄၀၀ | ၁၇၇၀၀ | ၁၉၅၀၀ |
| ကုလားပဲ | ၂၄၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၄၃၀၀၀ | ၄၁၀၀၀ | ၃၈၈၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၆၅၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၈၅၀၀ | ၄၉၀၀၀ | ၄၈၀၀၀ |
| ပဲကြီး(ကမ်းနား) | ၁၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၂၅၅၀၀ | ၄၃၀၀၀ | ၄၅၀၀၀ |
| ပဲပုပ် | ၁၆၅၀၀ | ၁၆၈၀၀ | ၂၁၀၀၀ | ၂၂၅၀၀ | ၂၆၅၀၀ | ၂၇၅၀၀ |

## မုံရွာဆီထွက်သီးနှံဈေးကွက်မှာ နှမ်းနက်တစ်မျိုးသာဈေးမာ

မုံရွာကုန်စည်ဒိုင်ဈေးကွက်ရဲ့ ဩဂုတ်လပထမပတ် ဆီထွက်သီးနှံဈေးကွက်မှာ တရုတ်ဝယ်လိုအားရှိတဲ့ နှမ်းနက်တစ်မျိုး သာဈေးမာခဲ့သလို အရောင်းအဝယ်လည်းသွက်ခဲ့ကာ ဈေးအနည်းငယ်တက်လာတာကို တွေ့ရှိရပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူတစ်တင်းလျှင်ကျပ် ၃၄၀၀၀ အတွင်းရှိခဲ့ပြီး တစ်ရက်အိတ် ၁၀၀-၂၀၀ခန့်၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၂၉၀၀၀ ဖြင့် တစ်ရက် အိတ်၅၀၀ခန့်နှင့် တရုတ်ဝယ်လိုအားရှိတဲ့ နှမ်းနက်ကတော့ တစ်တင်းကျပ် ၃၈၀၀၀ခန့် နဲ့ ဈေးမာခဲ့သလို တစ်ရက်အိတ် ၅၀၀ အထိ အရောင်းအဝယ်သွက်ခဲ့တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးကွက်မှာ ဈေးဆက်လက်အေးခဲ့ရာ မြေပဲဆန်နီ တစ်ပိဿာ ကျပ် ၂၂၅၀ မှ ကျပ် ၂၂၀၀၊ လုံးဆန်ဖြူတစ်ပိဿာကျပ် ၂၃၅၀ မှ ကျပ် ၂၂၅၀၊ ဆီဆန်တစ်ပိဿာ ကျပ် ၂၀၀၀ မှ ကျပ် ၂၀၅၀ ဖြင့် မြေပဲဆန်မျိုးစုံ တစ်ရက်အိတ် ၅၀၀-၈၀၀ ကြား အရောင်းအဝယ်ဖြစ် ခဲ့ကြောင်း သိရှိရပါတယ်။နှမ်းမျိုးစုံနှင့်မြေပဲဆန်ဈေးမှာ ဈေးအတက်အကျရှိပေမယ့် စားသုံးဆီဈေးကွက်မှာတော့ ပဲဆီတစ်ပိဿာလျှင်ကျပ် ၄၀၀၀-၃၇၀၀၊ နှမ်းဆီတစ်ပိဿာလျှင်၃၆၀၀ နှင့်စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၁၈၆၀- ၁၈၄၀ကျပ်ဖြင့် အသီးသီးဈေးငြိမ်လျက်ရှိတယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်မှသိရှိရပါသည်။

**လင်းလင်းသန့်**

## ကြက်သွန်

### ပြည်ဈေးကွက်အတွင်း ကြက်သွန်နီသီးနံ့ဈေးနှုန်းများ ပိုမိုမြင့်တက်လာသဖြင့် ဝယ်လိုအား သိသိသာသာလျော့နည်း

ပြည် ကြက်သွန်နီဈေးကွက်တွင် ယခုတစ်ပတ်အတွင်း လက်လီရော လက်ကားပါဈေးဆက်လက်မြင့်တက်လျက်ရှိပါတယ်။ ယခုလိုဈေးနှုန်းများ မြင့်တက်နေတဲ့အတွက် ဈေးကွက်အတွင်း ဝယ်လိုအားသိသိသာသာ နည်းသွားကြောင်းဈေးကွက်မှ သိရပါတယ်။ ကြက်သွန်နီ အဓိကစိုက်ပျိုးရာ မကွေးတိုင်းအတွင်းရှိ ကြက်သွန်နီကုန်စည်ဒိုင်များသို့ တာချီ လိတ်၊ မြဝတီဘက်များမှ ဝယ်လက်များ ကိုယ်တိုင်ကွင်းဆင်းကာ ဈေးကောင်းပေးဝယ်ယူမှုများကြောင့် ပြည်တွင်းလက်ကျန်နည်းကာ ဈေးနှုန်း များ မြင့်တက်ရခြင်းဖြစ်ကြောင်း၊ ပြည်ပွဲရုံ လုပ်ငန်းရှင်များရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။ ဈေးနှုန်းလည်းမြင့်တက်သလို ပြည်တွင်းလက်ကျန်လည်း နည်းနေသဖြင့် ပြည်ဈေးကွက်အတွင်းသို့ နေ့စဉ် ပိဿာ ၃၀ ဝင်အိတ် ၂၀၀ မှ ၃၀၀ အထိရှိပြီး သိသာစွာ အဝင်နည်းသွားတာ တွေ့ရပါတယ်။ အဝင်နည်းသလို အရောင်းအဝယ်မှာလည်း ဈေးနှုန်းမြင့်တက်လာသည့်အတွက် စားသုံးသူများအနေဖြင့် ခြိုးခြံသုံးစွဲနေပြီး ဝယ်ယူသုံးစွဲမှု နည်းသွားတဲ့အတွက် အရောင်းအဝယ်မှာ ပုံမှန်ထက်သိသိသာသာနည်းသွားကြောင်းသိရပါတယ်။ပုံမှန်ဝယ်လက်များဖြစ်တဲ့ဝယ်ရောင်းသမား၊အိတ်ဆွဲသမားများနှင့် ဧရာဝတီ၊ ရခိုင်ဘက်မှ ရောင်းချသူများကလည်းမှာယူမှုနည်းသွားကြောင်း တွေ့ရပါတယ်။ ဈေးနှုန်းများအနေဖြင့် ပွဲရုံလက်ကား တစ်ပိဿာလျှင် (ဟိုတယ်စ)ကျပ် ၁၈၀၀၊ (ထူးတစ်လုံး) ကျပ် ၁၇၀၀၊ ရှယ်ကျပ် ၁၆၀၀၊ (RC) ၁၅၀၀ တို့ရှိပြီး လက်လီဈေး အသေးများတွင် (ကြီး/လတ်) ၁၈၀၀-၂၀၀၀ ကျပ်၊ (သေး)ကျပ် ၁၆၀၀-၁၇၀၀ ကျပ်တို့နှင့် အသီးသီး ရောင်းဝယ်လျက်ရှိနေတာ တွေ့ရပါတယ်။ ပြည်ဈေးကွက်အတွင်း အချို့စားသုံးသူများ၏ တောင်းဆိုချက်အရ မန္တလေးဘက်မှ ဝင်ရောက်လျက်ရှိတဲ့ တရုတ်ကြက်သွန်နီများကိုလည်း မှာယူရောင်းချလျက်ရှိပြီး တစ်ပိဿာလျှင် လက်ကားကျပ် ၈၀၀-၉၀၀ ၊ လက်လီကျပ် ၁၁၀၀-၁၂၀၀ တို့နှင့် ရောင်းဝယ်မှုရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

### မုံရွာကြက်သွန်နီဈေးကွက်မှာ ဈေးအမြင့်အတိုင်း ဈေးငြိမ်နေပြီး အရောင်းအဝယ်ပုံမှန်သာရှိ

မုံရွာ (ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီဈေးကွက်မှာ ယခင်တစ်ပတ်ပေါက်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပွဲရုံသို့ ကြက်သွန်နီပိဿာတစ်သောင်းခန့် နေ့စဉ်အဝင်ရှိပြီး မုံရွာပွဲရုံများမှရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိပြီး ပုံမှန်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ်ပွဲရုံများမှာကြက်သွန်နီတစ်ပိဿာလက်ကားပေါက်ဈေးနှုန်းမှာ (ကြီး)ကျပ်၁၆၀၀၊ (လတ်) ကျပ် ၁၅၀၀၊ (သေး) ၁၄၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၈၀၀၊ (လတ်) ကျပ် ၁၆၀၀၊ (သေး) ကျပ် ၁၅၀၀နှုန်းနဲ့ရောင်းဝယ်လျှက်ရှိပါတယ်။ ယခင်တစ်ပတ်က လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ်၁၆၀၀၊ (လတ်) ကျပ် ၁၅၀၀၊ (သေး) ၁၄၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၈၀၀၊ (လတ်) ကျပ် ၁၆၀၀၊ (သေး) ကျပ်၁၅၀၀ နှုန်းပေါက်လို့ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိကြောင်း တွေ့ရပါတယ်။

မုံရွာကြက်သွန်ဖြူဈေးကွက်ကတော့ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ပွဲရုံသို့ကြက်သွန်ဖြူများ ပိဿာ ၁၀၀၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းအနည်းငယ်သာ အတက်/အကျရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာရဲ့ ပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၃၅၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်) ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ချင်း

### ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ယခုတစ်ပတ်မှာ ချင်းလျော့နည်းတင်ပို့

ဇူလိုင်လ ၂၂ရက်မှ ၂၈ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃၉၇၅၆ တန်ဖိုးရှိ ချင်းစို ၁၀၁ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ စစ်တွေမှ ၃၃ တန်နဲ့ မောင်တောမှ ၆၈ တန်ကျော်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က စစ်တွေမှ ၄၇ တန်နဲ့ မောင်တောမှ တန် ၁၁၀ ကျော်၊ စုစုပေါင်း ၁၅၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၆ တန်ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဇူလိုင်လအတွင်း စစ်တွေမှ ချင်းစိုတန် ၁၅၀ ကျော်နဲ့ မောင်တောမှ တန် ၄၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ ခဲ့တယ်လို့ စခန်းရဲ့ စာရင်းများအရ သိရပါတယ်။ စစ်တွေမှာ ယခင်တစ်ပတ်က ချင်းစိုတစ်တန်ကို ကျပ် ၁၀၃၅၁၂၀ ဈေးရှိရာမှ ယခုတစ်ပတ်တွင် ကျပ်၁၀၃၆၈၈၀သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ပါတယ်။

**မော်မော်အောင်**

### လမ်းပန်းဆက်သွယ်ရေးခက်ခဲနေလို့ ရှမ်းချင်းကို ပြည်တွင်းဝယ်လက်များကသာဝယ်ယူ

ရှမ်းချင်းကတော့ အရောင်းအဝယ်ဖြစ်နေတယ်လို့ဆိုရုံပါပဲ။ အောင်ပန်း ဈေးကွက်မှာတော့ ဥမတွေကို ထိုးချင်းအတွက်ဝယ်ယူနေပြီး၊ ပြည်တွင်းဝယ်လက်တွေသာ အဝယ်ရှိနေပါတယ်။ မိုးရာသီဖြစ်တာကြောင့် လမ်းပန်းဆက်သွယ်ရေး အနည်းငယ် အခက်အခဲရှိနေတာကြောင့် ဝယ်လက်တွေက ဝယ်ယူဖို့ အမှာစာပို့ထားပြီး၊ ကားတစ်စီးစာရမှ သယ်ယူကြပါတယ်။ စစ်တွေ၊ တောင်ကုတ် ဝယ်လက်တွေကလည်း ဒီအတိုင်းပဲ သယ်ယူနေတယ်လို့သိရပါတယ်။ အလုံးအရင်းအလိုက် မရောင်းရပေမယ့် နည်းနည်းချင်းစီတော့ ရောင်းနေရတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ချင်းအဝင်ကလည်းနည်းနေပါပြီ။ ငါးရက်တစ်ဈေးမှာ ပိဿာချိန် ရာဂဏန်းခန့်သာ အဝင်ရှိတော့တယ်လို့လည်း ချင်းပွဲရုံတွေထံမှသိရပါတယ်။ ချင်းခြောက်ကတော့တာရှည်ခံထားလို့ရတဲ့ပစ္စည်းဖြစ်လို့အရောင်းအဝယ်မကောင်းရင်လည်း ဒီအတိုင်းပဲသိုလှောင်ထားရတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်ချင်းတစ်ပိဿာပေါက်ဈေးက (ဥမ)ဆိုရင် အနိမ့်ဆုံးကျပ် ၂၀၀မှ အမြင့်ဆုံး ကျပ် ၅၀၀ ဈေးရှိပြီး ချင်းခြောက်ကတော့ ကျပ် ၁၃၀၀ ဈေးရှိ ကြောင်းသိရပါတယ်။

ဟိုပုံးချင်းကတော့ ဒီတစ်ပတ်မှာလည်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ဖို့အတွက် စစ်တွေဝယ်လက်တွေက အဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်း ချင်း(ဥမ) ပိဿာချိန် တစ်သိန်းခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။ တစ်ပိဿာပေါက်ဈေးကတော့ ကျပ် ၃၀၀ မှ ၃၁၀ ဈေး ရှိပါတယ်။ ချင်းခြောက်ကတော့ အဝင်မရှိတော့သလို လက်ကျန်လည်း နည်းနေပါတယ်။ ချင်းခြောက်တစ်ပိဿာပေါက်ဈေးကကျပ် ၁၁၀၀ ရှိကြောင်း သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ပင်လယ်ရေကြောင်းလမ်းမှ ချင်းတန်ချိန် ၄၀၀ ကျော်တင်ပို့

ဇူလိုင်လ ၂၃ ရက်မှ ၂၉ရက်အထိ သီတင်းပတ်အတွင်း ချင်း ၄၂၄ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၄၀၀ နဲ့ သီရိလင်္ကာနိုင်ငံသို့ ၂၄ ဒသမ ၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်း ၃၄၇ တန်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန်၇၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၀၈၁၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

### ရှမ်းနနွင်း အရောင်းအဝယ် ပုံမှန်သာရှိနေ

ဟိုပုံးနနွင်းတွေကတော့ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်နေပါတယ်။ မူဆယ်ဝယ်လက်တွေက ဝယ်လိုက်၊ စစ်တွေဝယ်လက်တွေက ဝယ်ယူလိုက်နဲ့ ရှိနေတာကြောင့် အရောင်းအဝယ်က ပုံမှန်ဖြစ်နေတယ်လို့ ဆိုပါတယ်။ ဟိုပုံး နနွင်းက ရောင်းတန်းဝင်တဲ့ ပစ္စည်းဖြစ်တာကြောင့် ဝယ်လက်တွေကလည်း စိတ်ကြိုက်တွေ့ပါတယ်။ ဆင်တောင်နနွင်းက အရည်အသွေးကောင်းသလို ဈေးကလည်း ကောင်းတာကြောင့် ဝယ်လက်တွေက ဈေးကိုစဉ်းစားပြီးဝယ်ယူကြတယ်လို့လည်း ဈေးကွက်မှသိရပါတယ်။ အဲဒါကြောင့် ပင်းတယမြို့နယ်က ထွက်တဲ့ တောင်ပို့လစနဲ့ ဟိုပုံးမြို့နယ်က ထွက်တဲ့ ဟိုပုံးစကို အရည်အသွေးရော ဈေးပါသင့်လို့ ဝယ်လက်တွေက ဝယ်ယူမှုများတယ်လို့ဆိုပါတယ်။

ဟိုပုံးနနွင်းကို ယခင်တစ်ပတ်က ဝယ်လက်အစုံက ဝယ်ယူခဲ့ပါတယ်။ တရုတ်ကိုတင်ပို့ဖို့အတွက် မူဆယ် ဝယ်လက်တွေနဲ့ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်ကို တင်ပို့ဖို့အတွက် တောင်ကုတ်နဲ့ စစ်တွေဝယ်လက်တွေက ဝယ်ယူသွားတာကြောင့် တစ်ပတ်အတွင်းမှာ ပိဿာချိန် ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။

ဒီတစ်ပတ်အတွင်း ရှမ်းနနွင်းဈေးတွေကတော့ ဟိုပုံးနနွင်းက အရည်အသွေးအလိုက် တစ်ပိဿာကို ကျပ် ၉၀၀ - ၁၀၀၀ မှ ၁၉၀၀အထိ ဈေးရှိပြီး အောင်ပန်းနနွင်းက တစ်ပိဿာကိုအနိမ့်ဆုံးကျပ် ၉၀၀ မှ အမြင့်ဆုံးကျပ် ၂၅၀၀ ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

## မန်ကျည်း

### ပင်လယ်ရေကြောင်းမှ မန်ကျည်း ပြန်လည်တင်ပို့

ဇူလိုင်လ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၂၂၄တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံသို့ တန် ၅၀၊ ပါကစ္စတန်နိုင်ငံသို့ တန် ၅၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၀၀နဲ့ ဗီယက်နမ်နိုင်ငံသို့ ၂၄ တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။

ယခင် သီတင်းပတ်က တင်ပို့မှုပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည် တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၉၇၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇူလိုင်လအတွင်း မန်ကျည်း တန်ချိန် ၄၄၀တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၃၀၉၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ကြက်သွန်ဖြူ ဆက်တိုက်ဝင်ရောက်နေသဖြင့် ကြက်သွန်ဖြူဈေးနှုန်းများ ငြိမ်သက်

ပြည်(ပွဲရုံ)သို့ ရှမ်းနှင့် တရုတ်လိုင်းမှ ကြက်သွန်ဖြူအိတ်တွေ ဆက်တိုက်ဝင်ရောက်နေတာ တွေ့ရပါတယ်။ ပွဲစားများပွဲရုံများမှ ဝင်ရောက်လာသော အိတ်တွေကို လှောင်စအဖြစ် အဆွဲသန်နေတာလည်းသိရပါတယ်။ လက်ကားအိတ်ဆွဲသမားများကလည်း တက်ရိပ်ဖြစ်နေတဲ့ ကြက်သွန်ဖြူတွေကို ပိုမိုဝယ်ယူထားတာကြောင့် အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခင်တစ်ပတ်က ဈေးအနည်းငယ်တက်လာတဲ့ ကြက်သွန်ဖြူဈေးဟာ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ပြန်ကျပြီး ငြိမ်လျက်ရှိနေပါတယ်။ ယခုတစ်ပတ်ပွဲရုံဈေး တစ်ပိဿာလျှင်(ရှမ်းစ) ကျပ် ၃၄၀၀၊ ကျပ် ၃၆၀၀ ဈေးတို့ဖြစ်ပြီး၊(ကြူကုတ်) ကတော့ ကျပ် ၂၂၀၀ ဖြင့် ဈေးငြိမ်လျက် အရောင်းအဝယ်ဖြစ်နေပါတယ်။

ဒေသတွင်းဈေးများမှာတော့ လက်လီဈေး မချဘဲ၊ တစ်ပိဿာ ဈေးနှုန်းတွေကတော့ (ရှမ်းစ) ကျပ် ၄၀၀၀ ၊ (ကြူကုတ်) ကျပ် ၂၆၀၀ တို့နဲ့ ရောင်းချလျက်ရှိနေပါတယ်။ ဒေသတွင်းဈေးများနဲ့အရောင်းအဝယ်ပြုလုပ်သူများက ဝယ်ယူနေတာကြောင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။

**နီနီဝင်း**

# ၂၀၁၇ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်အကြောင်း တစေ့တစောင်း

၂၀၁၇ မြန်မာ့ ရင်းနှီးမြှုပ်နှံမှုဖိုရမ် လုပ်မယ်ဆိုတဲ့ သတင်းကြားတော့ ဘာကြောင့်ရယ်မသိ စိတ်ဝင်စားမိတယ်။ ခါတိုင်းတော့ တခြားရင်းနှီးမြှုပ်နှံမှု ဖိုရမ်တွေ အကြောင်းကြားရင် သိပ်ပြီး စိတ်မလှုပ်ရှားပါဘူး။ အဓိက ကတော့ စရိတ်မတတ်နိုင်တာပါ။ ဒီတစ်ခါတော့ ရောက်မယ်ဆိုတာ သိပ်မသေချာတဲ့ကြားထဲက တပည့်တွေ၊ မိတ်ဆွေတွေ ဝိုင်းဝန်း စီစဉ်ကြတာနဲ့ ဖိုရမ် ကျင်းပရာ နေပြည်တော်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်။ ရန်ကုန်ကနေလာတဲ့ လေယာဉ်မှာကိုက တရုတ်လုပ်ငန်းရှင်တွေအပြည့်၊ သူတို့အများစုက နေပြည်တော်အကြောင်း၊ မြန်မာအကြောင်း သိပ်သိကြပုံမရဘူးလို့ ဖိုရမ်မှာမေးတဲ့ မေးခွန်းတွေအရ သုံးသပ် မိတယ်။ တစ်ဆက်တည်းပြောရရင် စီးပွားရေး အဆောက်အအုံအကြောင်း၊ စီးပွားရေးလုပ်ငန်းတွေအကြောင်း စိတ်ဝင်တစားရှိပြီး အမြဲတမ်းလေ့လာနေတဲ့ သူမျိုးတောင်မှ တကယ်မသိတာတွေ၊ မျက်ခြည်ပြတ်တာတွေ အများကြီး တွေ့နေရတာကိုး။ ဥပမာ- မြန်မာ့ ရင်းနှီးမြှုပ်နှံမှု နောက်ဆုံး အခြေအနေဆိုရင် ကိုယ်မသိတာတွေ အများကြီး ပါဝင်သလို၊ မြန်မာနိုင်ငံမှာ လူတွေစိတ်အဝင်စားဆုံးဖြစ်တဲ့ လျှပ်စစ်စွမ်းအင်ကဏ္ဍဆို ကိန်းဂဏန်းတွေ၊ အချက်အလက်တွေ အများကြီးမို့ လိုက်လို့တောင်မမီဘူး။ ဒီနေရာမှာ တစ်ခုပြောစရာရှိတာက ဆွေးနွေးတင်ပြမှုတွေဟာ မြန်မာဘာသာနဲ့ပဲပြောပြော၊ အခြားဘာသာ စကားနဲ့ပဲပြောပြော ကျစ်ကျစ်လျစ်လျစ်ရှိစေချင်တာပါ။ မြန်မာ-အင်္ဂလိပ်ညှပ်ပြောတာမျိုးက သိပ်အဆင်မပြေလှဘူး။ ကိန်းဂဏန်းတွေ တလှေကြီး ပေးနေတာမျိုးကလည်း သုတေသီအချို့အတွက် စိတ်ဝင်စားစရာဖြစ်ပေမယ့် ငါးသိုင်းများတော့ ဟင်းဟုန်ဆိုသလို အဆုံးမှာဘာတွေဖြစ်နေမှန်း မသိရတော့ပါ။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှာ စိတ်ဝင်စားစရာ ကိစ္စတစ်ခုက ခါတိုင်းဆို ရင်းနှီးမြှုပ်နှံမှုကိစ္စတွေကို ပုဂ္ဂလိကကဏ္ဍက ဆောင်ရွက်ရာမှာ အဓိကအားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဆောင်ရွက်လေ့ ရှိတယ်လို့ နားလည်ထားတယ်။ အခုမြန်မာ့ရင်းနှီးမြှုပ်နှံသူ ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ကျင်းပတယ်ဆိုတော့ ကိုယ်တစ်ခါမှ မကြားဘူးသေးတဲ့ အသင်းဖြစ်နေပေမယ့် ပါဝင်တဲ့ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ ကြည့်လိုက်တော့လည်း ကိုယ်သိထားတာတွေ ဖြစ်နေတယ်။ ဒီအသင်းက ပြည်တွင်းနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို ချိတ်ဆက်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်လည်းရှိပြီး လုပ်ဆောင်တယ်ဆိုတော့ ဝမ်းသာသလို၊ အောင်မြင်ပါစေလို့လည်း ဆုတောင်းပါတယ်။




| ခင်မောင်ညို (ဘောဂဗေဒ) |

အခုဖိုရမ်ကိုလာကြတဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ ဘရူနိုင်းက ရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့ မြန်မာနိုင်ငံရဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေအကြောင်း သေသေချာချာ သိချင်ကြ၊ မေးမြန်းကြတာ တွေ့ရတယ်။ မြေကိစ္စကို အတော်လေး စိတ်ဝင်စားကြတယ်။ ရှင်းလင်းတဲ့ စီးပွားရေး မူဝါဒနဲ့ ဦးစားပေး အစီအစဉ်တွေကို သိချင်ကြတယ်။ တလောက ငြိမ်းချမ်းရေးညီလာခံမှာ မြန်မာအစိုးရရဲ့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ပေါ်လစီတွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက သိပ်မသိကြ သေးပါလားလို့ မှတ်ချက်ချခဲ့ မိတယ်။ အခုလည်း အဲဒီလိုပဲ။ နိုင်ငံတကာ အထူးသဖြင့် အာရှနိုင်ငံတွေကတောင် သိပ်ပြီးသိကြသေးပုံမရဘူးလို့ မှတ်ချက်ချမိတယ်။ ဒါကြောင့်လည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နဲ့ သူ့ရဲ့ရုံးအဖွဲ့ဟာ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထိန်းချုပ်တဲ့ အဖွဲ့အစည်းဘဝကနေ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အဖွဲ့အစည်းအဖြစ်ပါ ပြောင်းလဲလာရတာဖြစ်ပုံရပါတယ်။ အခုဖိုရမ်နဲ့ အရင်လုပ်ခဲ့တဲ့ဖိုရမ်တွေ ဘာကွာသလဲမေးကြည့်တော့ အရင်ဖိုရမ်တွေမှာ မြန်မာတွေ သိပ်မတက်ဘူး။ အခု ဖိုရမ်မှာ မြန်မာ လုပ်ငန်းရှင်တွေ များတယ်လို့ ဆိုတယ်။ မူလက လူနည်းနည်းအတွက် ပြင်ဆင်ထားပေမယ့် အနားနီးမှ တဖြည်းဖြည်း တိုးလာလိုက်တာ ထောင်ဂဏန်းနီးပါးဖြစ်သွားတယ်လို့ ဆိုပါတယ်။

ဒီတော့လည်း စီစဉ်သူတွေ ပျာယာခတ်သွားပေမယ့် နောက်ဆုံးတော့ အဆင်ပြေသွားပါတယ်။ ဒီဖိုရမ်မှာ စိတ်ဝင်စားစရာ ကောင်းတာက ၂၀၁၇ ခုနှစ်မှာ မြန်မာ့စီးပွားရေး ဦးမော့လာမလားဆိုတဲ့ကိစ္စပါ။ တာဝန်ရှိသူတစ်ဦးရဲ့ မှန်းဆယုံကြည်ချက်ဟာ ချက်ချင်း လူမှုကွန်ရက်ပေါ် တက်သွားတဲ့အခါ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးစရာဖြစ်သွားတယ်။ မြန်မာ့စီးပွားရေး တိုးတက်မှာကိုလိုလားတဲ့သူတွေချည်း ဖြစ်ပေမယ့် တကယ်တက်မတက်ဆိုတာကို သံသယရှိကြသလို တက်အောင်လုပ်ဖို့ ဘယ်လိုနည်းလမ်းတွေ ရှိနေသလဲဆိုတာကို မေးခွန်းထုတ်ကြပါတယ်။ ဒီကိစ္စဟာ ကိုယ့်ဆီလည်း ရောက်လာတာဖြစ်လို့ ဘာမှ မပြောင်းလဲဘူးဆိုတဲ့ ပုံသေအမြင်နဲ့ ကြည့်ရင်တော့ မတက်ဘူးလို့တွက်ဆနိုင်တယ်။ ဒါပေမယ့် ဘယ်လိုဝှက်ဖဲတွေ ရှိနေတယ်မသိ။ ပြီးတော့ ဒီနေ့ ပြောင်းလဲမယ် မထင်တဲ့အရာတွေဟာ နေ့ချင်း ညချင်း ပြောင်းလဲသွားနိုင်တာမျိုးတွေဖြစ်လို့ မတက်ဘူးလို့ဆိုပြီး လုံးဝငြင်းပယ်ပစ်လို့လည်း မရနိုင်တဲ့အကြောင်း ပြန်လည် ဆွေးနွေးဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာ မကြာခဏကြားရတာက (အထူးသဖြင့် နိုင်ငံခြားသားများထံက) မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံစရာ နယ်ပယ်တွေ အများကြီး ရှိတယ် ဆိုပေမယ့် ဘယ်နယ်ပယ်၊ ဘယ်နေရာကို ဦးစားပေးသလဲဆိုတာ မရှင်းလင်းဘူးလို့ ဆိုပါ တယ်။

ဧည့်သည်များက ဆိပ်ကမ်းတွေ၊ ရထားလမ်းတွေလို နယ်ပယ်တွေကိုလည်း စိတ်ဝင်စားကြတာ တွေ့ရတယ်။ ခက်တာက သူတို့ဟာ မြန်မာ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်နဲ့ တိုးတက်ဖြစ်ထွန်းမှုတွေကို သတင်းအချက်အလက် မရရှိကြဘဲ၊ ဘယ်မှာရှာရမှန်း၊ မေးရမှန်းမသိကြတာ တွေ့ရတယ်။ မြေယာရရှိနိုင်ရေး၊ ငှားရမ်းနိုင်ရေးနဲ့ ငှားရမ်းခတွေ၊ ဈေးနှုန်းတွေအကြောင်း အတော်စိတ်ဝင်တစား မေးကြပေမယ့် သူတို့ရတဲ့ သတင်းအချက်အလက်တချို့ဟာ လွဲမှားနေတာကို တွေ့ရတယ်။ ပါဝင်ဆွေးနွေးတဲ့ နိုင်ငံခြားသား တစ်ယောက်ကတောင် မြန်မာနိုင်ငံမှာ ဘယ်အကျပ်အတည်းဖြစ်စဉ်က ပြည်သူတွေရဲ့ အပ်ငွေတွေ ဆုံးရှုံးပြီး ဘဏ်တွေအပေါ် အယုံအကြည် နည်းကြောင်း ဆွေးနွေးသွားလို့၊ ညစာစားပွဲကျမှ အဲဒီသတင်း မမှန်ကြောင်း၊ ဘယ်ပြည်သူတွေရဲ့ဘဏ်အပ်ငွေတွေ တစ်ပြားတစ်ချပ်မှ မဆုံးရှုံးကြောင်း ပြန်လည်ဆွေးနွေးခဲ့ရတယ်။ သူကလည်း သူမသိတာ ဝန်ခံရှာပါတယ်။ ဒီဖိုရမ်ကြောင့် ချက်ချင်း လက်ငင်းကြီး ရင်းနှီး မြှုပ်နှံမှုတွေ တက်လာမယ်လို့ မျှော်လင့်ရင်တော့ မှားမှာပါ။ ဒါပေမယ့် ကိုယ့်နိုင်ငံအကြောင်း မကြားမသိဘူးသူတွေရဲ့ ခေါင်းထဲမှာ ကိုယ့်နိုင်ငံကို ရင်းနှီးမြှုပ်နှံစရာ နေရာတစ်နေရာအဖြစ် စဉ်းစားမိအောင် လုပ်ပေးနိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ တစ်ရက်ခွဲကျင်းပတဲ့ ဒီဖိုရမ်မှာ အချို့ရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားတဲ့ အိုင်စီတီလို ဘာသာရပ်မျိုးတွေ ပါဝင်ခဲ့ခြင်းတော့ မရှိပါဘူး။ မြန်မာရင်းနှီးမြှုပ်နှံသူတွေလုပ်နေတဲ့ လုပ်ငန်း စီမံကိန်းတွေကိုလည်း ချပြနိုင်ခဲ့တာကတော့ ထိရောက်တဲ့လုပ်ငန်းတစ်ခုဖြစ်တယ်လို့ နားလည်မိပါတယ်။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လို့ မြန်မာ့စီးပွားရေး တိုးတက်လာတာ မြင်ပါရစေလို့ ဆုတောင်းခဲ့ပါတယ်။

## BRICS နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများအစည်းအဝေးကို ရှန်ဟိုင်းတွင် ကျင်းပ

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများ ပါဝင်သော BRICS နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများ၏ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ်လ ၁ ရက်က ရှန်ဟိုင်းတွင် ကျင်းပခဲ့သည်။

၎င်းအစည်းအဝေးတွင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံစုံကုန်သွယ်မှုစနစ်တို့နှင့်စပ်လျဉ်း၍ အဓိကထားဆွေးနွေးကြမည်ကြောင်း ရှန်ဟိုင်းတွင် နှစ်ရက်ကြာကျင်းပခဲ့သော ခုနစ်ကြိမ်မြောက် ကုန်သွယ်ရေးဝန်ကြီးများ အစည်းအဝေး၏ သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည့် တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စတာကျုံရှန်းက ဖွင့်ပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ BRICS နိုင်ငံများပါဝင်သောအဖွဲ့ကို ၂၀၀၆ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေးအတွက် ရည်ရွယ်ခဲ့သည်။

BRICS နိုင်ငံများသည် ကမ္ဘာ့ထုတ်လုပ်မှုပမာဏစုစုပေါင်း၏ လေးပုံတစ်ပုံကို ထုတ်လုပ်လျက်ရှိပြီး နှစ်စဉ် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏တစ်ဝက်ကိုလည်း ကိုယ်စားပြုလျက်ရှိရာ ကမ္ဘာ့စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် သိသာထင်ရှားစွာတိုးတက်လျက်ရှိကြောင်း၊ ကမ္ဘာ့စီးပွားရေးပြန်လည် နာလန်ထူရေးအတွက် မသေချာမရေရာသည့်ယနေ့အချိန်အခါကဲ့သို့သောအခြေအနေများတွင် BRICS နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်ရန်နှင့် အရှိန်အဟုန်မြှင့်တင်နိုင်မည့်နည်းလမ်းသစ်များကိုလည်း စူးစမ်းရှာဖွေရန် မစ္စတာကျုံရှန်းက ပြောကြားခဲ့သည်။

နိုင်ငံစုံကုန်သွယ်မှုစနစ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဆန့်ကျင်မှုတိုးတက်ကောင်းမွန်လာမှုများက ထွန်းသစ်စနိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ဘုံအကျိုးစီးပွားကို အကျိုးရှိစေနိုင်ကြောင်း မစ္စတာကျုံရှန်းကပြောကြားခဲ့သည်။

"ဒီနှစ်မှာ အိမ်ရှင်နိုင်ငံအဖြစ် BRICS အစည်းအဝေးကိုလက်ခံကျင်းပခွင့်ရခဲ့တဲ့အတွက် တရုတ်နိုင်ငံအနေနဲ့ BRICS နိုင်ငံများရဲ့ ခေါင်းဆောင်များအကြား သဘောတူညီမှုတွေရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီအစည်းအဝေးက လာမယ့်နှစ်မှာ ကျင်းပမယ့် BRICS ထိပ်သီးအစည်းအဝေးအတွက် လမ်းဖွင့်ပေးနိုင်မယ့် အစည်းအဝေးတစ်ရပ်ဖြစ်လာမှာပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

ယခုနှစ်အတွက် BRICS နိုင်ငံများ၏ဥက္ကဋ္ဌနေရာကို ရရှိထားသော တရုတ်နိုင်ငံအနေဖြင့်(၉)ကြိမ်မြောက် BRICS နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးကို ယခုနှစ် စက်တင်ဘာလတွင် တရုတ်နိုင်ငံအရှေ့တောင်ပိုင်းရှိ ဖူကျင်းပြည်နယ်၊ ရှမင်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားကြောင်းသိရသည်။

**ခင်စုစုလှိုင်**(CJ)

# ခာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ခာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့

ဇူလိုင် ၂၃ ရက်မှ ၂၉ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၀၈၂၃၃၂ တန်ဖိုးရှိ ခာတ်ဆီ ၂၅၀၆၂ ဒသမ ၃၇၂ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၄၄၈၀၄၇၉ တန်ဖိုးရှိ ဒီဇယ် ၅၄၄၈၈ ဒသမ ၁၄၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်အောက်တိန်း(92)၊ အောက်တိန်း(95)နဲ့ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခာတ်ဆီတန်ချိန် ၂၂၄၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၆၀၀ ကျော် တင်သွင်းမှုပိုခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၀၁၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၆၀၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ခာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၅၄၁၁၁၉ တန်ဖိုးရှိ ဒီဇယ် ၃၂၅၀ တန် တင်သွင်းခဲ့သလို မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ၂ ဒသမ ၂၉၃ သန်းတန်ဖိုးရှိ Re-Export ဒီဇယ် တန်ချိန် ၄၂၀၀ ကိုလည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၄၄ သန်းတန်ဖိုးရှိ Re-Export ဒီဇယ် တန်ချိန် ၅၀၀ ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)နဲ့ (95) မှာဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၆၇၀ ကျပ်၊ အောက်တိန်း (92) ကျပ် ၆၇၀ ၊ အောက်တိန်း (95) ကျပ် ၇၁၀၊ အဆင့်မြင့်ဒီဇယ် ၆၈၅ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင်လ ၃၁ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၈၀၀၀၊ ရောင်းဈေး ကျပ် ၁၃၂၀၀၀ နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင်လ ၂၉ ရက်မှာ ခာတ်ဆီ ဝယ်ဈေးကျပ်၁၄၇၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ဈေး အတက်အကျ ကျပ် ၁၀၀၀ ဝန်းကျင်ဖြစ်ခဲ့ပေမယ့် ခာတ်ဆီက ဈေးငြိမ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီရော ဒီဇယ်ပါပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)၊ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း 95 တစ်လီတာ ကျပ် ၇၈၅၊ ဒီဇယ်တစ်လီတာ ကျပ် ၆၆၀ ၊ အဆင့်မြင့်ဒီဇယ် တ စ်လီတာ ၆၈၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ကျပ် ၆၉၀ ၊ ခာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချခဲ့ပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေ တဲ့ပီပါဈေးများမှာ ဇူလိုင် ၃၁ ရက် မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၃၄၀၀၀၊ ရောင်းဈေး ကျပ် ၁၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ် ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဇူလိုင်လ ၃၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၈၀၀၀၊ ရောင်းဈေးကျပ် ၁၄၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခာတ်ဆီနဲ့ အောက်တိန်း (92) ဈေးငြိမ်နေပေမယ့် အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း(95)တို့မှာ ဈေးအနည်းငယ်ကျခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ခာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၅ ကျပ်၊ အောက်တိန်း(92)ကျပ် ၇၀၀၊ အောက်တိန်း(95) ကျပ် ၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၂၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးများမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၇၀၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၂၀၊ အောက်တိန်း (92) ၇၆၀ ကျပ်၊ အောက်တိန်း(95)ကျပ် ၈၈၀ နဲ့ အရောင်း အဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (92)ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်သာ အတက်အကျရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်အတွင်း အတက်အကျ အနည်းငယ်သာရှိခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ဈေးကွက်အတွင်း ဈေးနှုန်းများ အတက်အကျ အနည်းငယ်သာရှိသကဲ့သို့ အရောင်းအဝယ်လည်း အနည်းငယ်သာဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ဒီတစ်ပတ်ကတော့ ပြီးခဲ့တဲ့တစ်ပတ်ကထက် အတက်အကျ နည်းနည်းပဲရှိတယ်။ ဈေးကွက်ထဲမှာ အရောင်းအဝယ်အေးနေတဲ့အတွက် အတက်အကျလည်း နည်းနည်းပဲရှိတယ်။ တစ်ကျပ်နှစ်ကျပ်လောက်ပဲ အတက်အကျဖြစ်ခဲ့တယ်။ လုပ်ငန်းအခြေအနေတွေက မိုးနဲ့အပြိုင်အေးနေတဲ့အတွက် အခုလို အတက်အကျနည်းနေတာဖြစ်ပါတယ်"ဟု ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဇူလိုင် ၃၁ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၆၅ကျပ်၊ ဝယ်ဈေး ၁၃၅၄ ကျပ်ရှိခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်ရှိခဲ့သည်။ ဩဂုတ် ၄ ရက်တွင် ရောင်းဈေး ၁၃၅၇ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ကျပ်သို့ အနည်းငယ်ပြန်လည်ကျဆင်းခဲ့သည်။ ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံ တော်ဗဟိုဘဏ်က ၎င်း၏ ရည်ညွှန်းငွေလဲနှုန်းကို ၁၃၆၂ ကျပ်ဟု သတ်မှတ်ထားသည်။ **မယ်သီတာ**

## ကမ္ဘာ့ရွှေဈေး ငြိမ်နေသကဲ့သို့ ပြည်တွင်းရွှေဈေးလည်း လိုက်ပါငြိမ်သက်

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးငြိမ် သက်မှုနှင့်အတူ လိုက်ပါငြိမ်သက်လျက်ရှိကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၀၈၀၀၀ ဖြင့် အဆုံးသတ်ခဲ့သည့် ပြည်တွင်းရွှေဈေးသည် ယခုတစ်ပတ်ဈေးစအဖွင့်တွင် ကျပ် ၉၀၆၅၀၀ ရှိခဲ့သည်။ သို့သော် ရက်သတ္တတစ်ပတ်၏နောက်ဆုံးရက်ဖြစ်သည့် သောကြာနေ့တွင် ကျပ် ၉၀၆၀၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ် ပြည်တွင်းရွှေဈေးကတော့ ကမ္ဘာ့ရွှေဈေး အတက်အကျမရှိလို့ သူလည်း အတက်အကျမရှိသလောက်ပါပဲ။ အရောင်းအဝယ်ကတော့ ခပ်ပါးပါးပဲရှိတယ်။ ငွေလဲနှုန်းကငြိမ်နေတဲ့အတွက် ပြည်တွင်းရွှေဈေးကငြိမ်နေတာပါ။ အခုလိုအချိန်မျိုးမှာ ငွေလဲနှုန်းသာ မြင့်တက်ခဲ့ရင် ပြည်တွင်းရွှေဈေးလည်း လိုက်ပြီးမြင့်တက်သွားမှာပါ။ ဈေးတက်မယ့်အရိပ်အယောင်တော့ တွေ့နေရ တယ်"ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးသည် ဇူလိုင် ၃၁ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၀၆၅၀၀ ရှိခဲ့ပြီး ဩဂုတ် လ ၂ ရက်တွင် ကျပ် ၉၀၇၀၀၀ သို့ အနည်းငယ်သာ မြင့်တက်ခဲ့သည်။ ဩဂုတ် ၄ ရက်တွင် ကျပ် ၉၀၆၀၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။ ဩဂုတ် ၅ ရက်တွင် ကျပ် ၉၀၆၅၀၀ဖြင့် ရောင်းဝယ်လျက်ရှိသည်။

ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၃၁ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၆၉ ရှိခဲ့ပြီး ဩဂုတ် ၂ ရက်တွင် ၁၂၆၄ ဒေါ်လာ၊ ဩဂုတ် ၄ ရက်တွင် ၁၂၆၉ ဒေါ်လာရှိခဲ့သည်။ **မယ်သီတာ**

## YSX စာရင်းဝင် အများပိုင်ကုမ္ပဏီများအား အခွန်လျှော့ပေါ့ပေးခဲ့

ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် အများပိုင်ကုမ္ပဏီများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အခွန်လျှော့ပေါ့ပေးခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးက ဇူလိုင် ၂၆ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၇ဖြင့် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါအမိန့်ကြော်ငြာစာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၂)ပါလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအတွက် အောက်ပါအတိုင်း ဝင်ငွေခွန် သက်သာခွင့်ပြုလိုက်သည်-

(က) စာရင်းဝင် ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရသက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၀ ရာခိုင်နှုန်းဖြင့်ဝင်ငွေခွန်ထမ်းဆောင်ခွင့်၊

(ခ) စာရင်းဝင် ကုမ္ပဏီများအနေဖြင့် ယခင်က ဝင်ငွေခွန်အပြည့်အဝ ထမ်းဆောင်ရန်ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိတ်ချိန်းသို့ စာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့် ဘဏ္ဍာရေး နှစ်နှစ်အတွက် ဝင်ငွေအမှန်ကိုဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ခွင့်နှင့် ဝင်ငွေခွန်ဥပဒေအရ ဒဏ်တပ်ရိုက်ခြင်းနှင့် တရားစွဲဆိုခြင်းတို့မှကင်းလွတ်ခွင့်ဟူ၍ ဖော်ပြပါရှိသည်။

အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၁၇-၁၈ဘဏ္ဍာနှစ်မှ စတင်အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း သိရသည်။ယခုလက်ရှိတွင် YSX ၌ စာရင်းဝင်အများပိုင် ကုမ္ပဏီလေးခုအထိ ရှိသည်။ **မယ်သီတာ**

## Currency Exchange Rate

August 4, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.26 |
| BDT | Bangladesh Taka | 80.92 |
| CAD | Canada Dollars | 1.26 |
| CNY | China Yuan Renminbi | 6.72 |
| EUR | Euro | 0.84 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 63.69 |
| I DR | Indonesia Rupiahs | 13318.13 |
| JPY | Japan Yen | 110.13 |
| MYR | Malaysia | 4.28 |
| PKR | Pakistan Rupees | 105.39 |
| PHP | Philippines Pesos | 50.21 |
| RUB | Russia Rubles | 60.38 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1124.42 |
| LKR | Sri Lanka Rupe | 153.40 |
| THB | Thailand Baht | 33.25 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 22732.01 |

*Source:xe.com*

## World Gold Price

August-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| Date | NY | London | Zurich |
| 31 | 1269 | 1269 | 1269 |
| 1 | 1269 | 1267 | 1267 |
| 2 | 1268 | 1268 | 1268 |
| 3 | 1265 | 1263 | 1263 |
| 4 | 1273 | 1270 | 1270 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 31-7- 2017 | 905.50 | 905.70 |
| 1-8-2017 | 907.20 | 907.20 |
| 2-8- 2017 | 906.50 | 906.10 |
| 3-8 -2017 | 905.50 | 905.10 |
| 4-8- 2017 | 907.00 | 907.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 31 | 6 .73 | 33.30 | 81.37 | 64.20 |
| 1 | 6. 72 | 33.28 | 81.28 | 64.07 |
| 2 | 6 .72 | 33.29 | 80.69 | 63.89 |
| 3 | 6 .73 | 33.28 | 80.76 | 63.64 |
| 4 | 6.72 | 33.25 | 80.92 | 63.69 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 31- July | 16.69 | 2847.26 | 1924.61 | 6444.26 | 936.00 |
| 1- August | 16.62 | 2341.47 | 1923.94 | 6386.02 | 948.00 |
| 2- August | 16.64 | 2807.62 | 1933.57 | 6390.94 | 942.00 |
| 3 - August | 16.48 | 2864.96 | 1933.79 | 6424.77 | 946.00 |
| 4- August | 16.70 | 2859.58 | 1923.71 | 6428.35 | 965.00 |

Source:kitco.com

## Energy NYMEX 4-8-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 48.91 | -0.12 | -0.24 |
| Brent Crude Futr (USD/bbl) | 51.89 | -0.12 | -0.23 |
| Gasoline Rbob Fut (Cent/gal) | 163.13 | -0.06 | -0.04 |
| Natural Gas Futr (USD/MMBtu) | 2.78 | -0.02 | -0.64 |
| Heating Oil Futr (Cent/gal) | 163.73 | -0.17 | -0.10 |

## ဘိလပ်မြေ

### ဘိလပ်မြေပုံမှန်အဝင်ရှိ

ဇူလိုင်လ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၆၁၂၄၅တန်ဖိုးရှိ ဘိလပ်မြေ ၈၃၃၆ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယ်သာလန်နိုင်ငံမှ ၅၀ ဒသမ ၄၀ တန်၊ တရုတ်နိုင်ငံမှ ၃၃၆ တန် နဲ့ မလေးရှားနိုင်ငံမှ ၇၉၅၀ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန် ၈၃၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၃၆ တန်ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။



### တောင်ကြီးဘိလပ်မြေဈေးကွက် အရောင်းအေး

ဇူလိုင်လ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၈၃၃၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၈၃၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၃၆ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၉၆၂၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၉၀၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၄၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှအဝင်ပိုပြီးနယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်နည်းနည်းဖြစ်တယ်ဆိုပေမယ့်ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာဆင်(ထိုင်း)ကျပ်၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ် ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်နည်းနည်းဖြစ်ပြီးဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၃၅၀၊ အပါချီ (ထိုင်း)ကျပ် ၅၁၅၀ ၊ ကြံ့ ကျပ် ၅၂၀၀ ၊မြင်းခေါင်း ကျပ် ၅၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၉၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ် ၅၀၀၀၊ ဆင်မင်း(ကျောက်ဆည်) ကျပ် ၄၅၀၀၊ ကျားခေါင်း ကျပ် ၄၅၀၀၊ မြင်းခေါင်း ကျပ် ၄၅၀၀၊ ကြံ့ ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၁၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### မြေသြဇာတန်ချိန် ၃၀၀၀၀ ကျော်ဝင်

ဇူလိုင် ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၆၃၅၅၅၈၈ တန်ဖိုးရှိ မြေသြဇာ ၃၀၅၈၈ ဒသမ ၉၁၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၀၄၅ တန်၊ တရုတ်နိုင်ငံမှ ၁၈၃၀၀ ဒသမ ၉၉၆ တန်၊ ဂျာမနီနိုင်ငံမှ ၁၀၂၅ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၂ ဒသမ ၅၀၁ တန်၊ အီရန်နိုင်ငံမှ ၁၀၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၂၀၁၈ ဒသမ ၃၂ တန်၊ ပါကစ္စတန်နိုင်ငံမှ ၂၀၁၇ ဒသမ ၅၀ တန်၊ ထိုင်းနိုင်ငံမှ ၄၀၆၇ ဒသမ ၁၀ တန်နဲ့ တာ့ခ်မေးနစ္စတန်နိုင်ငံမှ ၁၀၆၂ ဒသမ ၅၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၄၆၃၀နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၅၉၅၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း၊ ယူရီးယား၊ နိုက်တြိုဖော့စကား၊ ဓာတ်ဆား၊ အာမိုတို့ဖြစ်တယ်လို့သိရပါတယ်။

### မော်လမြိုင်မြေသြဇာဈေးကွက် အရောင်းအဝယ်အေး

ဇူလိုင် ၂၃ ရက်မှ ၂၆ ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၃၀၅၈၀ ကျော် အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ် က တင်သွင်းခဲ့တဲ့ တန်ချိန် ၄၆၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၅၉၅၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခု တစ်ပတ် နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၂၂၀၇၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၂၆၁၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၀၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့ တောင်ကြီးမှာ အရောင်းအေးပြီး မန္တလေးနဲ့ရန်ကုန်မှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မိုးများလို့ အရောင်းအဝယ်လည်း အေးနေသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ်၂၃၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်)ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း -တရုတ်)ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း သိရှိရ ပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်။ ဒါပေမယ့် ဈေးနှုန်းက အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၃၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၄၂၀၀ ၊ တီစူပါ (၄၆% -တရုတ်)ကျပ် ၁၉၆၀၀၊ ပန်းသီးစုံ ကျပ် ၁၅၁၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ပန်းဖူး)၊ တီစူပါ(၁၀း၁၀း၅)နဲ့ယူရီးယား(ယူအေအီး)က ဈေးနည်းနည်းမြင့်လာပြီးတီစူပါ၂၀%၊ ဓာတ်ဆားနဲ့ ပိုတက်က ဈေးနည်းနည်း ကျလာပြီး ကျန်မြေသြဇာများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၅၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်)ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၀၀၀ ၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ်နို့ဆီ/နို့မှုန့်အဝင်ပို

ဇူလိုင်လ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ၈၆၇၃၆၅ တန်ဖိုးရှိ နို့ဆီ ၆၁၉ ဒသမ ၉၄၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံမှ ၂၈ ဒသမ ၉၇၃တန်နဲ့ စင်ကာပူနိုင်ငံမှ ၅၉၀ ဒသမ ၉၇၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ Cow Bell ၊Dutch Lady ၊ မာရီဂိုး၊ ဒွန်းနဲ့ အိုကေနို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန် ၄၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၁၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ၁၀၀ဒသမ၈၀ တန်၊မလေးရှားနိုင်ငံမှ ၆၅ ဒသမ ၉၇ တန်၊ဖိလစ်ပိုင်နိုင်ငံမှ ၂ ဒသမ ၆၈၉ တန်၊ နယ်သာလန်နိုင်ငံမှ သုညဒသမ ၅၇၁ တန်၊ စင်ကာပူနိုင်ငံမှ ၇ ဒသမ ၂၅၉ တန်၊ သြစတြေးလျနိုင်ငံမှ တန်ချိန် ၁၀၀ နဲ့ ပိုလန်နိုင်ငံမှ ၂၂ တန်၊ စုစုပေါင်း ၂၉၉ ဒသမ ၂၈၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့် ၆၉ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီအချိန်က ယူရီးယားမြေသြဇာပဲ အရောင်းအဝယ်ပုံမှန်ရှိတယ်။ဒီတစ်ပတ်မှာတော့ ဈေးငြိမ်နေတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊တီစူပါ(သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၂၆၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၇ မှ ၂၈/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၇ မှ ၂၁/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၀.၀၀ | ၁၄၅.၁၀ | (-) | ၈၅.၁၀ |
| ၂။ | လွယ်ဂျယ် | ၅၄၀.၀၀ | ၄၈၀.၀၀ | (+) | ၆၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၁၀.၀၀ | (-) | ၁၀.၀၀ |
| ၄။ | ကန်ပိုက်တီ | ၁၉၄၇.၀၀ | ၂၃၉၀.၀၀ | (-) | ၄၄၃.၀၀ |
| ၅။ | တာချီလိတ် | ၃၈၀၀.၀၀ | ၄၀၀၀.၀၀ | (-) | ၂၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၃၀၅၀.၀၀ | ၈၉၅၀.၀၀ | (-) | ၅၉၀၀.၀၀ |
| ၈။ | မြိတ် | ၂၂၅.၀၀ | ၃၁၀၀.၀၀ | (-) | ၂၈၇၅.၀၀ |
| | စုစုပေါင်း | ၉၆၂၂.၀၀ | ၁၉၀၇၅.၁၀ | (-) | ၉၄၅၃.၁၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၇ မှ ၂၈/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၇ မှ ၂၁/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၂၆၀.၆၀ | ၁၅၈၃၀.၉၇ | (-) | ၁၅၇၀.၄၂ |
| ၂။ | လွယ်ဂျယ် | ၄၇၀.၀၀ | ၆၅၈.၅၀ | (-) | ၁၈၈.၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၅၃၀.၇၅ | ၂၉၃၀.၇၅ | (-) | ၄၀၀.၀၀ |
| ၄။ | ကန်ပိုက်တီ | ၂၃၂၀.၀၀ | ၂၇၀.၀၀ | (+) | ၂၀၅၀.၀၀ |
| ၅။ | မြဝတီ | ၁၉၂၅.၅၉ | ၆၂၉၇.၁၈ | (-) | ၄၃၇၁.၅၉ |
| ၆။ | ကော့သောင်း | - | ၁၀၀.၀၀ | (-) | ၁၀၀.၀၀ |
| ၇။ | မြိတ် | ၉၀.၀၀ | ၃၅.၀၀ | (+) | ၅၅.၀၀ |
| ၈။ | ရိဒ် | ၅၀၀.၀၀ | - | (+) | ၅၀၀.၀၀ |
| | စုစုပေါင်း | ၂၂၀၇၆.၉၄ | ၂၆၁၀၂.၄၀ | (-) | ၄၀၂၅.၄၆ |

ခင်မိုးသူ

## နှမ်း

# မူဆယ်ရော ချင်းရွှေဟော်မှပါ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင်လနောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၃၃၂ သန်း တန်ဖိုးရှိ နှမ်းနက် ၁၅၈ တန်ခွဲနဲ့ နှမ်းညို ၁၅၈ တန်၊ စုစုပေါင်း တန်ချိန် ၃၁၆ တန်ခွဲကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၁၈ တန်နဲ့ နှိုင်းယှဉ်ပါက ၉၈ တန်ခွဲ ပိုမိုတင်ပို့ခဲ့ပါတယ်။ ဇူလိုင်လအတွင်းမူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နှမ်းတန်ချိန် ကိုးရာနီးပါး တင်ပို့ခဲ့တယ်လို့သိရပါတယ်။

အလားတူချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ၂ ဒသမ ၉၅၈ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၅၄၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၁၉၄၃ တန်ကျော်၊ နှမ်းဖြူ ၅၆၉ တန်နဲ့ နှမ်းညို ၃၂ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၁၁၅၄ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ် ချင်းရွှေဟော်မှလည်း တန် ၁၃၉၀ ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ ဇူလိုင်တစ်လလုံး ချင်းရွှေဟော်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နှမ်းတန်ချိန် ခုနစ်ထောင်ခန့် တင်ပို့ခဲ့ပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှာ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူ တစ်တန် ၁၃၆၇၇၉၃ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၁၆၃၀၂၂ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှလည်း ဇူလိုင်လ အတွင်း နှမ်းနက်တန် ၄၀ နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ မြဝတီကုန်သွယ်ရေးဇုန်မှ သိရပါတယ်။

**မော်မော်အောင်**

# မုံရွာကုန်စည်ဒိုင်မှာ နှမ်းသီးနှံ အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာကုန်စည်ဒိုင်သို့ ဆီထွက်သီးနှံဖြစ်သောနှမ်းများ နေ့စဉ် အိတ် ၁၀၀၀ကျော် ဝင်ရောက်လျက်ရှိပါတယ်။ နှမ်းညိုနှင့်နှမ်းနက် အရောင်းအဝယ်သွက်လျက်ရှိကာ နှမ်းဖြူကတော့ ပုံမှန်သာရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် နှမ်းသီးနှံပေါက်ဈေးနှုန်းကတော့ နှမ်းဖြူတစ်ပိဿာကျပ် ၂၂၆၇၊ အိတ် ၁၅၀ခန့်၊ နှမ်းညိုတစ်ပိဿာ ကျပ်၁၉၃၃၊ အိတ်၅၀၀ခန့်၊ နှမ်းနက်တစ်ပိဿာ ကျပ်၂၅၃၃ နှုန်းနဲ့ အိတ်၅၀၀ခန့် အသီးသီး အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိပါတယ်။ နှမ်းနက်ကတော့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ကျလာပြီး နှမ်းညိုက ယခုတစ်ပတ်မှာဈေးမြင့်လာကာ အရောင်းအဝယ်လည်း သွက်လာပါတယ်။ ယခင်နှစ် ကာလတူ အချိန်ပေါက်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးနှုန်းက ဈေးမြင့်နေကြောင်း သိရပါတယ်။ နှမ်းဖြူနဲ့ နှမ်းညိုကို မန္တလေးဝယ်လက်ကဝယ်ယူပြီး နှမ်းညိုကို မြို့တွင်းဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ )**

## စားအုန်းဆီ

# ထုတ်လုပ်မှုမြင့်တက်မည်ဟူသော မျှော်လင့်ချက်ကြောင့် မလေးရှားစားအုန်းဆီဈေး ကျဆင်း

လာမည့်လများအတွင်း ထုတ်လုပ်မှု မြင့်တက်လိမ့်မည်ဟူသော မျှော်လင့်ချက်များကြောင့် မလေးရှားစားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးသည် ဩဂုတ် ၁ ရက်က လေးလမြောက်အဖြစ် ကျဆင်းသွားခဲ့သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်တွင် အောက်တိုဘာလအတွက်စာချုပ် ချုပ်ဆိုခဲ့သည့် စားအုန်းဆီစံထားဈေးနှုန်းသည် ဈေးပိတ်ချိန်တွင် သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းကာ ၂၆၅၄ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၆၁၉ ဒသမ ၅၁)ရှိခဲ့သည်။ သို့သော် ထို့နေ့တစ်နေ့တာအတွင်း စားအုန်းဆီဈေးသည် အနိမ့်ဆုံးဈေးအဖြစ် ၂၆၅၂ ရင်းဂစ်အထိ ကျဆင်းခဲ့သည်။

ဈေးကွက်ရောင်းဝယ်မှု၏ နေ့တစ်နေ့ ကုန်ဆုံးချိန်တွင် ၂၅တန်ရှိ အတွဲပေါင်း ၃၈၄၂၉ တွဲ ရောင်းချခဲ့ရသည်။

“ဒါလီယံဈေးကွက်မှာ မြင့်တက်ခဲ့တဲ့နည်းတူ ကျွန်တော်တို့ဈေးကွက်မှာလည်း မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ထုတ်လုပ်မှုတွေ မြင့်တက်လာမယ်ဆိုတဲ့ မျှော်လင့်ချက်အထူးသဖြင့် ဆာဘက်ပြည်နယ်ရဲ့ စားအုန်းဆီထုတ်လုပ်မှုက ပိုမိုမြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းကြတဲ့အတွက် စားအုန်းဆီဈေးက အခုလို ကျဆင်းသွားရတာဖြစ်ပါတယ်”ဟု ကွာလာလမ်ပူအခြေစိုက် မလေးရှားစားအုန်းဆီ ကိုယ်စားလှယ်တစ်ဦးက တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်၏ ကြေညာချက်ကို ကိုးကားပြီး ပြောကြားခဲ့သည်။

“ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့ရဲ့ ပဲပုပ်ဆီဈေး ကျဆင်းလာရခြင်းဟာလည်း စားအုန်းဆီဈေး ကျဆင်းလာခြင်းရဲ့အကျိုးသက်ရောက်မှုပဲဖြစ်ပါတယ်”ဟု ကုန်သည်တစ်ဦးက ထပ်လောင်းပြောကြားခဲ့သည်။



မလေးရှားနိုင်ငံအရှေ့ပိုင်းရှိ ဆာဘက်ပြည်နယ်သည် မလေးရှားနိုင်ငံအတွင်း စားအုန်းဆီ ထုတ်လုပ်လျက်ရှိသည့် ဒေသများအနက် အကြီးဆုံးသော ဒေသတစ်ခုဖြစ်သည်။

ထို့ပြင် ဆာဘက်ပြည်နယ်သည် မလေးရှားနိုင်ငံရှိ အခြားသောပြည်နယ်များနည်းတူ အယ်လ်နီညိုအကျိုးသက်ရောက်မှုကိုခံရသော်လည်း ယခုအခါတွင် ယင်းအကျိုးသက်ရောက်မှုမှ လွတ်ခဲ့ပြီဖြစ်ရာ စားအုန်းဆီထုတ်လုပ်မှုမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းနေကြခြင်းဖြစ်သည်။

သို့သော် စားအုန်းဆီစိုက်ပျိုးသူများကမူ ၂၀၁၅ ခုနှစ်ကတည်းက ကျရောက်ခဲ့သည့် အယ်လ်နီညိုဖြစ်စဉ်များကြောင့် ပျက်စီးခဲ့ရမှုများမှာ ယခုအထိတည်ရှိနေဆဲဖြစ်ကြောင်း၊ ကုန်သည်များ၏ စားအုန်းဆီထုတ်လုပ်မှု မြင့်တက်လာမည်ဟူသော ပြောကြားချက်များသည် မသေမချာ မရေမရာဖြစ်နေကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာလအတွက် စားအုန်းဆီ စာချုပ်ချုပ်ဈေးသည် သုညဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ စားအုန်းဆီ ဈေးနှုန်းကျဆင်းမှုသည် အခြားသော စားသုံးဆီများ၏ဈေးနှုန်းများကိုပါ ထိခိုက်စေခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၄-၈-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၂၀၀ | ၅၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၀၀၀ | ၅၅၀၀ | △ | ၄၅၀၀ | ၅၀၀၀ | △ | ၁၇၅၅ | ၁၉၀၀ | △ |
| မန္တလေး | ၃၀၀၀ | ၄၅၀၀ | △ | ၃၆၀၀ | ၃၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၅၀ | ၁၈၃၀ | ▽ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၂၀၀ | ၄၃၀၀ | ▽ | ၁၉၅၀ | ၁၉၅၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၇၀ | ၁၈၇၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၄-၈-၂၀၁၇ US$/Ton

| အမျိုးအစား | ဇူလိုင်စတုတ္ထပတ် | ဇူလိုင်ပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၂၁.၅၀ | - | |
| RBD P.Olein | ၆၃၇.၀၀ | ၆၅၃.၀၀ | △ |
| RBD P.Stearin | ၆၀၂.၅၀ | - | |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၄-၈-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၄၆.၇၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၇၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၅၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၄.၅၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၉၃.၆၀၀ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၄-၈-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၅ဒေါ်လာနှင့် USD ဈေး ၁၃၆၂ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၄-၈-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# အားပေးရမည့် မြန်မာနိုင်ငံသားပိုင်လုပ်ငန်းများ

| အောင်ထူး |

> ” နိုင်ငံသားပိုင်လုပ်ငန်းများဟာ နိုင်ငံခြားသားပိုင် လုပ်ငန်းတွေလို ဆွဲဆောင်မှုမက်လုံးရရှိမှုတွေ နည်းပါးပြီး ကြိုးနီစနစ်တွေနဲ့ ရင်ဆိုင်နေရသလို ....

နိုင်ငံပိုင် လုပ်ငန်းတွေကို အင်္ဂလိပ်လို State-owned Enterprises (SOEs) လို့ ခေါ်ကြပါတယ်။ မြန်မာနိုင်ငံသားတွေပိုင်တဲ့ လုပ်ငန်းတွေကိုတော့ Citizen-owned Enterprises (COEs) လို့ခေါ်ရမှာ ဖြစ်ပါတယ်။ ပြည်ပက တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကို မက်လုံးပေးပြီး ဖိတ်ခေါ်နေချိန်မှာ ပြည်တွင်းက နိုင်ငံသားများပိုင် COEs များကိုလည်း အလားတူ အားပေးကြရမှာ ဖြစ်ပါတယ်။ နိုင်ငံသားပိုင်လုပ်ငန်းတွေနဲ့တွေ့ဆုံချိန် မှာ နိုင်ငံသားပိုင် လုပ်ငန်းများဟာ နိုင်ငံခြားသားပိုင် လုပ်ငန်းတွေလို ဆွဲဆောင်မှုမက်လုံးရရှိမှုတွေ နည်းပါးပြီး ကြိုးနီစနစ်တွေနဲ့ ရင်ဆိုင်နေရသလို ဘဏ်ချေးငွေ ခက်ခဲခြင်းများနဲ့ ကြုံတွေ့နေရတယ်လို့ ညည်းတွားကြပါတယ်။ ပို့ကုန်တင်ပို့မှုမှာလည်းသူများနိုင်ငံတွေမှာ ပို့ကုန်တိုးချဲ့နိုင်မှုထောက်ပံ့ကြေးများကို ရရှိကြပေမယ့် ပို့ကုန်တင်ပို့တာ အမြတ်မရခင်မှာ အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန်ကိုတော့ ချက်ချင်းဆောင်လိုက်ရတာမို့ ပြည်ပမှာ ပြိုင်ဆိုင်နိုင်စွမ်း နည်းပါးနေတယ်လို့လည်း ဆိုကြပါတယ်။ ပို့ကုန် ပြိုင်ဆိုင်နိုင်စွမ်းအားနည်းပါးမှုမှာ ထုတ်လုပ်ပို့ဆောင်ရောင်းဝယ်မှု ကုန်ကျစရိတ် (Transaction Costs) တွေကြီးမားနေတာလည်း ပါပါတယ်။ လေ့လာမှုများအရ အာဆီယံနိုင်ငံများအတွင်းမှာ ထိုင်းနိုင်ငံဟာ Transaction Costs ရှစ်ရာခိုင်နှုန်းရှိပြီး၊ မြန်မာနိုင်ငံက ၃၀ ရာခိုင်နှုန်း ရှိတယ်လို့ဆိုပါတယ်။ ဒီစရိတ်တွေကို လျှော့ချနိုင်ရင် မြန်မာနိုင်ငံဟာ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်း သိသာစွာ တက်လာမှာဖြစ်ပါတယ်။

ဒါပေမယ့် ဒီလိုအခက်အခဲတွေကို ခက်ခက်ခဲခဲ ကျော်လွှားပြီး ပို့ကုန်လုပ်ငန်း စက်ရုံများကို ထူထောင်နိုင်တဲ့ မြန်မာနိုင်ငံသားများပိုင် စက်ရုံများကို တွေ့ရလို့ များစွာဝမ်းမြောက်မိပါတယ်။ စာရေးသူ ရောက်ဖူးတဲ့ စက်ရုံတစ်ရုံကတော့ ရှမ်းပြည်နယ်၊ ဟဲဟိုးမှာရှိတဲ့ Myanmar Belle Company ရဲ့ စက်ရုံဖြစ်ပါတယ်။ ဒီစက်ရုံဟာ ဒေသထွက် ဂေါ်ဖီ၊ မုံလာဥ အရွက်များကို အခြောက်လုပ်ပြီး ပြည်ပကို တင်ပို့ပါတယ်။ ဂေါ်ဖီအခြောက်ကတော့အသင့်စား ခေါက်ဆွဲခြောက်များမှာ ဟင်းသီးဟင်းရွက် အခြောက်အဖြစ် ထည့်သွင်းတာဖြစ်ပြီး မုံလာဥအရွက်ခြောက်ကတော့ ကိုရီးယားထမင်းသုပ်မှာ ထည့်စားတယ်လို့ ဆိုပါတယ်။ ဒီစက်ရုံမထောင်ခင်က ဟဲဟိုးဝန်းကျင်မှာ သီးနှံထွက်ချိန်မှာ ဈေးကွက်ကို အချိန်မီမပို့နိုင်တာရယ် ဈေးကျနေတာရယ်ကြောင့် ဂေါ်ဖီထုပ်တွေကို အလဟဿ လွှင့်ပစ်ခဲ့ရတဲ့ သာဓကတွေ ရှိခဲ့ပေမယ့် အခုချိန်မှာတော့ ဒီဂေါ်ဖီကနေ နိုင်ငံခြားဝင်ငွေရရှိနေပြီ ဖြစ်ပါတယ်။ ဂေါ်ဖီအခြောက်လုပ်တယ်ဆိုပေမယ့် လွယ်လွယ်နဲ့လုပ်လို့ရတာတော့ မဟုတ်ပါဘူး။ စားသောက်တဲ့ အစားအစာဖြစ်လို့ ပိုးသတ်ဆေး ဓာတ်ကြွင်းဟာ သတ်မှတ်ထားတဲ့ အမျိုးအစား၊ အတိုင်းအတာအတွင်းမှာ ရှိရမှာဖြစ်သလို အီးကိုလိုင် (E-coli) လို့ခေါ်တဲ့ ဝမ်းကိုက်ပိုးများလည်း ကင်းစင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးမှုများမှာ ဝယ်ယူသူလိုလားတဲ့မျိုးကို သုံးရသလို၊ ပိုးသတ်ဆေးကိုလည်း တင်ပို့တဲ့နိုင်ငံက လက်ခံမယ့်ပိုးသတ်ဆေးမျိုး သုံးရတယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် ဝမ်းကိုက်ပိုး မပါအောင် ထုတ်လုပ်ကိုင်တွယ်သူများဟာ တစ်ကိုယ်ရေ သန့်ရှင်းမှု ရှိရမှာဖြစ်သလို ထုတ်လုပ်မှုဖြစ်စဉ်တစ်ခုလုံးမှာ အလွန်တင်းကျပ်တဲ့ သန့်ရှင်းမှုဆိုင်ရာ စနစ်များကိုလည်း လိုက်နာဆောင်ရွက်ကြရပါတယ်။ စက်ရုံအနေနဲ့ သန့်ရှင်း လတ်ဆတ်တဲ့ ကုန်ကြမ်းရရှိအောင် အနီးအနားက တောင်သူများကို ပညာပေးပြသပြီး ကန်ထရိုက်လယ်ယာစနစ်နဲ့ ထုတ်လုပ်စေသလို၊ မြေယာများ ငှားရမ်းပြီး ကုန်ကြမ်းများကို ကိုယ်တိုင် ထုတ်လုပ်ရပါတယ်။ ဒီစက်ရုံအပြင် နေပြည်တော်မှာ ပိန်းဥကို ပြုပြင်ထုတ်လုပ်ပြီး အေးခဲစာအဖြစ် တင်ပို့လျက်ရှိပါတယ်။ ဒ့ါအပြင် ရန်ကုန်မြို့မှာရှိတဲ့ အအေးခန်းစက်ရုံတွေကနေ ရေထွက်ပစ္စည်းများကိုလည်း တင်ပို့နေတယ်လို့ သိရပါတယ်။ ဒီစက်ရုံကို ထူထောင်တဲ့ ဦးရဲမြင့်အောင်ဟာ ဂျပန်နိုင်ငံမှာ ပညာသင်ခဲ့ပြီး ဂျပန်နိုင်ငံမှာ အလုပ်လုပ်ခဲ့သူဖြစ်ပါတယ်။ အခု အချိန်မှာတော့ မြန်မာနိုင်ငံကို ပြန်လာခဲ့ပြီး ဂျပန်နိုင်ငံက အဆက်အသွယ်များနဲ့ နိုင်ငံ့စီးပွားရေးကို အကျိုးပြုမယ့် စက်ရုံတွေကို ထူထောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

နောက်စက်ရုံတစ်ရုံကတော့ အေအေဖာမာစီ (AA Pharmarcy)ရဲ့ ပစိဖိတ်အေအေ ဆေးဝါးစက်ရုံဖြစ်ပါတယ်။ အေအေဖာမာစီ ကုမ္ပဏီဟာ နိုင်ငံတကာကဆေးဝါးများကို မြန်မာနိုင်ငံမှာ တင်သွင်းရောင်းချခဲ့တာ ကြာပြီဖြစ်ပါတယ်။ ဒေါ်လာသန်းပေါင်းများစွာတန်တဲ့ ဆေးဝါးများကို တင်သွင်းခဲ့ရပါတယ်။ ဒီသွင်းကုန်များကို အစားထိုးနိုင်ဖို့ ရည်ရွယ်ပြီး အေအေဖာမာစီဟာ လွန်ခဲ့တဲ့ ငါးနှစ်အတွင်း စက်ရုံဒီဇိုင်း ရေးဆွဲခြင်းမှအစ စက်ရုံတည်ဆောက်ခြင်း၊ စက်များ ဝယ်ယူဖြည့်တင်းခြင်းနဲ့ စမ်းသပ်လည်ပတ်ခြင်းများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် စက်မှုဇုန်မှာ ပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု ဆေးဝါးနှင့် အစားအသောက် အာဏာပိုင်အဖွဲ့ရဲ့ အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့ပြီး မြန်မာနိုင်ငံက ဆေးဝါးနဲ့ အစားအသောက် ကွပ်ကဲရေးအဖွဲ့ရဲ့ လက်မှတ်ရတာနဲ့ ဆေးလုံး၊ ဆေးပြားနဲ့ ထိုးဆေးများကို ထုတ်လုပ်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒီစက်ရုံကို ထူထောင်ခဲ့တဲ့ လူငယ်လုပ်ငန်းရှင် ဦးဇော်မိုးခိုင်ဟာ အမေရိကန် ပြည်ထောင်စုမှာ မဟာဘွဲ့အထိ သင်ကြားခဲ့ပြီး နိုင်ငံခြားမှာ အလုပ်မလုပ်ဘဲ မြန်မာနိုင်ငံမှာ ပြန်လာပြီး အလုပ်လုပ်ကိုင်သူတစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ ပြင်းပြတဲ့စိတ်ဆန္ဒက H1N1 လိုရောဂါများ ဆိုက်ရောက်ချိန်မှာ ကာကွယ်ဆေးဝါးများကို ပြည်ပက တင်သွင်းရန် ခက်ခဲတဲ့အတွက် ပြည်တွင်းမှာ ဆေးဝါးထုတ်လုပ်မှု စွမ်းရည်ကို ထူထောင်နိုင်ဖို့ ဖြစ်ပါတယ်။ သူ့ရဲ့ဖခင်ပိုင်တဲ့ အေအေဖာမာစီဟာ ပြည်ပက အရည်အသွေးပြည့် ဆေးဝါးများ တင်သွင်းလို့ အကျိုးကျေးဇူးများ ရရှိနေပေမယ့် မျိုးချစ်စိတ်တစ်ခုတည်းနဲ့ ဒီစက်ရုံကို မဖြစ်မနေ ထူထောင်ခဲ့တယ်လို့ ဆိုပါ တယ်။ မူလက အမေရိကန်ဒေါ်လာ ငါးသန်းလောက်ကုန်မယ်လို့ ခန့်မှန်းပေမယ့် စက်ရုံဖွင့်လှစ်နိုင်ချိန်မှာတော့ အမေရိကန်ဒေါ်လာသန်း ၂၀ ကုန်ခဲ့ပြီလို့ ဆိုပါတယ်။ သူ့ရည်မှန်းချက်ကတော့ သွင်းကုန်အစားထိုး ဆေးဝါးများ ထုတ်လုပ်မှုအပြင် ဒေသအတွင်းမှာလည်း ပို့ကုန်တိုးချဲ့ တင်ပို့ရောင်းချနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်အောင် ကြိုးပမ်းမယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လ နောက်ဆုံးပတ်အတွင်းက စာရေးသူ တက်ရောက်ခွင့်ရတဲ့ စက်ရုံဖွင့်ပွဲကတော့ နေပြည်တော် စက်မှုဇုန်မှာ ဖွင့်လှစ်ခဲ့တဲ့ Myanmar Golden Produce Company ရဲ့ သီးနှံအခြောက်ခံစက်ရုံ ဖြစ်ပါတယ်။ ဒီစက်ရုံကတော့ မြန်မာနိုင်ငံသား တိုင်းရင်းသူစစ်စစ်တွေက ထူထောင်တဲ့ သီးနှံအခြောက်ခံစက် ဖြစ်ပါတယ်။ ဖွင့်ပွဲအတွင်းမှာ ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ ဒေါ်လွဲလွဲဦးရဲ့ ပြောစကားဟာ များစွာစိတ်ဝင်စားဖို့ ကောင်းပါတယ်။ သူဟာ စင်ကာပူနိုင်ငံက ပြန်လာပြီး ရှမ်းပြည်ကိုပြန်တော့ စင်ကာပူမိတ်ဆွေတစ်ဦး ပါလာခဲ့ကြောင်း၊ လမ်းမှာ သရက်သီးနဲ့ ကြက်သွန်ဖြူများကို ဈေးကွက်မရှိလို့ အလဟဿ ဖြစ်တာတွေ့ရတော့ ပြည်ပဈေးကွက်ရှာဖို့နဲ့ ကြာရှည်ခံမယ့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်ဖို့ သူ့မိတ်ဆွေက တိုက်တွန်းခဲ့ကြောင်း၊ စိန်တစ်လုံးသရက်သီးများကို စင်ကာပူသို့ တင်ပို့ရန် ကြိုးစားရာမှာ အသီးရဲ့ အရသာရှိသော်လည်း အမြင်မလှခြင်း၊စနစ်ကျစွာ ထုပ်ပိုးနိုင်ခဲ့ခြင်း မရှိခဲ့တာကြောင့် ဈေးကွက်ကို မထိုးဖောက်နိုင်ခဲ့ကြောင်း၊ သို့သော်လည်း ယင်းပြဿနာများကို ဖြေရှင်းဖို့ အဖြေရှာဆောင်ရွက်ခဲ့ရာမှာ စိန်တစ်လုံးဟာ ၂၀၁၁ ခုနှစ်မှာ စင်ကာပူဈေးကွက်ကို ထိုးဖောက်နိုင်ခဲ့ကြောင်း၊ အခုအချိန်မှာ တရုတ်၊ တရုတ် (တိုင်ပေ)၊ ဂျပန်၊ ရုရှားဖက်ဒရေးရှင်းစတဲ့ နိုင်ငံများအထိ တိုးချဲ့တင်ပို့နိုင်ခဲ့ကြောင်း၊ အလားတူပင် သခွားမွှေးကိုလည်း တင်ပို့နိုင်ခဲ့ကြောင်း၊ သစ်သီးများ အလျှံအပယ် ထွက်ချိန်မှာ ဈေးနှုန်းကျဆင်းမှုလေလွင့်မှုများရှိလာတဲ့ အတွက် ယခုအခြောက်ခံစက်ကိုထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီစက်ရုံကထွက်တဲ့ သစ်သီးအရည်နဲ့ အခြောက်များဟာ ပြည်ပမှာ နာမည်ရ ဈေးကွက်ရရှိနေပြီဖြစ်လို့ မြန်မာနိုင်ငံရဲ့ ပို့ကုန်တင်ပို့မှုမှာများစွာ အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒီအောင်မြင်နေတဲ့ လုပ်ငန်းရှင်များကို ကြည့်ရင် ပြည်ပမှာ အတွေ့အကြုံများကို ရရှိလာခဲ့ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ တက်ကြွစွာပါဝင်နေကြတဲ့ လူငယ်၊ လူလတ်ပိုင်းတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက နိုင်ငံသားရဲ့ ၁၀ ရာခိုင်နှုန်းခန့်ဟာ ပြည်ပမှာ သွားရောက် အလုပ်လုပ်ကိုင်နေကြတယ်လို့ သိရပါတယ်။ ဒီရွှေ့ပြောင်းလုပ်သားတွေရဲ့ ပြည်ပမှာ အလုပ် လုပ်ကိုင်မှုဟာ မြန်မာနိုင်ငံရဲ့ ဦးနှောက် ယိုစီးမှု (brain drain) လို့ ဆိုနိုင်ခဲ့ပေမယ့်၊ ပြည်ပ အတွေ့အကြုံများနဲ့ ပညာသင်ကြားလာကြတဲ့ မြန်မာနိုင်ငံသား လုပ်ငန်းရှင်တွေ ပြန်လည်ရောက်ရှိလာခြင်းဟာ မြန်မာနိုင်ငံအတွက်တော့ ဦးနှောက် ပြန်လည်စီးဝင်မှု (brain gain) ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မျိုးချစ်စိတ်ဓာတ်ရှိပြီး မြန်မာနိုင်ငံသားများရဲ့ လူနေမှုအဆင့်အတန်းကိုမြှင့်တင်ဖို့ လိုလားတဲ့ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များကို မြေတောင်မြှောက်အားပေးခြင်းဖြင့် မြန်မာနိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုကို လျင်လျင်မြန်မြန် ရရှိနိုင်ပြီး တိုင်းပြည်သာယာဖွံ့ဖြိုးမှုနဲ့ ပြည်သူပြည်သားများရဲ့ လူနေမှုအဆင့်ကို မြှင့်တင်နိုင်ကြမယ်လို့ ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါတယ်။

# ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံ၊ နှမ်းထုတ်လုပ်ခြင်းဆိုင်ရာ လူထုအစည်းအဝေးပွဲပြုလုပ်

ပခုက္ကူကုန်စည်ဒိုင်မှ ကြီးမှူး၍ "ပဲမျိုးစုံနှင့် နှမ်းထုတ်လုပ်ခြင်း စီမံကိန်းအဖွဲ့ခွဲ ဆောင်ရွက်ခြင်းအတွက် ဖြစ်ပေါ်လာနိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်နိုင်မှုများနှင့် သင့်လျော်သော လျှော့ချနိုင်ရေး ဆောင်ရွက်ချက်များ (CFAVC , PPTA 8897 ,MYA)"ဟူသည့် လူထုအစည်းအဝေးတစ်ရပ်ကို ပခုက္ကူ ကုန်သည်ပွဲစားများအသင်းမှာ ဩဂုတ် ၂ ရက်က ကျင်းပခဲ့ပါတယ်။

အဆိုပါလူထုအစည်းအဝေးသို့ Pakokku Dragon Trading Co;Ltd နှင့် ADB မှ တာဝန်ရှိသူများ၊ စီမံကိန်းနှင့်သက်ဆိုင်သော ပြည်တွင်း/ပြည်ပမှပညာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါဆွေးနွေးပွဲတွင် Pakokku Dragon Trading Co;Ltd နှင့် ADB အပါအဝင် ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်မှ ချေးငွေများရယူ၍ မျိုးစေ့စက်ရုံတည်ဆောက်ကာ မျိုးစေ့များကို သိုလှောင်ထားမည်ဖြစ်ပြီး မျိုးစေ့လိုအပ်သူ တောင်သူများအား ဖြန့်ဝေပေးမည့်ကိစ္စကို အဓိကထား၍ ဆွေးနွေးခဲ့ကြပါတယ်။ ဒ့ါအပြင် မျိုးစေ့ထုတ်လုပ် သိုလှောင်မည့်စက်ရုံတည်ဆောက်ပါက ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမယ့်ကိစ္စရပ်များနဲ့ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြပါတယ်။

စက်ရုံမတည်ဆောက်မီ Subproject ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ Subproject ပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ခေတ်မီလယ်ယာစိုက်ပျိုးခြင်းနှင့် ကုန်သွယ်နည်းစနစ်အပေါ် အခြေခံပြီး သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေရေးနှင့် တန်ဖိုးရှိ ထုတ်ကုန်များပေါ် ပေါက်လာစေရေးအတွက် မြန်မာနိုင်ငံလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ပံ့ပိုးပေးရန်၊ ပဲမျိုးစုံ၊ နှမ်းမျိုးစုံမှထွက်ကုန်များ ပို့ကုန်အရည်အသွေး ဖွံ့ဖြိုးတိုးတက်စေရန် ကောင်းမွန်သော သန့်ရှင်းရေး စနစ်အလေ့အကျင့်များ၊ ကောင်းမွန်သော ထုတ်လုပ်မှုလုပ်ငန်း အလေ့အကျင့်များ၊ အဓိကအရေးပါသော ထိန်းချုပ် (ထိန်းသိမ်း)ရေးလုပ်ငန်းစဉ်များကို အသေးစိတ် လေ့လာဆန်းစစ်ရန်၊ ထုတ်ကုန်ဒီဇိုင်းများနှင့် မှန်ကန်သော အဆောက်အဦးများတည်ဆောက်ခြင်း (သိုလှောင်ရုံများ တည်ဆောက်ခြင်း၊ ပိုမိုကောင်းမွန်သောအရည်အသွေးများနှင့် အဆင့်အတန်းမြင့်သော ထုတ်ကုန်များဖြစ်ပေါ်လာစေရန်အတွက် အလွယ်တကူရှာဖွေနိုင်သော စက်များနှင့်တိကျမှန်ကန်သောပစ္စည်းကိရိယာများ တပ်ဆင်ရန်စသည့် ရည်ရွယ်ချက်များ ချမှတ်၍ လုပ်ဆောင်သွားမှာဖြစ်ကြောင်း သတင်းရရှိပါတယ်။

မြင့်ဦး(ပခုက္ကူ)

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဝင်ငွေနည်းပါးသူများအား ထိုင်းအစိုးရက တစ်လလျှင် ဘတ် ၂၇၅၀ ထောက်ပံ့မည်

ထိုင်းအစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ ဝင်ငွေနည်းပါးသူများအား တစ်လလျှင် ဘတ် ၂၇၅၀ နှုန်းထောက်ပံ့ပေးရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ ယမန်နှစ်က သတ်မှတ်ချက်များနှင့် ကိုက်ညီသော ဆင်းရဲနွမ်းပါးသူများအား ဘတ် ၃၀၀၀ နှုန်းဖြင့် တစ်ကြိမ်ထောက်ပံ့ပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

ဝင်ငွေနည်းပါးသော ပြည်သူများကိုထောက်ပံ့ကြေးပေးရန်အတွက် စုစုပေါင်း ဘတ်ဘီလီယံ ၄၀ ရရှိရေးကို ရှေ့လာမည့် သီတင်းပတ်အနည်းငယ်အတွင်း တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီသောဆင်းရဲနွမ်းပါးသူများသည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁ရက်တွင် အစိုးရထောက်ပံ့ကြေးကို စတင်ခံစားခွင့်ရရှိကြမည်ဖြစ်ကြောင်း၊ ယင်းထောက်ပံ့ကြေးများကို သက်သေခံကတ်ပြားရရှိထားသော ဆင်းရဲနွမ်းပါးသူများထံသို့ တိုက်ရိုက်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ အစိုးရထောက်ပံ့ကြေးတွင် မီးရထားခအတွက် ဘတ် ၆၀၀၊ မြို့တွင်းဘတ်စ်ကားခအတွက် ဘတ် ၁၀၀၀ နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အရောင်းဆိုင်များ (Blue Flag Shops) တွင် နေ့စဉ်လိုအပ်ချက်များကို ဝယ်ယူရန်အတွက် ဘတ် ၁၁၅၀ ဟူ၍ သတ်မှတ်ထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Somchai Sujiapongse က ပြောကြားပါသည်။

အစိုးရထောက်ပံ့ကြေး ခံစားခွင့်ရရှိသူများသည် လက်ခံရရှိသည့် ထောက်ပံ့ကြေးအားလုံးကို လစဉ်အပြီးအပြတ်သုံးစွဲရမည်ဖြစ်ပြီး နောက်လများအတွက် စုဆောင်းခွင့်မရှိကြောင်း၊ အစိုးရမှထုတ်ပေးသည့် တရားဝင်ကတ်ပြားရှိသည့် ဆင်းရဲနွမ်းပါးသူများအား တစ်ဦးလျှင် စုစုပေါင်းဘတ် ၂၇၅၀ နှုန်းကို လစဉ်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။ တစ်နှစ်လျှင် စုစုပေါင်းဝင်ငွေ ဘတ်တစ်သိန်းအောက် ရရှိသူများကို ဝင်ငွေနည်းပါးသူများအဖြစ် ထိုင်းအစိုးရက သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။

ထိုင်းအစိုးရသည် ဆင်းရဲနွမ်းပါးသူ သို့မဟုတ် တစ်နှစ်လျှင် ဝင်ငွေစုစုပေါင်း ဘတ် ၃၀၀၀၀ အောက် ရရှိသူများကို ပိုမိုထောက်ပံ့ပေးမည်ဖြစ် ပြီးဆင်းရဲနွမ်းပါးသူ စုစုပေါင်း လေးသန်းအကျုံးဝင်မည်ဖြစ်သည်။ ထို့အပြင် ထိုင်းအစိုးရသည် ဆင်းရဲနွမ်းပါးသူများအတွက် လေ့ကျင့်သင်တန်းများပေးရန် စီစဉ်ထားကြောင်းနှင့် ၎င်းတို့၏လစဉ်ဝင်ငွေ အခြေအနေကိုလည်း စိစစ်အကဲဖြတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။ လစဉ်ဝင်ငွေ တိုးတက်လာသည့်ဆင်းရဲနွမ်းပါးသူများသည် အစိုးရထောက်ပံ့ကြေးကို ခံစားခွင့်ရှိမည်မဟုတ်ကြောင်း၊ အစိုးရ၏ဆင်းရဲနွမ်းပါးမှုထောက်ပံ့ရေး အစီအစဉ်ကို လာရောက်မှတ်ပုံတင်ထားသူ စုစုပေါင်း ၁၄ သန်းရှိကြောင်း တွေ့ရှိရပါသည်။

လွန်ခဲ့သောနှစ်များအတွင်း ထိုင်းအစိုးရသည် ဆင်းရဲနွမ်းပါးမှုထောက်ပံ့ရေးအစီအစဉ်များအတွက် ဘတ်ဂျက်အသုံးစရိတ်ကို တိုးမြှင့်ခဲ့ကြောင်း၊ မသန်စွမ်းသူများအတွက် နှစ်စဉ်ဘတ်နှစ်ဘီလီယံကို သုံးစွဲခဲ့ကြောင်း၊ ၎င်းတို့၏ လစဉ်ဝင်ငွေသည် ၂၀၁၅ ခုနှစ်ကတည်းက ဘတ် ၅၀၀ မှ ဘတ် ၈၀၀ သို့ မြှင့်တင်ပေးခဲ့ကြောင်း၊ နှစ်စဉ်ဝင်ငွေ ဘတ်တစ်သိန်းအောက်ရရှိသည့် ဆင်းရဲနွမ်းပါးသူ စုစုပေါင်း နှစ်သန်းအားယခင်အစိုးရအဖွဲ့သည် တစ်ဦးလျှင် လစဉ်ထောက်ပံ့ကြေးဘတ် ၆၀၀ မှ ဘတ် ၈၀၀ အထိပေးအပ်ခဲ့ပြီး ယခုအစိုးရလက်ထက်တွင် ဘတ် ၁၂၀၀ မှ ဘတ် ၁၅၀၀ အထိ ထောက်ပံ့ပေးထားကြောင်းနှင့် သက်ကြီးရွယ်အိုထောက်ပံ့ရေးအတွက် နှစ်စဉ်ဘတ်ဘီလီယံ ၈၀ ကိုလည်း သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အိန္ဒိယနိုင်ငံ၌ နေရာကွက်၍မိုးကြီးသဖြင့် သီးနှံစိုက်ပျိုးပြီးစီးသည့် ဟက်တာ‌ကေ နှစ်သန်းခန့် ထိခိုက်ပျက်စီးဖွယ်ရှိ

ဥတုရာသီ ပြောင်းလဲမှုကြောင့် အနောက်တောင် မုတ်သုံမိုးသည် အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ဒေသအတော်များများ၌ ဆန့်ကျင်ဘက်အခြေအနေနှစ်ရပ်ကို ဖြစ်ပေါ်စေလျက်ရှိပြီး ပြည်သူများအနေဖြင့် အခက်အခဲ ဘေးဒုက္ခများကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီသည် လေးလခန့်ကြာမြင့်မည်ဖြစ်ရာ ယခုနှစ်ရာသီ ပထမနှစ်လအတွင်း၌ပင် နိုင်ငံအတွင်းရှိ ဒေသအချို့တွင် ပုံမှန်မိုးရေချိန်ထက် ပိုမိုရွာသွန်းခဲ့ပြီး အချို့သောဒေသများတွင်မူ မဖြစ်စလောက် မိုးရေချိန်သာရရှိခဲ့ကြောင်း သိရှိရပါသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဂူဂျာရတ်၊ ရာဂျပ်စသန်၊ အနောက်ဘင်ဂေါနှင့် အာသံပြည်နယ်အတွင်းရှိ အချို့ဒေသများ၌ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ပြီး ယင်းဒေသရှိ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များနှင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ကင်နာတာကာ၊ ကီရာလာ၊ တမီလ်နားဒူးနှင့် မဟာရသျှတ္တရာပြည်နယ်တို့တွင် မိုးရေချိန် လုံလုံလောက်လောက် မရရှိဘဲ မိုးခေါင်သည့် အခြေအနေမျိုးနှင့် ကြုံတွေ့နေရကြောင်း သိရှိရပါသည်။

ရာသီဥတု ဖောက်ပြန်သည့်အတွက် အဆိုပါပြည်နယ်များ၌ ရာသီအမီစိုက်ပျိုးထားသည့် သီးနှံဟက်တာ ၂ ဒသမ ၃ သန်းခန့်မှာ မိုးခေါင်ခြင်း၊ ရေကြီးခြင်းဒဏ်များကို ခံစားရနိုင်ဖွယ်ရှိကာ ၎င်းတို့အနက် ဂူဂျာရတ် ပြည်နယ်သည် ရေလွှမ်းမိုးမှုဒဏ်ကို အဆိုးဆုံးခံစားရဖွယ်ရှိပြီး၊ တမီလ်နာဒူးပြည်နယ်သည် မိုးခေါင်သည့်ဒဏ်ကို အဆိုးရွားဆုံး ခံစားရဖွယ်ရှိကြောင်း၊ မိုးသည်းထန်ခြင်းနှင့် ရေလွှမ်းမိုးခြင်းတို့ကြောင့် ဂူဂျာရတ်ပြည်နယ် မြောက်ပိုင်းဒေသများနှင့် Saurashtra ဒေသတို့တွင် နွေရာသီစိုက် ပျိုးသီးနှံများဖြစ်သည့် ဝါ၊ မြေပဲ၊ ကြက်ဆူ၊ ပဲမျိုးစုံနှင့် နှံစားပြောင်း သီးနှံ စိုက်ဧရိယာစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့် အနည်းဆုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယမိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ ယခုနှစ် ဇွန် ၁ ရက်မှ ဇူလိုင် ၂၇ ရက်အတွင်း အနောက်တောင်မုတ်သုံမိုးသည် ဂူဂျာရတ်ပြည်နယ်တွင် ၆၂ ရာခိုင်နှုန်း၊ ရာဂျက်စသန်ပြည်နယ်တွင် ၅၅ ရာခိုင်နှုန်းနှင့် အနောက်ဘင်ဂေါပြည်နယ်တွင် ငါးရာခိုင်နှုန်းခန့် မိုးရေချိန် အသီးသီး ပိုမိုခဲ့ပြီး၊ ကင်နာတာကာပြည်နယ်တွင် ၂၀ ရာခိုင်နှုန်း၊ တမီလ်နာဒူးပြည်နယ်တွင် ၁၈ ရာခိုင်နှုန်းနှင့် ကီရာလာပြည်နယ်တွင် ၂၈ ရာခိုင်နှုန်း အသီးသီးလျော့နည်းခဲ့ကြောင်း သိရှိရပါသည်။

အာသံပြည်နယ်တွင်မူ နေရာအနှံ့အပြား၌ ရေကြီးမှုများဖြစ်ပေါ်နေသော်လည်း ပုံမှန်မိုးရေချိန်ထက် ၁၀ ရာခိုင်နှုန်းခန့် လျော့နည်းနေကြောင်း၊ ရွာသွန်းသည့်မိုးရေပမာဏမြင့်မားသည့်အတွက် ပုံမှန်မိုးရေချိန်ရရှိသည့်ဒေသများတွင်ပင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။

တာမီလ်နာဒူး ပြည်နယ်တွင် အောက်တိုဘာလမှစတင်မည့် အရှေ့မြောက်မုတ်သုံရာသီမိုးသည် ပြည်နယ်၏ တစ်နှစ်ပတ်လုံး မိုးရေချိန်၏ ထက်ဝက်ခန့်နီးပါးရှိသည့်အတွက် မျှော်လင့်ချက် အနည်းငယ်ရှိသော်လည်း ပြည်နယ်တောင်ပိုင်းဒေသများတွင် လက်ရှိမိုးခေါင်မှုပြဿနာကြောင့် ပိုမိုးဆိုးရွားသည့် အခြေအနေများကို ရင်ဆိုင်နေရကြောင်း၊ ကီရာလာပြည်နယ်သည်လည်း ၁၁၉ နှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# CLMV နိုင်ငံများတွင် ထိုင်းနိုင်ငံမှ ChKarnchang ကုမ္ပဏီက လုပ်ငန်းတိုးချဲ့မည်

ထိုင်းနိုင်ငံ၊ ChKarnchang အများပိုင်ကုမ္ပဏီသည် ၂၀၁၇ ခုနှစ် ဒုတိယနှစ်ဝက်တွင် ဘတ် ၃၅၄ ဘီလီယံတန်ဖိုးရှိ ဆောက်လုပ်ရေးလေလံများကို အောင်မြင်၍ ယခုနှစ်အတွင်း ဝင်ငွေစုစုပေါင်း ဘတ် ၃၀ ဘီလီယံရရှိရန်ရည်မှန်းထားကြောင်း အမှုဆောင်အရာရှိချုပ် Mrs. SupamasTrivisvatet က ပြောကြားပါသည်။

ဤအတောအတွင်း ChKarnchang ကုမ္ပဏီသည် နိုင်ငံခြားတိုင်းပြည်များရှိ ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့မည်ဖြစ်ရာ အထူးသဖြင့် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် တိုးချဲ့မည်ဖြစ်ကြောင်း၊ လာအိုနိုင်ငံ၌ ရေအားလျှပ်စစ်စက်ရုံနောက်တစ်ရုံအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပြီးပါက မြန်မာနိုင်ငံတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံမည်ဖြစ်ရာ အခြေခံအဆောက်အဦနှင့် လျှပ်စစ်မီးစီမံကိန်းများကို ဦးစားပေးမည်ဖြစ်ကြောင်း၊ ယခုပထမနှစ်ဝက်တွင် လေလံအောင်မြင်ခဲ့သည့် တည်ဆောက်ရေး စီမံကိန်းများကို ဒုတိယနှစ်ဝက်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး တစ်နှစ်ပတ်လုံး ဝင်ငွေရည်မှန်းချက်ကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း Mrs. Supamas ကဆက်လက်ပြောကြားပါသည်။

ChKarnchang ကုမ္ပဏီသည် ၂၀၁၇ ခုနှစ် ပထမသုံးလပတ်တွင် စုစုပေါင်း ဝင်ငွေဘတ် ၈ ဒသမ ၅၄ ဘီလီယံရရှိ၍ အသားတင်အမြတ်ငွေ ဘတ် ၃၀၁ ဒသမ ၈၆ သန်းရရှိခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ် တွင် စုစုပေါင်းဝင်ငွေဘတ် ၄၇ ဒသမ ၅၉ ဘီလီယံရရှိ၍ အသားတင်အမြတ်ငွေ ဘတ် ၂ ဘီလီယံရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍသည် ပထမနှစ်ဝက်ထက် ဒုတိယနှစ်ဝက်တွင် ပိုမိုကောင်းမွန်လာရန် မျှော်မှန်းထားကြောင်း အစိုးရ၏ အလုပ်သမားဥပဒေအသစ် ထုတ်ပြန်မှုကြောင့် ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် အိမ်နီးချင်းနိုင်ငံများမှ အလုပ်သမား အမြောက်အမြားသည် မူရင်းနိုင်ငံများသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသော်လည်း မိမိတို့ကုမ္ပဏီ၏ ဆောက်လုပ်ရေးလုပ်ငန်းများကို ထိခိုက်မှုမရှိကြောင်း၊ ChKarnchang အနေဖြင့်လိုအပ်သော အလုပ်သမားများရရှိရေးအတွက် အလုပ်သမားရှာဖွေရေး ဆပ်ကန်ထရိုက်များထားရှိသဖြင့် ချမှတ်ထားသည့် အစီအစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း Mrs. Supamas က ပြောကြားပါသည်။

လာအိုနိုင်ငံတွင် တည်ဆောက်မည့် Xayaburi ရေအားလျှပ်စစ်စီမံကိန်းသည် ကုမ္ပဏီ၏ဦးစားပေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့နောက် ယမန်နှစ်က ရေရရှိရေးစီမံကိန်း (tap water) တစ်ခုကို စတင်ရင်းနှီးမြှုပ်နှံခဲ့သည့် မြန်မာနိုင်ငံတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦနှင့် လျှပ်စစ်မီးစီမံကိန်းများအပေါ် လေ့လာဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းများ တည်ဆောက်ခွင့်ကို လေလံယှဉ်ပြိုင်မှုများမှတစ်ဆင့်ရရှိရန် မျှော်မှန်းထားကြောင်း၊ အာဆီယံဒေသသည် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ရန်အတွက် အလားအလာကောင်းများရှိသည့် ဒေသတစ်ခုဖြစ်ပြီး အထူးသဖြင့် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ဗီယက်နမ်စသည့် CLMV နိုင်ငံ များဖြစ်ကြောင်း၊ CLMV နိုင်ငံများ၏ နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်းသည် ငါးရာခိုင်နှုန်းအထက်တွင်ရှိကြောင်း၊ CLMV နိုင်ငံများတွင် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ခြင်းသည် ရေရှည်စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုကြောင်းနှင့် CLMV နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတိုးချဲ့ရန် ထိုင်းကုမ္ပဏီများအတွက် အခွင့်အလမ်းကောင်းဖြစ်ကြောင်း Mrs. Supamasက ပြောကြားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၄–၈–၂၀၁၇)

ဇော်ဝင်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးပြန်လည်တက်ရိပ်ပြ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ တို့ဈေးပြန်လည်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန်ကျပ် ၇၂၂၀၀၀ နဲ့ဈေးဆက်တိုက်ကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၇၅၆၀၀၀ နဲ့ဈေးပြန်လည်တက်ရိပ်ပြခဲ့ပါတယ်။ မတ်ပဲ SQ (RC) ကလည်း ယခင်တစ်ပတ်အထိ တစ်တန် ကျပ် ၈၅၂၀၀၀ ထိဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၈၉၁၀၀၀ အထိပြန်လည်ဈေးတက်ခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၅၅၄၅၀၀ နဲ့ ဈေးကျဆင်းခဲ့ရာက ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၉၉၀၀၀ ထိ ပြန်လည်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ(RC) က တစ်တန်ကို ကျပ် ၃၄၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၃၉၀၀၀ နဲ့ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၄၄၅၀၀ အသီးသီးဈေးတက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း(အညာ) ရွှေဝါဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း (အညာ) ရွှေဝါတို့ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၂၆၇ ကျပ်နဲ့ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၂၅၀ (တစ်တန်ကျပ် ၇၆၅၄၈၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အလားတူ ပဲတီစိမ်း(အညာ) ရွှေဝါကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၂၄၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၀၀၉ ကျပ် (တစ်တန်ကျပ် ၁၂၃၀၂၉၀ ) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်း (အညာ) ရွှေဝါကို တရုတ် တင်ပို့သူကုန်သည်များက ဝယ်လိုအားနည်းမှုကြောင့် အရောင်းအဝယ်အေးပြီးဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၂၅ ကျပ်(တစ်တန်ကျပ် ၅၆၆၄၆၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားနည်းခဲ့ပြီး အရောင်းအဝယ်လည်းအေးခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာ ၂၈၆၇ ကျပ်နဲ့ ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၈၈၉ ကျပ် (တစ်တန် ကျပ် ၁၇၆၉၁၉၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ကြောင်းသိရပါတယ်။ နှမ်းဖြူထိပ်စကလည်း ယခင်တစ်ပတ်ထိ ရက်သတ္တသုံးပတ်ဆက်တိုက် တစ်ပိဿာ ၂၃၃၃ ကျပ်နဲ့ဈေးငြိမ်နေခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၇၈ ကျပ်(တစ်တန်ကျပ် ၁၇၀၁၂၁၀) နဲ့ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က စီပီပြောင်းတစ်ပိဿာ ၅၂၈ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၅၁၉ ကျပ်(တစ်တန်ကျပ် ၃၁၇၈၃၀)နဲ့ ဈေးကျခဲ့ပါတယ်။ စီပီပြောင်းကို တရုတ်နိုင်ငံသို့တင်ပို့သူများနဲ့ အစာစပ်လုပ်ငန်းရှင်များက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ရိပ်ပြသော်လည်း မတ်ပဲဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေးပြန်လည်တက်ရိပ်ပြခဲ့ပေမယ့် မတ်ပဲနဲ့ပဲတီစိမ်းလုံးကြီးက ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၈၈၅ ကျပ်အထိ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၀၅ ကျပ်(တစ်တန်ကျပ် ၅၅၄၂၁၀) နဲ့ပြန်လည် ဈေးမြင့်ခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်မှ အဝယ်နည်းတာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်းလည်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၂၁၅ ကျပ်ထိဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၂၀၀ (တစ်တန်ကျပ် ၇၃၄၈၆၀) နဲ့ဆက်လက်ဈေးကျခဲ့ပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်လုပ်ငန်းရှင်များက ပုံမှန်ဝယ်လိုအားရှိကြောင်းလည်း သိရပါတယ်။ အလားတူပဲတီစိမ်းလုံးကြီးကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၂၆ ကျပ်နဲ့ဈေးကျခဲ့သလို ယခု တစ်ပတ်မှာလည်း တစ်ပိဿာ ၁၈၉၅ ကျပ်(တစ်တန်ကျပ် ၁၁၆၀၄၇၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးတင်ပို့မယ့်သူများက ဝယ်လိုအားပုံမှန်ရှိကြောင်းသိရပါတယ်။ ကုလားပဲဖြူလုံးကြီးက ယခင်တစ်ပတ်ဈေးတစ်ပိဿာ ၂၁၈၄ ကျပ်(တစ်တန်ကျပ် ၁၃၃၇၄၅၀)နဲ့ ဆက်လက်ဈေးငြိမ်နေပြီး မြို့ခံပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် နယ်အဝင်နည်းတာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာပြောင်းဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးဆက်လက်ကျဆင်းခဲ့ကြောင်းသိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၅၂၀ နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၅၀၀ (တစ်တန် ကျပ် ၃၀၆၁၉၀) နဲ့ ဆက်လက်ဈေးကျခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၃၄၁၂၇၇၃ ပိဿာရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၃၃၆၀၈၀၇ ပိဿာရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိ ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေး ဆက်လက် ကျဆင်း

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာကျပ် ၄၈၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်းတစ်ပိဿာ ၄၇၅ ကျပ် (တစ်တန်ကျပ် ၂၉၉၈၈၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ စီပီပြောင်းကို ရန်ကုန် ဝယ်လက်၊ မန္တလေးဝယ်လက်နဲ့ မွေးမြူရေးလုပ်ငန်းရှင်များ၊ အစာစပ်လုပ်ငန်းရှင်များက ဝယ်ယူလျက်ရှိကြောင်းလည်း သိရပါတယ်။ ပဲပုပ်အကြီးက တစ်ပိဿာ ကျပ် ၁၁၀၀ (တစ်တန် ကျပ် ၆၇၃၆၂၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးကျဆင်း

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းက ယခင်တစ်ပတ်အထိ ဆက်တိုက်ဈေးမြင့်ခဲ့ပြီး တစ်ပိဿာ ၂၀၂၅ ကျပ်ထိ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၇၅ ကျပ်(တစ်တန်ကျပ်၁၁၄၈၂၃၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းကို မန္တလေးတင်ပို့မယ့်သူများက ဝယ်ယူလျက်ရှိကြောင်းလည်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန်တစ်ပိဿာကျပ် ၂၀၀၀ နဲ့ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၀၅၀ (တစ်တန်ကျပ် ၁၂၅၅၃၉၀) နဲ့ ဈေးပြန်လည်တက်ရိပ်ပြခဲ့ပါတယ်။ ကုလားပဲဟော်လန်ကို မြို့ခံပဲခွဲစက်များက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် နှမ်းနီကယခင်တစ်ပတ်ဈေး တစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀)နဲ့ ဆက်လက်ဈေးငြိမ်နေပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိဿာ ကျပ် ၂၁၀၀ နဲ့ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၀၈၀ (တစ်တန်ကျပ် ၁၂၇၃၇၇၀)နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ အလားတူ ယခင်တစ်ပတ်က သိပ္ပံနှမ်းနက်တစ်ပိဿာ ကျပ် ၂၇၀၀ အထိဈေးမြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၆၇၀ (တစ်တန်ကျပ် ၁၆၃၅၀၈၀) နဲ့ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်နဲ့ နှမ်းနက်ရိုးရိုးကို မန္တလေးတင်ပို့မယ့်သူများက ဝယ်ယူပြီး နှမ်းနီကိုမြို့ခံဆီစက်လုပ်ငန်းများက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ပြန်လည်တက်ရိပ်ပြ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီ တို့ဈေးပြန်လည်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကျပ် ၁၂၁၀ နဲ့ဈေးကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၁၅ ကျပ် (တစ်တန်ကျပ် ၇၄၄၀၅၀) နဲ့ ဈေးပြန်လည် တက်ရိပ်ပြခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၈၆၅ ကျပ်နဲ့ ဈေးကျဆင်းခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၀၅ ကျပ် (တစ်တန် ကျပ် ၅၅၄၂၁၀) နဲ့ ဈေးပြန်လည်တက်ရိပ်ပြ ခဲ့ပါတယ်။ ဆီထွက် သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က သိပ္ပံနှမ်းနက်အသစ် တစ်ပိဿာ ၂၇၇၈ ကျပ်သာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၄၅ ကျပ် (တစ်တန် ကျပ် ၁၇၄၂၂၄၀) နဲ့ ဈေးမြင့်ခဲ့ပါတယ်။ မန္တလေးဝယ်လက်က ဝယ်လို အားများတာကြောင့် သိပ္ပံနှမ်းနက်အသစ် ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ၂၃၅၅ ကျပ်သာရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၀၀ (တစ်တန် ကျပ် ၁၅၉၂၂၁၀ )နဲ့ ဈေးမြင့် ခဲ့ပါတယ်။ နှမ်းဖြူထိပ်စကို မြို့ခံနှမ်းလှော်လုပ်ငန်းများနဲ့ မန္တလေးတင်ပို့မယ့်သူများက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ရိပ်ပြပြီး ပဲတီစိမ်းဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ ဈေးပြန်လည်တက်ရိပ်ပြခဲ့ပြီး ပဲတီစိမ်း(လုံးသေး) ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၈၈၀ ထိဈေးကျခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၃၅ ကျပ် (တစ်တန်ကျပ် ၅၇၂၅၈၀) နဲ့ဈေးပြန်လည်တက်ရိပ်ပြခဲ့ပါတယ်။ ပဲတီစိမ်း(လုံးသေး) က ယခင်တစ်ပတ်က တစ်ပိဿာ ၁၉၇၅ ကျပ်အထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၇၆၀ (တစ်တန်ကျပ် ၁၀၇၇၈၀၀ )နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းလုံးသေးကို မန္တလေးဝယ်လက်က ဝယ်လိုအားရှိပေမယ့် ဈေးကွက်အတွင်းအဝင်နည်းတာကြောင့် အရောင်းအဝယ်နည်းကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ပြောင်း ၅၀ ကီလိုတစ်အိတ်ကို ယခင်တစ်ပတ်က ၇၂ ယွမ်မှ ၈၂ ယွမ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ ၇၄ ယွမ်မှ ၈၃ ယွမ် (တစ်တန်ယွမ် ၁၄၈၀ မှ ယွမ် ၁၆၆၀) အထိ ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်မှုမှာတော့ ယခင်တစ်ပတ်က တန်ချိန် ၁၄၃၀၀ ကျော်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တန်ချိန် ၁၁၆၀၀ ကျော်သာရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အီလက်ထရောနစ်ငွေပေးချေမှုဆိုင်ရာ ဟောပြောပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် Mastercard တို့ပူးပေါင်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အီလက်ထရောနစ်ငွေပေးချေမှုဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၁ ရက်က UMFCCI မင်္ဂလာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး၊ Global Community Relations Outreach, Mastercard မှ Senior Vice President ဖြစ်သူ Ravindra Aurora က Digital ငွေပေးချေမှုစနစ်ဖြင့် SME လုပ်ငန်းများအား ရှင်သန်ကြီးထွားလာစေခြင်း ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်အနေဖြင့် တစ်ကမ္ဘာလုံး၌ ငွေသားကင်းမဲ့သော အသွင်သို့ ကူးပြောင်းနေချိန်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အီလက်ထရောနစ်ငွေ ပေးချေမှုစနစ်ကို အသုံးပြုခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုမြန်ဆန်လာစေခြင်း၊ ငွေသားကိုင်ဆောင်ရန် မလိုခြင်း၊ လုံခြုံစိတ်ချရမှုရှိခြင်း လုပ်ငန်းပိုမိုတွင်ကျယ်စေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင်လည်း ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှု များအား ငွေသားကိုင်ဆောင်ရန် မလိုဘဲ ၂၀၁၇ ခုနှစ်မှစတင်ကာ E-Payment စနစ်ဖြင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်ဇွန်လတွင် POS Device သုံး MPU ကတ်များဖြင့် ဘဏ်အားလုံးမှ ပေးချေနိုင်သည့် စနစ်ကို ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှုများကို နိုင်ငံတကာအဆင့်မီအောင် ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ နည်းပညာတိုးတက်ပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပေါ်နေသည့်အလျောက် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ငွေပေးချေခြင်း၊ လုပ်ငန်းရှင်/ကိုယ်စားလှယ်များထံမှ ဝန်ဆောင်ခများလက်ခံ ခြင်းစသည်တို့ကို E- Payment စနစ်ဖြင့် ဆောင်ရွက်ခြင်းသည် ငွေကြေးလည်ပတ်မှုနှင့် ဘတ်ဂျက်ထိန်းချုပ်မှုတို့ကို ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ UMFCCI မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**UTS**

# ပြည်သူလူထု သက်ရှည်ကျန်းမာဖို့ စားသုံးသူ အကာအကွယ်ပေးရေး

# aqmif&OuHfbY

| နိုင်ဦး၊ မြင့်မြင့်ချို |

လူတိုင်းလူတိုင်းသည် နံနက်အိပ်ရာထသည်မှ ညအိပ်ရာဝင်သည်ထိ တစ်နေ့တာ လုပ်ငန်းဆောင်တာများကို ပုံမှန်ဆောင်ရွက်နိုင်ရေးအတွက် နေ့စဉ်အာဟာရများကို မှီဝဲ စားသုံးကြရပေသည်။

စားသုံးသည့် အာဟာရများသည် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းပြီး သဘာဝ အာဟာရဓာတ်များ ပြည့်စုံမှသာလျှင် သက်တမ်းစေ့ နေထိုင်လုပ်ကိုင်နိုင်မည်ဖြစ်ရာ စားသုံးကြရာ တွင်လည်း မျက်စိ၊ နှာခေါင်း၊ ဦးနှောက်၊ ပါးစပ်တို့ဖြင့် မြင်သိဆုံးဖြတ်ပြီးမှသာ စားသုံးသင့်ပေသည်။ ပထမဦးစွာ စားသုံးမည့် ပစ္စည်းကို မျက်စိဖြင့် ကြည့်၍ သပ်ရပ်သန့်ရှင်းစွာ ထုပ်ပိုးထားမှု ရှိ/မရှိ၊ ထုတ်လုပ်သည့် ရက်စွဲ၊ သက်တမ်း ကုန်ဆုံးမည့် ရက်စွဲ ပါ/ မပါ၊ တွဲဘက်စားသုံးရန် သင့်/ မသင့် (သို့) ဓာတ်မတည့်သော ပစ္စည်းများ ဖော်ပြထားခြင်း ရှိ/မရှိနှင့် တစ်ခုခု ထိခိုက်နစ်နာမှုများ ရှိလာပါက နောက်ကြောင်းပြန်လိုက်နိုင်ရန် ထုတ်လုပ်သူ/ဖြန့်ဖြူးသူ၏ လိပ်စာ၊ ဖုန်းနံပါတ် များကိုလည်း သတိပြုစစ်ဆေး ကြည့်ရှုရပါမည်။ ဒုတိယအနေဖြင့် လတ်ဆတ်မှုရှိ/မရှိ၊ အနံ့ ပြောင်းလဲမှု ရှိ/မရှိ၊ အခြားအနံ့များ ပါဝင်နေခြင်းရှိ/မရှိ နှာခေါင်းဖြင့် အနံ့ခံကာ စစ်ဆေးရပါမည်။ တတိယအနေဖြင့် ထိုမျက်စိ၊ နှာခေါင်းတို့ဖြင့် စစ်ဆေးပြီးသော စားသုံးမည့် ပစ္စည်းနှင့်ပတ်သက်၍ စားသုံးရန် ဖြစ်နိုင်/မဖြစ်နိုင်၊ ဝယ်ယူရန် သင့်/မသင့် ဦးနှောက်ဖြင့် သုံးသပ်ဆုံးဖြတ်ပြီး နောက်စတုတ္ထအနေဖြင့် ပါးစပ်ဖြင့် စားသောက်ကြပါတော့သည်။ မစားသုံးခင် အဆင့်အလိုက် စစ်ဆေး၍ လေ့လာသုံးသပ်ပြီးမှသာ စားသုံးပါက ဘေးဥပဒ်အန္တရာယ် ကင်းရှင်းနိုင်မည်ဖြစ်သည်။

ယနေ့ကာလတွင် စားသုံးသူများသည် အစားအသောက်များ၊ အသုံးအဆောင်များကို မပင်ပန်းဘဲ သက်သက်သာသာ၊ လွယ်လွယ်ကူကူရယူ၍ အရသာ ရှိရှိဖြင့် စားသုံးလိုကြသည်။ ကောင်းတာစားသုံးပြီးလျှင် ပို၍ကောင်းတာကို မျှော်လင့်တောင့်တ လာကြပြန်ပါသည်။ အသင့် ခူးပြီးခပ်ပြီးရောပြီးစပ်ပြီး ဇိမ်ခံစားသောက်စရာများကို ရှာဖွေလာကြသည်။ ဂုဏ်တု ဂုဏ်ပြိုင် စားသုံး လိုလာကြသည်။ ပြည်တွင်းဖြစ် ဘေးအန္တရာယ် ကင်းသော စားသုံးပစ္စည်းများထက် ပြည်ပမှ အမြင်လှလှပစ္စည်းများကိုသာ မက်မက် မောမော အထင်တကြီး စားသုံးလိုသည့် လောဘများ တိုးတက်ဖြစ်ပေါ်လျက်ရှိသလို စီးပွားရေး လုပ်ငန်းရှင်များက မသိနားမလည်သေးသော အချို့ စားသုံးသူတို့၏ လိုလားချက်အရလည်းကောင်း၊ အမြတ်အစွန်းကြီးမားစွာ ရရှိရေးအတွက်လည်းကောင်း၊ လောဘတရား ရှေ့ထားကာ သုံးစွဲခွင့်မရှိသော ဓာတုဆေးပစ္စည်းများကို သုံးစွဲကာ အစွန်းရောက်အရသာ အရောင်နှင့် မျက်စိပသာဒ အလှအပများ ရရှိရေးအတွက် သုံးစွဲပြီး ထုတ်လုပ်ရောင်းချလျက် ရှိနေပါသည်။ လုပ်ငန်းရှင်များသည် မိမိတို့ထုတ်လုပ်ရောင်းချလိုက်သော ကုန်စည်ကို စားသုံးမိသူ အပေါင်း အာဟာရဖြစ်ပါစေ၊ ဘေးကင်းစွာ သုံးစွဲနိုင်ပါစေဆိုသော စေတနာထားကာ ဆောင်ရွက်ကြရန် လို ပါသည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူ့သက်တမ်းအနေဖြင့် ကျား ၆၅ နှစ်၊ မ ၆၈ နှစ်၊ ပျမ်းမျှသက်တမ်းရှိပြီး၊ ၂၀၁၅ ခုနှစ် သို့ ရောက်သောအခါ ကျား ၆၂ နှစ်၊ မ ၆၅ နှစ် ဖြစ်လာ၍ ပျမ်းမျှ သက်တမ်းများ တဖြည်းဖြည်း တိုလာသည်ကို တွေ့ရှိလာရပါသည်။ မကြာခင်သောကာလတွင် ဘေးဥပဒ်အန္တရာယ်ရှိသော စားသုံးပစ္စည်းများကိုသာ ဆက်လက်၍ စားသုံး၊ သုံးစွဲနေပါက မြန်မာနိုင်ငံ၏ ပျမ်းမျှ လူ့သက်တမ်းသည် ပို၍ပို၍တိုသွားရုံသာ ရှိပါတော့မည်။ ပျမ်းမျှ လူ့သက်တမ်း ၄၀ နှစ်၊ ၅၀ နှစ်နှင့် ဘဝသစ် ကူးပြောင်းသွားနိုင်သလို၊ မကူးပြောင်းခင် ရောဂါဘယများကို ခံစားရနိုင်ဖွယ်ရှိပါသည်။

ရေတို ချက်ချင်းသေကြေ ပျက်စီးမှုကို လူတိုင်း တုန်လှုပ်ကြောက်ရွံ့သော်လည်း ရေရှည်သုံးစွဲပါက ဖြစ်ပွားလာနိုင်သည့် သေကြေ ပျက်စီးမှုများကို တုန်လှုပ်ကြောက်ရွံ့မှု အလွန်ပင် နည်းပါးသဖြင့် နောင်မှ တရသည့် နောင်တများကိုသာ ရင်ဝယ် ပိုက်ရသူများ ထုနှင့်ဒေး ဖြစ်လာပါသည်။ လူတိုင်း သက်တမ်းရှည်ပြီး ကျန်းမာမှသာ လူ့ဘဝကို အနှစ်သာရပြည့်စုံစွာ ရရှိနိုင်ပါမည်။ သက်တမ်းရှည်ပြီး မကျန်းမာပါက အဓိပ္ပာယ်မဲ့ကာ မိသားစုကို တာဝန်ပိစေမည်ဖြစ်သည်။ မိမိအသက်ကို မိမိသာ စောင့်ရှောက်ရမည်ဖြစ်သလို မိသားစုအသက်ကိုလည်းမီးဖိုချောင်ကို ချုပ်ကိုင်ထားသော အိမ်ရှင်မများက စောင့်ရှောက်ရပေမည်။ တာဝန်ယူရပေမည်။ အိမ်ရှင်မများကလည်း ဇီဝိတဒါန ကုသိုလ်ကို အမြဲရနေသည်ဟု မှတ်ယူရပါမည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်မူ ပြောဆိုဖွယ်ရာ မရှိ၊ အနာဂတ် အန္တရာယ်မှာ လွန်စွာပင် ကြီးမားလှပါသည်။ ထိုသို့မဖြစ်စေရေးအတွက် စားသုံးသူများကို အပြည့်အဝကာကွယ်ပေးသော နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူ ပြုသော စားသုံးသူများ၏ အခွင့်အရေး၊ လိုက်နာရမည့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏တာဝန်များ၊ တားမြစ်ချက်များကို တိကျစွာ ဖော်ပြထားသော ဥပဒေ တစ်ရပ်ပြဋ္ဌာန်းနိုင်ရန် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် အရေးတကြီး လိုအပ်လာပါသည်။

ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနက ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၀ ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄)အား ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ဥပဒေနှင့်အညီ စားသုံးသူများ လိမ်လည်လှည့်ဖြားမှု မခံရစေရေး၊ စားသုံးသူများ၏ အခွင့်အရေးများအား ထိရောက်စွာ ကာကွယ်ပေးနိုင်ရေး၊ စားသုံးသူများအား သတင်းအချက်အလက်မှန်များ ဖြန့်ဝေပေးနိုင်ရေး၊ စီးပွားရေး လုပ်ငန်းရှင်များ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ဘေးအန္တရာယ် ကင်းရှင်းသော ကုန်စည်ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရေး စသည့် ရည်ရွယ်ချက်များ ဖြင့်ပြဋ္ဌာန်းကာ စားသုံးသူ ပြည်သူလူထု၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်း များသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ဈေးများ၊ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ စက်ရုံ၊ အလုပ်ရုံများ၊ အသင်းအဖွဲ့ များနှင့် ထိတွေ့၍ စစ်ဆေးပညာပေး ဟောပြော ဆွေးနွေးခြင်းများအား ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။

စားသုံးသူများသည် ဝယ်ယူပစ္စည်း၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ခြင်း၊ ဝန်ခံ ကတိပြုထားသော တန်ဖိုး စည်းကမ်းချက်များ၊ အာမခံချက်များ အတိုင်းရယူနိုင်ခြင်း၊ သတင်းအချက်အလက်များ ရယူနိုင်ခြင်း၊ မျှတသော ဆက်ဆံမှု ရရှိခြင်းများ ရရှိရမည်ဖြစ်သည်။ မရရှိပါက သို့မဟုတ် နစ်နာဆုံးရှုံးမှုများနှင့် ကြုံတွေ့ရပါက မိမိတို့နှင့်နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စားသုံးသူရေးရာ ဦးစီးဌာန များသို့တိုင်ကြားနိုင်ပါသည်။ တိုင်ကြားမှုများနှင့်ပတ်သက်၍ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြေရှင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

*စာမျက်နှာ (၁၀)သို့ ➢*

Vol: 17, No.30 Monday August 7 2017

# မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အင်ကြင်းကျောက် တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၆၂ သန်း တန်ဖိုးရှိ အင်ကြင်းကျောက် ၄၅ တန်ကို တင်ပို့ခဲ့ပါတယ်။ အင်ကြင်းကျောက်ကို မူဆယ်မှ ဧပြီလက ၄၁ တန် ကျော်နဲ့ မေလက ၁၂ တန်ကျော် တင်ပို့ခဲ့တာတွေ့ရ ပါတယ်။

အင်ကြင်းကျောက်ကို ဝယ်ယူသူများသည် မကွေး၊ နတ်မောက်၊ မြို့သစ်မြို့များအတွင်း ကျောက်တွေ့ရှိရာ ဒေသများအထိ လိုက်လံဝယ်ယူကြောင်း၊ ဒေသခံတောင်သူတချို့က နွေရာသီ သီးနှံ စိုက်ပျိုးမှုမပြုလုပ်တဲ့ အချိန်တွေမှာ အင်ကြင်းကျောက်ရှာဖွေခြင်းကို လုပ်ငန်းတစ်ခု အနေနဲ့လုပ်ကိုင်ကြကြောင်း၊ အင်ကြင်းကျောက်များတွေ့ရှိရာဒေသများမှတစ်ဆင့် မန္တလေးတိုင်း မတ္တရာမြို့သို့ တင်ပို့ပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရောင်းချကြကြောင်း မူဆယ်ကုန်သည်များအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**



## ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ရေထွက်ကုန် တင်ပို့မှုကျဆင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၈ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၃၁ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဘင်္ဂလားဒေ့ရှ် နယ်စပ်မှ ၁၅၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁ တန် တင်ပို့မှု ကျဆင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်တင်ပို့မှုမရှိသလို မောင်တောကုန်သွယ်ရေးစခန်းမှလည်း ရေထွက်ကုန် တင်ပို့မှု ကျဆင်းခဲ့တဲ့အတွက် ယခုလို လျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။ မောင်တော ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့တဲ့ ရေထွက်ကုန်ပစ္စည်းများမှာ ငါးသလောက်၊ ရေချန်ပုစွန်၊ ငါးခေါင်းပွ၊ ငါးစုံလေးခြောက်၊ ငါးမြစ်ချင်း၊ ငါးနီတူခြောက်၊ ငါးကုန်းညိုခြောက်တို့ဖြစ်ပါတယ်။

စစ်တွေ ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် တင်ပို့မှု မရှိပေမယ့် အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၂ သန်း တန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ချင်း(အစို)၊ ဩဇာမထ ဆန် ၂၅ မှတ် ၊ ဆီးဖတ်၊ သစ်ခေါက် ၊ ဆီးယိုထုပ်တို့ကို တန် ၅၀၀ ကျော် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ချင်းရွှေဟော်မှ သကြား လျော့နည်းတင်ပို့ပြီး မြဝတီမှ ပိုမိုတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် စခန်းသုံးခုမှ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၄၆ သန်းတန်ဖိုးရှိ Re-Export သကြား ၁၇၆၀၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၄၆၁၄ တန်၊ လွယ်ဂျယ်မှ ၉၉၉ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၉၉၅ တန်ကျော် ဖြစ်ပါတယ်။ယခင်တစ်ပတ်က မူဆယ်မှ ၁၃၉၈၅တန်၊ လွယ်ဂျယ်မှ ၇၄ တန်၊ ချင်းရွှေဟော်မှ ၃၉၄၂တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၁၀၀ တင်ပို့ခဲ့ ပါတယ်။

ယခုတစ်ပတ် မူဆယ်နဲ့ လွယ်ဂျယ်မှ သကြား ပိုမိုတင်ပို့ခဲ့ပေမယ့် ချင်းရွှေဟော်မှ ၁၉၄၆ တန်ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင်လ နောက်ဆုံးပတ်ရဲ့ သကြားတစ်တန်ဈေးကတော့ ကျပ် ၇၆၀၁၈၀ ဖြစ်ပြီး တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၃၈၂၀ ရှိတယ်လို့ သိရပါတယ်။ ဇူလိုင်လအတွင်း တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်း လေးခုပေါင်းမှ Re-Export သကြား တန်ချိန် ကိုးသောင်းခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ စခန်းများရဲ့ စာရင်းများအရ သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှလည်း ယခုရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၂ သန်း တန်ဖိုးရှိ Re-Export သကြား တန် ၂၇၃၀ ကို ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ ၁၅၇၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၁၅၆ တန်ကျော်ပိုမို တင်သွင်းလာတာ တွေ့ရပါတယ်။ ဇူလိုင်လတစ်လလုံး မြဝတီမှတစ်ဆင့် သကြားတန် တစ်သောင်းကျော်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ကုန်သွယ်ရေး စခန်းများမှ ဆိုင်ကယ်များ တင်သွင်းမှုကျဆင်း

တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်ထိ သီတင်းပတ် အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၁၈ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံကို ၈၅၁၃ စီးခန့် တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၅၀၉ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၉၆ စီး လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ် တင်သွင်းမှု မရှိသလို မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းများမှ တင်သွင်းမှု လျော့ကျခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၈၈ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၇၄၅၈ စီး၊ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၀၀ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၉၅ စီး၊ ကန်ပိုက်တီ ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် အစီး ၆၀ ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ကုန်သွယ်ရေးစခန်းများမှ သစ်သီးဝလံမျိုးစုံ တင်ပို့

ဇူလိုင် ၂၂ ရက်မှ ၂၈ ရက် အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းများမှ အမေရိကန်ဒေါ်လာ ၂၁၇၁၆ တန်ဖိုးရှိ ဖရဲသီး ၂၂၈ တန်ကျော်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်မှ အမေရိကန်ဒေါ်လာ၇၂၁၆တန်ဖိုးရှိနာနတ်သီး၉၁တန်ကိုတရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၅၀၉ တန်ဖိုးရှိ အာလူး ၁၀ တန်ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၃၈၀ တန်ဖိုးရှိ ဒညင်းသီး ၁၃ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၉၉၀ တန်ဖိုးရှိ ပန်းသီး ၁၅ တန်နဲ့ အမေရိကန်ဒေါ်လာ ၇၆၉၃ တန်ဖိုးရှိ သရက်သီး ၁၅ တန်ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။

**မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးများ ပိုမိုတင်ပို့

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၄၈ သန်းတန်ဖိုးရှိ ကွမ်းသီး ၇၈၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၃၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၆ တန် ပိုမို တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ လျော့နည်းတင်ပို့ခဲ့ပေမယ့် တမူး ကုန်သွယ်ရေးစခန်းမှ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကို ကြည့်ပါက တမူးကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ သုညဒသမ ၁၉၃ သန်း တန်ဖိုးရှိ ကွမ်းသီး ၂၁၉ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၅၅ သန်း တန်ဖိုးရှိ ကွမ်းသီး ၅၆၅ တန်ကို တင်ပို့ခဲ့တယ်လို့သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၀ သန်းတန်ဖိုးရှိ နန့်ဖာလုံအမယ်စုံ၊ ငရုတ်ကောင်း၊ စီးကရက်၊ ပန်းသီး၊ သရက်သီး၊ ကွမ်းသီးအစိုနဲ့ အုန်းသီး တို့ကို ၁၀၈ တန် တင်ပို့ခဲ့ပြီး ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၇ သန်းတန်ဖိုးရှိ ဆေးရိုး၊ စီးကရက်၊ အချိုရည်၊ ဆပ်ပြာ၊ ငါးမှုန့် ၊ ငါးသေတ္တာတို့ကို ၃၇၇ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ လက်ဖက်ခြောက် ပိုမိုတင်ပို့ပြီး တာချီလိတ်မှ လျော့နည်းတင်ပို့

ဇူလိုင် နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေး ဇုန်မှ အမေရိကန် ဒေါ်လာ ၁၂၄၄၀ တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၄၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တစ်တန်ခွဲနဲ့နှိုင်းယှဉ်ပါက ၃၈ တန်ခွဲ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဇူလိုင်လအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် တန် ၇၀ ကျော် တင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၀၈၆၄ တန်ဖိုးရှိ လက်ဖက်ခြောက် ၂၈ တန်နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၀ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဇူလိုင်လတစ်လလုံး တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက် တန် ၇၀ နီးပါး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဂျာမနီနိုင်ငံက လက်ဖက်ခြောက်ဝယ်ယူရာမှာ လက်နဲ့လုပ်တဲ့ လက်ဖက်ခြောက်ကို မနှစ်သက်ကြောင်း၊ စက်နဲ့လုပ်တဲ့ အရည်အသွေးပြည့် လက်ဖက်ခြောက်ကို မှာယူတာဖြစ်တဲ့အတွက် ကိုယ့်ဘက်က သူတို့လိုချင်တဲ့ စံနှုန်းရအောင် ပြုလုပ်ပေးရကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သိရှိရပါတယ်။

**မော်မော်အောင်**

# ပျားရည်ကုန်စည် တင်ပို့မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ သတ်မှတ်ချက်လုပ်ထုံးလုပ်နည်းများ

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ပျားရည်ကုန်ပစ္စည်း တင်ပို့သည့် ကုန်သွယ်ဖက်နိုင်ငံအဖြစ် သတ်မှတ်ထားပြီး အကူးအပြောင်းကာလ ၁၈ လကို စီစဉ်ပေးထားပါကြောင်း၊ အကူးအပြောင်းကာလ ၁၈ လမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၈ ရက်အထိဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ တရုတ်သို့တင်ပို့ရောင်းချမည့် ပျားရည်၏အစားအစာ ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုစနစ်၏ စစ်ဆေးအကဲဖြတ်ခြင်း၊ တင်ပို့သည့် ပျားရည်ကုန်စည်များ အန္တရာယ် ရှိ/မရှိစိစစ်ခြင်း လုပ်ငန်းတို့ကို အဆိုပါ အကူးအပြောင်းကာလ ၁၈ လအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည့်အပြင် ပျားရည်ကုန်စည် ကျန်းမာရေးသက်သေခံလက်မှတ်ကို တရုတ်နိုင်ငံမှ သက်ဆိုင်ရာဌာနနှင့်ညှိနှိုင်းသတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်ကို ပြီးစီးအောင်ဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံမှ ပျားရည်ကုန်စည်များ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အကူးအပြောင်းကာလစတင်ချိန်တွင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် ပျားရည်ကုန်ပစ္စည်း၏ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်ကို မေးမြန်းစုံစမ်းခြင်း၊ စာရွက်စာတမ်းနှင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် ပျားရည်ကုန်စည်၏ ကျန်းမာရေးသက်သေခံလက်မှတ် (Health Certificate) သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ ဖြည့်စွက်၍ပြန်လည်ပေးပို့ရန်အကြောင်းကြားခဲ့ကြောင်း၊ ယခုအခါအကူးအပြောင်းကာလ ၁၈ လပြည့်တော့မည်ဖြစ်ရာ တရုတ်နိုင်ငံဘက်မှ စစ်ဆေးအကဲဖြတ်ခြင်းနှင့် အတည်ပြုခြင်းကို အချိန်မီဆောင်ရွက်နိုင်ရန်အတွက် အဆိုပါဖြေကြားချက်နှင့် သက်သေခံ လက်မှတ်နမူနာပုံစံတို့ကို မြန်မာနိုင်ငံမှ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

အဆိုပါ အကူးအပြောင်းကာလ ၁၈ လအတွင်းတွင် အထက်ဖော်ပြပါ အချက်အလက်များကို တရုတ်နိုင်ငံဘက်မှ လက်ခံရရှိခဲ့ခြင်း မရှိပါက ဖော်ပြပါအလုပ်များကို ပြီးစီးအောင်ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချ ခွင့်ပြုချက်များရရှိသည့်အချိန်အထိ မြန်မာနိုင်ငံမှ ပျားရည်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်မည်မဟုတ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် ပျားရည်ကုန်ပစ္စည်း၏ လုံခြုံရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ်ကို မေးမြန်းစုံစမ်းခြင်း၊ စာရွက်စာတမ်းတွင် ပါဝင်သည့်အချက်များမှာ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ဖွဲ့စည်းပုံ၊ သွင်းကုန်/ပို့ကုန်ပျားထွက်ကုန်ပစ္စည်း အရည်အသွေး လုံခြုံရေး စီမံခန့်ခွဲမှု အဖွဲ့အစည်း၊ လူအင်အားနှင့် အရာဝတ္ထုအရင်းအမြစ်များ ကျင့်သုံးဆောင်ရွက်နိုင်စွမ်းနှင့် တရားဥပဒေသတ်မှတ်ချက်များ၊ ပျားမွေးမြူရေးအခြေခံစခန်း၊ ခွဲတ်ခွဲစမ်းသပ်ခန်း၊ ကြီးကြပ်စစ်ဆေးရေး၊ ပြုစုပျိုးထောင်ရေး၊ လုပ်ငန်း၏ အခြေခံအချက်အလက်များနှင့် ပုံနှိပ်ထုတ်ဝေခြင်း အခြေအနေများဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ ပျားရည်တင်ပို့ရောင်းချရန် ကျန်းမာရေး သက်သေခံလက်မှတ် (Health Certificate) သတ်မှတ်ချက်တွင် ပါဝင်သည့်အချက်အလက်များမှာ ကုန်ပစ္စည်းနှင့် ထုတ်လုပ်ရောင်းချသူ၏အခြေခံအချက်အလက်များ၊ သက်သေခံလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့်လုပ်ငန်းအစီအစဉ်အချက်အလက်များဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဒေါက်တာမျိုးထွန်း(DOT)**
**Source-ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး၊ ပေကျင်းမြို့**

# ပင်လယ်ရေကြောင်းမှ ဆန်ပိုမိုတင်ပို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အများဆုံးဝယ်ယူ

မြန်မာ-တရုတ် နယ်စပ်ရှိကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၁၂ သန်း တန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၂၅၀၇၇ တန်ခန့် တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၁၈၈၁ တန်နဲ့ ဧည့်မထဆန် ၇၉၇၈ တန်၊ ကောက်ညှင်းဆန် ၂၇၈ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၂၆ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၁၅၈ တန် ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၄၂တန်၊ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၅၁၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန် ၂၇၈၄၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဆန်တင်ပို့မှု ၂၇၆၅ တန် လျော့ကျခဲ့ပါတယ်။

မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၈၈ သန်း တန်ဖိုးရှိ ဆန်ကွဲ ၂၇၀၅ တန်ကျော် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၂၀၉၆ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၅၈၉ တန်ကျော်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တန် ၂၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၃၂၉၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၈၅ တန် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ဆန်ရော ဆန်ကွဲပါ တင်ပို့မှုလျော့ကျခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇူလိုင် ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၀၉ သန်း တန်ဖိုးရှိဆန်ဖြူနဲ့ပေါင်းဆန် ၂၃၄၄၃ တန်ခန့် တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၆၅၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထ ဆန် ၁၀၂၄ တန်၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၃၅၀၊ ဟောင်ကောင်သို့ ငစိန်ဆန် တန်ချိန် ၅၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၀၅၀၀၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထ ဆန် ၁၁၂၅တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် ၄၁၄၅ တန်၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၄၀၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် တန်ချိန် ၆၀၀၊ ဧည့်မထဆန် ၇၄၄ တန်နဲ့ ပေါ်ဆန်းဆန် ငါးတန်၊ ယူအေအီးနိုင်ငံများသို့ ဧည့်မထဆန် တန်ချိန် ၂၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆၂၃၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၂၀၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်အများဆုံး တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ဆန်ပိုမိုတင်ပို့နိုင်သော်လည်း ဆန်ကွဲတင်ပို့မှု အနည်းငယ် လျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅၈ သန်း တန်ဖိုးရှိ ဆန်ကွဲ ၇၁၂၈ တန် တင်ပို့ခဲ့ပြီး နိုင်ငံအလိုက် တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ ဆန်ကွဲ ၁၅၃ တန်၊ သီရိလင်္ကာနိုင်ငံသို့ တန်ချိန် ၂၅၀၊ စင်ကာပူနိုင်ငံသို့ ၂၅ တန်၊ တောင်အာဖရိကနိုင်ငံသို့ တန်ချိန် ၅၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၁၅၀နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၆၀၅၀ တင်ပို့နိုင်ခဲ့ပါ တယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၈၅၇၅တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၄၇ တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

**ယဉ်ယဉ်အေး**



# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးပြခန်းဖွင့်လှစ်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှကြီးမှူး၍ “စံမညီ တရားမဝင်ဆေးဝါးနှင့် ဆေးဝါးအတုတို့၏ အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ လူထုပညာပေးပြပွဲ’ကို ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ဇူလိုင် ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူပြည်သူများ ဗဟုသုတရရှိစေရန်ရည်ရွယ်ပြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးပြခန်းကို ပါဝင်ပြသခဲ့ပါတယ်။

ပြပွဲဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့မှပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ စားသုံးသူများ သတိပြု ရွေးချယ်ဝယ်ယူအသုံးပြုရန် လိုအပ်သည့် အချက်အလက်များ၊ ဌာနမှ အဓိကထားဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံ၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကော်မတီ/အဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များ၊ စားသုံးသူများရရှိနိုင်သည့် အခွင့်အရေးနှင့် လိုက်နာရမည့်တာဝန်များ၊ စားသုံးသူများဆုံးရှုံးမှု၊ နစ်နာမှုများရှိခဲ့ပါက တိုင်ကြားဆက်သွယ်နိုင်သည့် တိုင်းရုံးနှင့် ခရိုင်ရုံးများ၏ လိပ်စာနှင့်ဖုန်းနံပါတ်များကို ဗီနိုင်းကားချပ်များဖြင့်ပြသခဲ့ပါတယ်။

ထို့အပြင် ကုန်စည် (သို့) ဝန်ဆောင်မှုကို လွတ်လပ်စွာ ရွေးချယ်ဝယ်ယူနိုင်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်၊ သတင်းအချက်အလက် ပြည့်စုံမှန်ကန်စွာရရှိနိုင်ရန်မှာလည်း စားသုံးသူများရရှိသင့်သည့် အခွင့်အရေးများဖြစ်ကြောင်း သိရှိနိုင်ရန်အတွက် ဝယ်ယူသုံးစွဲမသင့်သည့် ရက်လွန်ဆေးဝါး၊ ဝယ်ယူသုံးစွဲသင့်သည့် အချက်အလက်ပြည့်စုံသော ဆေးဝါးများကိုလည်း နမူနာဆေးဘူးများဖြင့် ပြသခဲ့ပါတယ်။ အဆိုပါ ပြပွဲတွင် ပြခန်းပေါင်း ၁၀၀ ခန့် ဖွင့်လှစ်ပြသခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ(စားသုံးသူ)ရန်ကုန်**

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက်ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံညာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ် လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည် မဟုတ်ပါ။

# ယခု ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံရရှိသည့်အနက်

# လယ်ယာထွက်ကုန်ပစ္စည်းမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိ

ရှင်မင်းအံ့ (တန့်ဆည်)



မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မဟာဗျူဟာမြောက် ကုန်သွယ်မှု လမ်းကြောင်းတွင် တည်ရှိလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် နိုင်ငံရှိ ပေါကြွယ်ဝလှသည့် အရင်းအမြစ်များကို ရယူသုံးစွဲနိုင်မှုမှာလည်း နိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့နိုင်ငံမှ ခံစားရရှိနေသည့် ထပ်ဆောင်းအကျိုးကျေးဇူးများ ဖြစ်ပါတယ်။ ပေါကြွယ်ဝ လှသည့် အရင်းအမြစ်များစွာတို့အနက် လယ်ယာမြေ ပေါကြွယ်ဝမှုသည် စိုက်ပျိုးရေးအခြေခံသည့် မြန်မာနိုင်ငံအတွက် ဆန်နှင့် လယ်ယာထွက်ပစ္စည်းများ ပြည်ပတင်ပို့မှုကို အားကောင်းစေသည့် တွန်းအားတစ်ရပ်လည်း ဖြစ်ပါတယ်။

ပို့ကုန် တင်ပို့မှုကဏ္ဍတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဇူလိုင်လ ၂၈) ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံ တင်ပို့နိုင်ပြီး လယ်ယာထွက်ကုန် ပစ္စည်းများ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရှိတဲ့အတွက် ပို့ကုန် တင်ပို့မှုရဲ့ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရပါတယ်။ လယ်ယာထွက်ကုန် ပစ္စည်းများအနက်မှ အများဆုံး တင်ပို့လျက်ရှိသည့် ပို့ကုန်ပစ္စည်းများမှာ ဆန်နှင့်ဆန်ကွဲ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ရော်ဘာတို့ဖြစ်ပါတယ်။

အဆိုပါ လယ်ယာထွက်ကုန် ပို့ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံ ပို့ကုန်ကဏ္ဍ တိုးမြှင့်ရေး အတွက်များစွာ အထောက်အပံ့ပြုသည့် ပစ္စည်းအမယ်များဖြစ်သည့်အတွက် ဆန်နှင့်ဆန်ကွဲ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ရော်ဘာတို့၏ ပြည်ပသို့ တင်ပို့နိုင်မှုအနေအထား၊ ကမ္ဘာ့ဝယ်လိုအား/ရောင်းလိုအား၊ Potential ရရှိနိုင်မှု အနေအထားများနှင့် ပတ်သက်၍ ပစ္စည်းတစ်မယ်ချင်းအပေါ်တွင် အောက်ပါအတိုင်း လေ့လာသုံးသပ်ရခြင်း ဖြစ်ပါတယ်။

**ဆန်နှင့်ဆန်ကွဲ တင်ပို့မှု အခြေအနေ**

မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ အဓိက တင်ပို့နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုသည် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုအနက် အများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှာ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်ထိ )နှစ်အလိုက် တင်ပို့မှုကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ်။

| စဉ် | ဘဏ္ဍာနှစ်အမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | တန် | ၁၄၂၃၇၀၁ | ၅၅၁ |
| ၂ | ၂၀၁၃-၂၀၁၄ | တန် | ၁၂၆၂၆၁၇ | ၄၇၅ |
| ၃ | ၂၀၁၄-၂၀၁၅ | တန် | ၁၈၄၀၅၈၇ | ၆၆၁ |
| ၄ | ၂၀၁၅-၂၀၁၆ | တန် | ၁၄၉၃၂၄၄ | ၅၂၆ |
| ၅ | ၂၀၁၆-၂၀၁၇ | တန် | ၁၇၅၀၅၆၂ | ၅၅၄ |
| ၆ | ၂၀၁၇-၂၀၁၈ (ဇူလိုင်လ ၂၈ ရက်ထိ) | တန် | ၉၄၇၆၈၇ | ၂၇၆ |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလ မှ မတ်လ အထိ) ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၅၄ သန်း၊ တန်ချိန်အားဖြင့် ၁၇ သိန်းကျော်ဖြစ်သဖြင့် လယ်ယာကဏ္ဍတင်ပို့မှု၏ ၂၀ ရာခိုင်နှုန်းခန့်ရှိပြီး ပို့ကုန်ကဏ္ဍတစ်ခုလုံး၏ ငါးရာခိုင်နှုန်းခန့်ရှိကြောင်း သိရပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ မှ ဇူလိုင်လ ၂၈ ရက်နေ့ထိ) ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ တန်ချိန် ကိုးသိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၆ သန်းရရှိခဲ့ပါတယ်။ ယခင်နှစ် ကာလတူထက် တန်ချိန်ငါးသိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ အများဆုံးတင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့ ဖြစ်ပါတယ်။

USDA စာရင်းအချက်အလက်များအရ ကမ္ဘာ့ဆန် ကုန်သွယ်မှုကဏ္ဍကို လေ့လာကြည့်ပါက ဆန်အများဆုံးတင်ပို့တဲ့ နိုင်ငံများမှာ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံသည် ပဉ္စမမြောက် အများဆုံး ဆန်တင်ပို့တဲ့နိုင်ငံဖြစ်ပါတယ်။ ပြည်ပမှ အများဆုံးတင်သွင်းလျက်ရှိသည့် နိုင်ငံများမှာ တရုတ်၊ နိုင်ဂျီးရီးယား၊ ဥရောပနိုင်ငံများနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ပြီး ဘရာဇီး၊ တရုတ်နှင့် ဥရောပနိုင်ငံများဟာ တင်ပို့မှုရော တင်သွင်းမှုကိုပါ ဆောင်ရွက်လျက်ရှိတဲ့နိုင်ငံများ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံလည်းဖြစ် Logistic ပိုင်းတွင်လည်း အားသာချက်များရှိသည့် တရုတ်နိုင်ငံနှင့် မြန်မာ့ထွက်ကုန်များကို အလေးထား စိတ်ဝင်စားမှု ပိုမိုလာသည့် ဥရောပနိုင်ငံများ၏ ဆန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ပါက အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။

**ပဲမျိုးစုံတင်ပို့မှု အခြေအနေ**

မြန်မာနိုင်ငံမှ ပြည်ပသို့ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ ၁ ရက်နေ့ မှ ဇူလိုင်လ ၂၈ ရက်ထိ ) ပဲမျိုးစုံ တင်ပို့မှုမှာ အောက်ပါအတိုင်း တိုးတက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

| စဉ် | ဘဏ္ဍာနှစ်အမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | တန် | ၁၅၆၅၄၆၁ | ၁၀၉၁ |
| ၂ | ၂၀၁၃-၂၀၁၄ | တန် | ၁၃၆၉၈၈၁ | ၉၅၀ |
| ၃ | ၂၀၁၄-၂၀၁၅ | တန် | ၁၄၉၇၉၇၂ | ၁၂၀၀ |
| ၄ | ၂၀၁၅-၂၀၁၆ | တန် | ၁၂၄၂၆၈၃ | ၁၂၁၅ |
| ၅ | ၂၀၁၆-၂၀၁၇ | တန် | ၁၄၂၄၆၈၃ | ၁၃၉၉ |
| ၆ | ၂၀၁၇-၂၀၁၈ (ဇူလိုင်လ ၂၈ ရက်ထိ) | တန် | ၆၆၇၉၅၂ | ၄၈၄ |

မြန်မာနိုင်ငံအနေဖြင့် ပဲမျိုးစုံ ပြည်ပသို့ တင်ပို့မှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄ သိန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၄၀၀ နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဇူလိုင်လ ၂၈ ရက်နေ့ထိ) တန်ချိန် ခြောက်သိန်းကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၈၄ သန်း တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် တန်ချိန်အားဖြင့် သုံးသောင်းကျော်ခန့် ပိုမိုပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၂၅၄ သန်း လျော့နည်းနေတာကို တွေ့ရှိရပါတယ်။

ယခင်နှစ်က ပဲမျိုးစုံပျမ်းမျှ ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၀၀-၁၂၀၀ ဝန်းကျင်ခန့် ဈေးရရှိခဲ့သော်လည်း ယခုနှစ်တွင် ပျမ်းမျှဈေးနှုန်း အမေရိကန်ဒေါ်လာ ၈၀၀-၉၀၀ ဝန်းကျင်ခန့်သာ ဈေးနှုန်းလျော့နည်း ရရှိကြောင်း တွေ့ရှိရပါတယ်။

ယခု ဘဏ္ဍာနှစ် ( ဧပြီလ မှ ဇူလိုင်လ ၂၈ ရက်နေ့ထိ) ကာလအတွင်း မြန်မာနိုင်ငံမှ အများဆုံး တင်ပို့လျက်ရှိသည့် မတ်ပဲ တန်ချိန် ၂ ဒသမ ၅ သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၉ သန်းရှိပြီး၊ ဒုတိယအများဆုံးအနေဖြင့် ပဲတီစိမ်း တန်ချိန် ၁ ဒသမ ၇ သိန်း၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၃၇ သန်းဖြစ်ကြောင်း၊ တတိယ အများဆုံးအနေဖြင့် ပဲစင်းငုံ တန်ချိန် ၁ ဒသမ ၄ သိန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၃ သန်း တင်ပို့နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ကုလားပဲ တင်ပို့မှုကို လေ့လာကြည့်ပါက ယခုဘဏ္ဍာနှစ်တွင် တန်ချိန် သုံးသောင်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ သန်း ခန့်တင်ပို့နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် တစ်သောင်းကျော်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၁၂ သန်း ပိုမိုတင်ပို့နိုင်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပဲမျိုးစုံ အများဆုံး တင်ပို့လျက်ရှိသည့် နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ပါကစ္စတန်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ ဖြစ်ပါတယ်။



**ပြောင်းတင်ပို့မှု အခြေအနေ**

ပြည်ပသို့ ဘဏ္ဍာနှစ်အလိုက် ပြောင်းတင်ပို့မှု တိုးတက်လျက်ရှိကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

| စဉ် | ဘဏ္ဍာနှစ်အမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | တန် | ၆၁၀၂၄၄ | ၂၀၁ |
| ၂ | ၂၀၁၃-၂၀၁၄ | တန် | ၉၃၅၃၄၈ | ၂၈၇ |
| ၃ | ၂၀၁၄-၂၀၁၅ | တန် | ၁၃၇၇၆၉၂ | ၃၉၉ |
| ၄ | ၂၀၁၅-၂၀၁၆ | တန် | ၁၁၈၈၄၃၈ | ၃၀၅ |
| ၅ | ၂၀၁၆-၂၀၁၇ | တန် | ၁၂၉၂၁၇၉ | ၂၅၃ |
| ၆ | ၂၀၁၇-၂၀၁၈ (ဇူလိုင်လ ၂၈ ရက်ထိ) | တန် | ၃၈၀၀၁၉ | ၇၀ |

မြန်မာနိုင်ငံ၏ ပြောင်းတင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၂၈ရက်ထိ) ပင်လယ်ရေကြောင်းမှ တန်ချိန် သုံးသောင်းခွဲခန့်နှင့် နယ်စပ်ကုန်သွယ်မှု မှတန်ချိန် သုံးသိန်းကျော်တင်ပို့နိုင်ခဲ့ပြီး ပြောင်းတင်ပို့မှု၏ ၇၅ ရာခိုင်နှုန်းဟာ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု၏ အဓိကလမ်းကြောင်းဖြစ်သည့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းတို့မှ တင်ပို့လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ် ဇူလိုင်လ အတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ရက်လျှင် ပျမ်းမျှပြောင်း ကားစီးရေ ၁၀၅ စီး၊ တန်ချိန် ၁၄၀၂၀ ခန့်၊ ချင်းရွှေဟော်စခန်းမှ တစ်ရက်လျှင် ပျမ်းမျှ ပြောင်း ကားစီးရေ ခုနစ်စီး၊ တန်ချိန် ၁၂၀ ခန့်တို့ကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး လက်ရှိ ပြောင်းတစ်တန် ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၀၀ ခန့်ရရှိကြောင်း စုံစမ်းသိရှိရပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း မြန်မာနိုင်ငံမှ ပြောင်းအများဆုံး တင်ပို့လျက်ရှိသည့် နိုင်ငံသုံးနိုင်ငံမှာ တရုတ်၊ ထိုင်းနှင့် အိန္ဒိယ နိုင်ငံတို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပြောင်းတင်ပို့မှု အနေအထားဟာ ကမ္ဘာ့ပြောင်းတင်ပို့မှုရဲ့ သုည ဒသမ ၁ ရာခိုင်နှုန်းသာ ပြည်ပသို့တင်ပို့နိုင်သည်ကိုတွေ့ရှိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြောင်းတင်ပို့မှုနှင့် ပတ်သက်၍ နိုင်ငံတကာ ဈေးကွက်သို့ ယှဉ်ပြိုင် ထိုးဖောက်နိုင်ရေးအတွက်

စာမျက်နှာ (၃၂)သို့ ➤


"Stay with "ALPINE"
ALPINE®
Purified Drinking Water
'Live Longer
and
Healthier'
ACM
ISO 22000
UKAS
ALPINE PROMISES HEALTH

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ဇူလိုင်လအတွင်း ပြောင်းတန်ချိန် ခုနစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော် စခန်းသုံးခုမှ ဇူလိုင်လ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၂ဒသမ ၈၃၈ သန်း တန်ဖိုးရှိပြောင်း ၁၄၁၄၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ တန် ၁၃၀၅၀၊ လွယ်ဂျယ်မှ တန်၇၂၀ ကျော်နဲ့ ချင်းရွှေဟော်မှ ၃၇၁ တန်ကျော် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ ပြောင်း ၁၅၄၄၂ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၁၃၀၁ တန် လျော့နည်း တင်ပို့ခဲ့ပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ ဇူလိုင် တတိယပတ်က ပြောင်းတစ်တန်ကို ၂၇၃၈၁၀ ကျပ် ရှိရာမှ ဇူလိုင်နောက်ဆုံးပတ်မှာ ၂၇၄၃၅၄ ကျပ်သို့ ဈေး ထပ်မံမြင့်တက် ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်း ကားစီးရေ ၆၄၀ စီး ဝင်ရောက်ခဲ့ပြီး ပြောင်းတစ်ပိဿာ သယ်ယူခမှာ ၅၈ ကျပ်မှ ၅၉ ကျပ်ရှိကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ်၁၅၀၀ဖြစ်လို့ယခင်တစ်ပတ်အတိုင်း ဈေးနှုန်း ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။

ဇူလိုင်လ တစ်လလုံး တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းလေးခုမှ ပြောင်းတန်ချိန်ခုနစ်သောင်းကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့တယ်လို့စခန်းများရဲ့စာရင်းများအရ သိရပါတယ်။ **မော်မော်အောင်**

## နိုင်ငံတကာ ရော်ဘာဈေး အတက်အကျအနည်းငယ်သာရှိ

ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅၂ သန်း တန်ဖိုးရှိရော်ဘာအမျိုးအစားစုံ ၁၀၅၅ တန် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား ၁၀၈ တန်၊ RSS-5 အမျိုးအစား ၃၈၁ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၉ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၃၅၈ တန်နဲ့ MSR-20 အမျိုးအစား ၉၃ တန်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၁၀၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၇၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၈၁ တန် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေး ကတော့ RSS-3 အမျိုးအစား တစ်တန်ကို ကျပ် ၁၉ ဒသမ ၆၄ သိန်းနဲ့ RSS-5 အမျိုးအစား တစ်တန် ကို ကျပ် ၁၈ ဒသမ ၆၈ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၃၈၉၈ ကျပ်ဈေးတက်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇူလိုင် ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုညဒသမ ၆၅၄ သန်း တန်ဖိုးရှိ ရော်ဘာ ၄၇၉ တန် တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံသို့ TSR-20 အမျိုးအစား ၈၁ တန်ခန့်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား ၂၄၇ တန်နဲ့ ဂျပန်နိုင်ငံသို့ MSR -20 အမျိုးအစား ၁၅၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၆၆၅ တန် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ ၁၈၆ တန် လျော့ကျခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေးနှုန်း အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် မြန်မာ့ ရော်ဘာ FOB ဈေးလည်း မပြောင်းလဲဘဲ ယခင်တစ်ပတ် ဈေးအတိုင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာ စိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။ **ယဉ်ယဉ်အေး**

## တရုတ်နိုင်ငံသို့ ပျားရည်တန် ၅၀ နီးပါးတင်ပို့

ဇူလိုင်လ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အမေရိကန် ဒေါ်လာ ၃၁၁၅၀ တန်ဖိုးရှိ ပျားရည် ၄၄ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ပျားရည် တင်ပို့မှုမရှိဘဲ ဇွန်လနောက်ဆုံးပတ်က ၄၅ တန်တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ပျားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူအနေနဲ့ စနစ်တကျ မွေးမြူထုတ်လုပ်ပါက ပျားအုံတစ်အုံလျှင် ကျပ်တစ်သိန်းကျော်အထိ ရရှိနိုင်ကြောင်း၊ ပျားရည်လုပ်ငန်းမှာ ပြည်တွင်း စားသုံးမှု နည်းတာကြောင့် ပြည်ပ ဝယ်လိုအားကို အဓိကထား ရောင်းချရတဲ့ ပစ္စည်းဖြစ်ပြီး ဈေးကွက်ချဲ့ထွင်ရန်လိုအပ်ကြောင်း၊ ပျားရည်သည် နှစ်စဉ်မက်ထရစ်တန်ငါးထောင်ကျော်ထွက်ရှိပြီး ပြည်ပ ဈေးကွက်သို့ တန်လေးထောင်ခန့် တင်ပို့ရကြောင်း၊ ပြည်တွင်း



တွင် ကွမ်းနှပ်ဆေး ထုတ်လုပ်သူများက ပျားရည်ကို အများဆုံးဝယ်ယူကြောင်း ပျားမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ ဝါဂွမ်းပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေး ဇုန်မှ တစ်ဆင့် ဇူလိုင်လ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၀၁၄၀၀ တန်ဖိုးရှိ ဝါဂွမ်း ၁၃၇ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ ခဲ့တဲ့ ၇၂ တန်နဲ့ နှိုင်းယှဉ်ပါက ၆၅ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဝါဂွမ်းအပြင် အမေရိကန် ဒေါ်လာ ၂၈၀၀၀ တန်ဖိုးရှိ ပိုးအိမ် ၈ တန်ကိုလည်း ယခင်တစ်ပတ်ကအတိုင်း တင်ပို့ခဲ့ပါတယ်။ဇူလိုင်လ တစ်လ လုံး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ငွေချည်-၆ ဝါ တန် ၂၆၀ နဲ့ ပိုးအိမ် ၂၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

၂၀၁၄ ခုနှစ်က မိတ္ထီလာ မြို့နယ်တွင် ဝါစိုက်ပျိုးဧက များခဲ့ပြီး အထွက်နှုန်း ကောင်းခဲ့သော်လည်း ဝယ်လိုအားမရှိ၍ ပိဿာတစ်ရာ လျှင်ကျပ် ၈၅၀၀၀ သာရှိကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ပြည်ပဝယ်လိုအားကိုမျှော်၍ ဝါကုန်သည်များက အမြင့်ဈေး ဖွင့်ခဲ့သဖြင့် ပိဿာတစ်ရာလျှင် ကျပ် ၁၂၅၀၀၀ အထိ ရှိခဲ့ပြီး ပြည်ပဝယ်လိုအား နည်းခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ဝါအထွက် နည်းသည့်အတွက် တစ်ပိဿာလျှင် နေ့စဉ် ကျပ် ၅၀နှုန်း မြင့်တက်နေကြောင်း၊၂၀၁၆ နှစ်ကုန်ပိုင်းတွင် ဝါဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၀ အထိ မြင့်တက်ခဲ့ကြောင်း မိတ္ထီလာကုန်စည်ဒိုင်နှင့် ဝါပွဲရုံများမှ စုံစမ်းသိရှိရပါတယ်။

**မော်မော်အောင်**

## မကွေးခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးကျင်းပ

မကွေးခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင် ၂၇ ရက်တွင် မကွေးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ မကွေးခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မကွေးခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးမိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မကွေးခရိုင်အတွင်း မြို့နယ်အလိုက် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ၂၀၁၇-၂၀၁၈ ပထမသုံးလပတ် မကွေးခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ရန်ကုန်ဘုရင့်နောင်ပွဲရုံမှ ဖျက်ဆီးမည့် ငါးပိများ မကွေးခရိုင်အတွင်း ဝင်ရောက်မည်ဟု သတင်းရရှိမှုအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ (၁/၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်အရ ကွင်းဆင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှု သုံးကြိမ်ဆောင်ရွက်ခဲ့ရာ စစ်ဆေးတွေ့ရှိချက်များ၊ စပ်ဆေးတွဲများရောင်းချမှုနှင့်ပတ်သက်၍ ရုံးချုပ်မှ ညွှန်ကြားချက်များ၊ ဒေသတွင်းထုတ်လုပ်သည့် စားသောက်ကုန်များတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၈(ဂ)တွင် ဖော်ပြထားသည့်အချက်များ ပါဝင်ခြင်းမရှိမှုနှင့် ရန်ကုန်နှင့် မန္တလေးမှလာသည့် အချက်အလက် ဖော်ပြထားမှုမရှိသည့် မုန့်များ၊ ဆိုးဆေးသုံးစွဲထားသည့် စားသောက်ကုန်များနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြခဲ့ရာ တက်ရောက်လာသည့် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များမှ ကွင်းဆင်း စစ်ဆေးခဲ့မှုအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးမှ ဖြည့်စွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## ကမ္ဘောဒီးယားနိုင်ငံမှ ဆန်တန်ချိန် တစ်သန်းဝယ်ယူရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ စာချုပ်ချုပ်ဆို

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ၅ နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံမှ ဆန်တန်ချိန် တစ်သန်းဝယ်ယူရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Pan Sorasak နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားသောက်ကုန်ဝန်ကြီးဌာန ဝန်ကြီး Qamrul Islam တို့သည် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ဩဂုတ်လ ၂ ရက်က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားသောက်ကုန်ဝန်ကြီးဌာန ဝန်ကြီးက မိမိတို့အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံမှ ဆန်တန်ချိန် နှစ်သိန်းနှင့် ပေါင်းဆန် တန်ချိန်ငါးသောင်းတို့ကို အမြန်ဆုံးဝယ်ယူလိုကြောင်း အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခြင်း အခမ်းအနား ပြီးဆုံးပြီးနောက် သတင်းထောက်များအား ပြောကြားခဲ့ပါသည်။

ဆန်တင်ပို့မှု ပထမအဆင့်အဖြစ် ကမ္ဘောဒီးယားနိုင်ငံမှ နိုင်ငံပိုင်လုပ်ငန်းဖြစ်သည့် Green Trade ကုမ္ပဏီက ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားသောက်ကုန်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနသို့ ယခုနှစ် အောက်တိုဘာလတွင် ဆန်တန်ချိန် နှစ်သိန်းငါးသောင်း တင်ပို့သွားမည်ဖြစ်ပြီး၊ ကျန်ရှိသည့် တန်ချိန် ခုနစ်သိန်းငါးသောင်းအား ၂၀၂၂ ခုနှစ်အထိ ဆက်လက် တင်ပို့သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်ရောင်းချရန် လက်မှတ်ရေးထိုးမှုသည် ကမ္ဘောဒီးယားနိုင်ငံက ပြည်ပနိုင်ငံများသို့ ဆန်အများဆုံး ရောင်းချရန် လက်မှတ်ရေးထိုးမှုများအနက် တစ်ခုဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ အစိုးရက ထုတ်ပြန်သည့်စာရင်းအရ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် နိုင်ငံပေါင်း ၅၆ နိုင်ငံသို့ ဆန်တန်ချိန် စုစုပေါင်း ၅၄၂၀၀၀ တင်ပို့ခဲ့ပြီး အဆိုပါ ပမာဏသည် ၂၀၁၅ ခုနှစ်တွင် ပြည်ပသို့ဆန်တင်ပို့မှုထက် သုည ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ **Source: Xinhua**

**စန္ဒာထွန်း (TTI)**

# အစည်းအဝေးဆိုသည်မှာ …….

| ဇေယျာဆွေ (သတင်း/အရည်အသွေး) |

ဘယ်သွားမလို့လဲ???

အစည်းအဝေးသွားမလို့!!!

ဘာလုပ်မလို့လဲ???

အစည်းအဝေးလုပ်မလို့ !!!

ကျွန်တော်တို့ဟာ နိစ္စဓူဝ အစည်းအဝေးတွေနဲ့ လုံးထွေးရစ်ပတ်လို့နေပါတယ်။ ဒါပေမယ့်ကိုယ်တက်ရတဲ့ အစည်းအဝေးတွေဟာ . . ဘယ်လိုအမျိုးအစား အစည်းအဝေးတွေမှန်း သေချာဂဃနဏ မသိကြသလို. . ကိုယ်က ဘာကြောင့် အစည်းအဝေး ခေါ်ရတယ်ဆိုတာလည်း ဝေဝေဝါးဝါး အသိတွေနဲ့သာ လုပ်နေကြရတတ်ပါတယ်။ ကဲ. . အစည်းအဝေးအမျိုးအစား ဘယ်နှစ်မျိုးရှိကြပါလိမ့်ဗျာ-

ယေဘုယျအားဖြင့်တော့ အစည်းအဝေးတွေကို ခြောက်မျိုးခွဲခြားထားပါသတဲ့. . နိုင်ငံခြားမှာနော်. . မြန်မာနိုင်ငံမှာတော့ ဘယ်နှစ်မျိုးခွဲထားသလဲဆိုတာ မလေ့လာရသေးပါဘူး. .

ကဲ. . လေ့လာထားသလောက် အစည်းအဝေး အမျိုးအစားတွေကတော့

- လက်ရှိအခြေအနေတွေကို ရှင်းလင်းတင်ပြတဲ့ အစည်းအဝေး (Status Update Meetings)
- သတင်းအချက်အလက် ဝေမျှတဲ့ အစည်းအဝေး (Information Sharing Meetings)
- ဆုံးဖြတ်ချက်ချမှတ်ဖို့ ခေါ်တဲ့ အစည်းအဝေး (Decision Making Meetings)
- ပြဿနာဖြေရှင်းဖို့ခေါ်တဲ့ အစည်းအဝေး (Problem Solving Meetings)
- တီထွင်ဆန်းသစ်မှုတွေ လုပ်ဖို့ခေါ်တဲ့ အစည်းအဝေး (Innovation Meetings)
- အလုပ်လုပ်ဖို့အတွက် အဖွဲ့ ဖွဲ့စည်းတဲ့ အစည်းအဝေး(Team Building Meetings)တွေဖြစ်ပါသတဲ့ဗျား. .

ကဲ. . အစည်းအဝေးတစ်ခုချင်းစီကို လိုက်ကြည့်လိုက်ရအောင်-

**လက်ရှိအခြေအနေတွေကို ရှင်းလင်းတင်ပြတဲ့ အစည်းအဝေး (Status Update Meetings)**

ဒီလိုအစည်းအဝေး အမျိုးအစားကတော့ သာမန် ယေဘုယျဆန်တဲ့ အစည်းအဝေး အမျိုးအစားပဲဖြစ်ပါတယ်။ အဲဒီအစည်းအဝေးတွေဟာ ပုံမှန်အဖွဲ့အစည်းတွေနဲ့ စီမံကိန်းတွေရဲ့ အစည်းအဝေးတွေဖြစ်ပြီးတော့ သူတို့ရဲ့ မူလရည်မှန်းချက်ကို ရောက်ဖို့အတွက် ဆောင်ရွက်နေရတဲ့ လက်ရှိအခြေအနေတွေ၊ တိုးတက်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေအပြင် နောက်တစ်ဆင့်တက်ဖို့ ဆောင်ရွက်ရမယ့် အခြေအနေဆွေးနွေးမှုတွေ ပါဝင်ပါတယ်။ အဲဒီလို အစည်းအဝေးတွေမှာ ပြဿနာဖြေရှင်းမှု၊ ဆုံးဖြတ်ချက် ချမှတ်မှု၊ ဦးစားပေးဆောင်ရွက်ရမယ့် အခြေအနေတွေနဲ့ တာဝန်ပေးအပ်မှုတွေ ပါဝင်ကြောင်း ပါခင်ဗျာ-

**သတင်းအချက်အလက်ဝေမျှတဲ့ အစည်းအဝေး (Information Sharing Meetings)**

တစ်ဦးချင်းစီရဲ့ ဆွေးနွေးတင်ပြချက်၊ အဖွဲ့လိုက်အပြန်အလှန်ဆွေးနွေးခြင်း၊ အထွေထွေ ကောက်နုတ်ချက်နဲ့ ဟောပြောချက်တွေဟာသတင်းအချက်အလက်ဝေမျှတဲ့ အစည်းအဝေးတွေမှာ တွေ့ရတတ်ပါတယ်။ ဒီလိုအစည်းအဝေးတွေရဲ့ အဓိက မူလရည်ရွယ်ချက်ကတော့ ဆွေးနွေးတင်ပြသူတွေရဲ့ ဆွေးနွေးတဲ့ သတင်းအချက်အလက်တွေကို တက်ရောက်လာသူများကို သိရှိစေတာပါ. .

ဒီလို သတင်းအချက်အလက်တွေဟာ ဘာတွေဖြစ်နိုင်လဲဆိုရင်ဌာန၊ အဖွဲ့အစည်းနဲ့ သက်ဆိုင်တဲ့ ပြောင်းလဲလာမယ့်အကြောင်းအရာတွေ၊ ထုတ်ကုန်ပစ္စည်းသစ်တွေ၊ နည်းပညာရပ်တွေနဲ့ အဖွဲ့အစည်းအတွက် နက်နဲတဲ့ သတင်းအချက်အလက်တွေ ပါဝင်ပါသတဲ့. . ဒီလို ဝေမျှမယ့် သတင်းအချက်အလက်တွေကို သတိတရဖြစ်နေစေဖို့အတွက် Power Point Slide Show တွေ ဗီဒီယိုဖိုင်တွေလိုမျိုးကိုလည်း အသုံးပြုကြပါသတဲ့။

ဒီလိုအစည်းအဝေးမျိုးတွေကို တက်ရောက် နားထောင်သူတွေဟာ ထုံးတမ်းအစဉ်အလာအရ တက်ရောက်နားထောင်ရတတ်တဲ့သူမျိုးတွေ ဖြစ်လို့ သူတို့ဟာ မတုန်မလှုပ်ကျောက်ရုပ်တွေလို ဖြစ်နေတတ်ကြလို့ ယခုခေတ်မှာတော့ ခေတ်မီတဲ့ Smart Device နည်းပညာပစ္စည်းတွေကို အသုံးပြုပြီး သူတို့တွေကို စိတ်ဝင်စားအောင်လုပ်ပြီး တတ်ကြွစွာ ဆွေးနွေးသူများအဖြစ်ပြောင်းလဲအောင် ဆောင်ရွက်ကြတယ်လို့ သိရပါတယ်။

**ဆုံးဖြတ်ချက်ချမှတ်ဖို့ ခေါ်တဲ့အစည်းအဝေး (Decision Making Meetings)**

စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များရဲ့ အဓိကကျတဲ့ အစိတ်အပိုင်းတွေဟာ အစည်းအဝေးတွေရဲ့ အဖွဲ့လိုက် ဆုံးဖြတ်ချက်တွေကနေ ဖြစ်လာပါသတဲ့။ အသေးစား ဆုံးဖြတ်ချက် အများစုကတော့ အစည်းအဝေး သေးသေးလေးတွေကနေ ရရှိတတ်ကြပေမယ့် ဒါထက်ပိုပြီး အရေးကြီးတဲ့ ကြီးမားတဲ့ ဆုံးဖြတ်ချက်တွေကတော့ ဒီလိုဆုံးဖြတ်ချက်ချဖို့ သီးသန့်ခေါ်ယူဆွေးနွေးတဲ့ အစည်းအဝေးတွေကနေ ဖြစ်လာပါသတဲ့။ အဲဒီလို အစည်းအဝေးတွေမှာ အမျိုးမျိုးသော လုပ်ငန်းစဉ်တွေအတွက် အဖွဲ့လိုက် ဆုံးဖြတ်ချက်တွေ အများကြီးထဲကနေမှ လက်ရှိအခြေအနေအတွက် အသင့်တော်ဆုံး အကောင်းဆုံးတစ်ခုကို ရွေးချယ်ဆုံးဖြတ်ကြပါသတဲ့. . ဒီလိုဆုံးဖြတ်ချက်ချနိုင်ဖို့အတွက် လိုအပ်တဲ့ သတင်းအချက်အလက် ဝေမျှခြင်း၊ အကြံတိအနယ်စဉ်းစားတွေးခေါ်ခြင်း၊ ဝေဖန်သုံးသပ်ခြင်းတို့နဲ့အတူ မဲပေးရွေးချယ်ခြင်းတွေကိုလည်း လုပ်ဆောင်ရကြောင်း သိရပါတယ်ခင်ဗျာ။

**ပြဿနာဖြေရှင်းဖို့ခေါ်တဲ့ အစည်းအဝေး (Problem Solving Meetings)**

ပြဿနာတွေ ဖြေရှင်းဖို့ခေါ်တဲ့ အစည်းအဝေးမျိုးတွေဟာ များသောအားဖြင့် ရှုပ်ထွေးပြီး အမျိုးအစားများစွာရှိတတ်ပါသတဲ့။ ဒီလိုအစည်းအဝေးတွေဟာ ဖြစ်နေတဲ့ ပြဿနာကို အဓိကညွှန်းဆိုခေါ်ယူတဲ့ အစည်းအဝေးဖြစ်ပြီး ပြဿနာကို ဦးတည်ပြီး ဆောင်ရွက်ရမယ့် နည်းဗျူဟာတွေ၊ အနာဂတ်အတွက် ဆောင်ရွက်ရမယ့် အစီအစဉ်တွေနဲ့အတူ အဖွဲ့အတွင်း ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များစွာကို ဆွေးနွေးဆောင်ရွက်ကြပါသတဲ့။ ပြဿနာကို ဖြေရှင်းဖို့အတွက် အဓိက ဦးတည်ချက်ကို သိရှိဖို့လိုအပ်သလို ဆက်စပ်နေတဲ့ အခွင့်အလမ်းတွေ၊ အခက်အခဲတွေကိုလည်း သိရှိဖို့လိုအပ်တဲ့အပြင် အကြိတ်အနယ်စဉ်းစား တွေးခေါ်မှုတွေနဲ့အတူ သုံးသပ်ဝေဖန်မှုတွေ သဘောတူညီမှုတွေလည်း ဆောင်ရွက်ကြကြောင်း သိရပါတယ်။

**တီထွင်ဆန်းသစ်မှုတွေ လုပ်ဖို့ခေါ်တဲ့ အစည်းအဝေး (Innovation Meetings)**

တီထွင်ဆန်းသစ်မှုတွေအတွက် ခေါ်တဲ့ အစည်းအဝေးတွေဟာ ကျယ်ပြောတဲ့ အမြင်များနဲ့အတူ ဖွင့်ထွက်တွေးခေါ်ခြင်း၊ အကြိတ်အနယ် စဉ်းစားတွေးခေါ်ခြင်း၊ စုစည်းဆောင်ရွက်ခြင်းနဲ့ အတွေးအခေါ် စိတ်ကူးစိတ်သန်းများမျှဝေခြင်းများ ပါဝင်တတ်ကြပါတယ်။ ဒီလို အစည်းအဝေးတွေမှာ တက်ရောက်ဆွေးနွေးသူတွေဟာ များပြားလှတဲ့ အတွေးအခေါ် စိတ်ကူးစိတ်သန်းတွေကို လျှော့ချခြင်းဖြင့် ပိုပြီးအာရုံစိုက်ဆွေးနွေးဖို့ သင့်တော်တဲ့ အကြောင်းအရာကိုရရှိနိုင်ဖို့ နည်းပညာနဲ့ လုပ်ငန်းစဉ်အမျိုးမျိုးကို အသုံးပြုကြ ရပါသတဲ့။ ဒ့ါအပြင် တီထွင်ဆန်းသစ်မှုများအပေါ် အမှတ်စဉ်များ ပေးခြင်း၊ ဝေဖန်သုံးသပ်ခြင်းနဲ့ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ဖို့အတွက် သင့်လျော်တဲ့အတွေးအခေါ် စိတ်ကူးတွေကို ရွေးချယ်ခြင်းနဲ့ အတွေးအခေါ်စိတ်ကူးများကို ရွေးချယ်ထောက်ခံခြင်းနဲ့ လုပ်ငန်းဆောင်ရွက်ဖို့ တာဝန်ယူခြင်းတွေ ပါဝင်ကြောင်းတွေ့ရှိရပါတယ်။

**အလုပ်လုပ်ဖို့အတွက် အဖွဲ့ ဖွဲ့စည်းတဲ့ အစည်းအဝေး (Team Buil- ding Meetings)**

ဒီလို အစည်းအဝေးတွေဟာ အဖွဲ့ဖွဲ့စည်း ရေး၊ ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရေးနဲ့ အဖွဲ့အစည်းဓလေ့ထုံးတမ်းများကို ထောက်ပံ့ ကူညီပေးတဲ့ အစည်းအဝေး များဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းမယ့် အဖွဲ့တွေရဲ့လုပ်ငန်းတာဝန်တွေဟာ အဓိက ဆွေးနွေးရမယ့်အချက်တွေ ဖြစ်လာတတ်ကြပါတယ်။ ဒီလိုအစည်းအဝေး မျိုးဟာ အားလုံးပါဝင်ကြတဲ့ ပထမဆုံးသော မိတ်ဆက်အစည်းအဝေးမျိုး၊ အဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေနဲ့ ဌာနဆိုင်ရာနဲ့ အသင်းအဖွဲ့အစည်းရဲ့ လုပ်ဆောင်ချက်တွေ ပါဝင်တတ်ကြပါတယ်။ ဒီလိုအခြေအနေမှာ တက်ရောက်သူများဟာ သူတို့ရဲ့ ဌာနစိတ်၊ ဌာနခွဲနဲ့ ကုမ္ပဏီအလိုက် အရေးပါ အရာရောက်တဲ့သူများအဖြစ်မှတ်ယူပြီး သူတို့ရဲ့ ပတ်သက်ဆက်နွယ်မှု၊ ဆောင်ရွက်ချက်နဲ့ ကျေနပ်နှစ်သိမ့်မှုတွေကတစ်ဆင့် တက်ရောက်ဆွေးနွေး သူများဆီက အကောင်းမြင်တဲ့ ရလဒ်တွေ ရရှိနိုင်ကြောင်း သိရပါတယ်။

ကဲ. . အစည်းအဝေး အမျိုးအစားလေးတွေကို သိသွားပြီဆိုရင် အစည်းအဝေးတွေလုပ်ဖို့ ဆောင်ရွက်ရတဲ့အခါ ဘာတွေလိုအပ်တယ်။ အစည်းအဝေးဖိတ်လို့ သွားတက်ရရင် ဘာတွေပြင်ဆင်သင့်တယ်ဆိုတာတွေ စာဖတ်သူများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

**Source; 20-Minute Manager Series**

---

**စာမျက်နှာ - ၃ ဒုတိယဝန်ကြီး ဦးအောင်ထူး ….မှအဆက်**

ပြုပြင်ပြောင်းလဲသင့်သည့် ကိစ္စရပ်များအား မိမိတို့ ဆောင်ရွက်ပေးနိုင်သည့် ဘောင်အတွင်းမှ ရဲရဲဝံ့ဝံ့နှင့် ဖြေလျှော့ဆောင်ရွက်ပေး၍ ပြုပြင်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် အကြံပြုတင်ပြချက်များအပေါ် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတိုင်းတွင် အခက်အခဲပြဿနာများ ရှိမည်ဖြစ်သော်လည်း ဖြေရှင်း ကျော်လွှားနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က လက်ရှိကုန်သွယ်မှုအခြေအနေ၊ ပဲမျိုးစုံ နှစ်အလိုက် ပြည်ပသို့တင်ပို့နိုင်မှု၊ ဈေးနှုန်းတို့နှင့် စပ်လျဉ်းသည်များအား တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများက လုပ်ငန်း ရှင်များ ဆွေးနွေးပွဲများတွင် တင်ပြခဲ့သည့် မေးမြန်းဆွေးနွေးချက်များအပေါ် ထပ်မံဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြန်လည်သုံးသပ်ဆွေးနွေး ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

---

**စာမျက်နှာ - ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ….မှအဆက်**

နိုင်ငံတော်မှ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍသည် တိုင်းပြည်စီးပွားရေး တိုးတက်မှုအတွက် အဓိကကျသည့် ကဏ္ဍဖြစ်သည့်အတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှု၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှု ပညာပေးရေး၊ စားသုံးသူ အကာအကွယ်ပေးရေးစသည့် ကဏ္ဍများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ကုန်သည်အသင်း ဥက္ကဋ္ဌများက ဒေသတွင်း ကုန်စည်စီးဆင်းနေမှုတို့အား ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ကုန်သွယ်မှုဆိုင်ရာ ကိစ္စများအား Power Point များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ဆန်စပါးကုန်သည်အသင်း ဥက္ကဋ္ဌ၊ပဲခူးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး ပဲနှမ်းကုန်သည်အသင်း ဥက္ကဋ္ဌနှင့် ပြည်ခရိုင်၊ သဲကုန်း မြို့နယ်ကုန်စိမ်းအစုအဖွဲ့၊ အေးမြကြည် သံရည်ကျို ပုံလောင်းကုမ္ပဏီလီမိတက်၊ ပဲစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများ၊ ပေါက်ခေါင်းမြို့နယ်မှ ကြံစိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ ဟိုတယ်လုပ်ငန်းရှင်များမှ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များကို တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပြန်လည်သုံးသပ် ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ပဲခူးတိုင်းဒေသကြီး တိုင်းဥပဒေချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဖွဲ့သည် ပဲခူးမြို့နယ်၊ ကလိကျေးရွာရှိ "နေလဝန်း"ဆန်စက်နှင့် ရွာသစ်ကျေးရွာရှိ "အေးမြကြည်" ကုမ္ပဏီလီမိတက်၏ သံရည်ကျို စက်ရုံများသို့ သွားရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ကောလင်းမြို့ ပင်လည်ဘူးမြို့နှင့် ဝန်းသိုမြို့တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ/မရှိအား စစ်ဆေး

ကသာခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးကျော်အုန်း နှင့်အဖွဲ့သည် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ ဇူလိုင်လ ၁၀ ရက်တွင် ကောလင်းမြို့ ရေသန့်လုပ်ငန်းရှင်များ နှင့်တွေ့ဆုံခဲ့သည်။ ထို့နောက် ကောလင်း မြို့မဈေးအတွင်း ဈေးဆိုင် ပေါင်း ၃၇ ဆိုင်တွင် ရောင်းချလျက်ရှိ သည့် တား မြစ်စားသောက်ကုန်များအား ဝင်ရောက် စစ်ဆေးရာ တားမြစ်အလှကုန်၊ ရက် လွန်အလှကုန် ၄၈ မျိုး၊ ရက်လွန်စား သောက်ကုန်လေးမျိုး စုစုပေါင်း ၅၂ မျိုး၊ အရေအတွက် ၁၈၆ ခု၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၃၉၉၀၀ ကို သိမ်းဆည်းခြင်းကို လည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် ကောလင်းမြို့ အ. ထ. က(၁) ကျောင်း ၌လည်း ကောင်း၊ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တွင် ပင်လည်ဘူးမြို့ အ. ထ. က (၁)၌လည်းကောင်း စားသုံးသူ အကာ အကွယ်ပေးရေး အသိပညာပေးဆွေး နွေးခဲ့ ရာ ဆွေးနွေးပွဲများသို့ ဆရာ၊



ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ၊ လေ့လာသူ စုစုပေါင်း ၃၅၃၅ ဦးအား အသိပညာပေးဟောပြောခဲ့ပြီး၊ လက် ကမ်း/တားမြစ် ၃၅၆၁ စောင်ဖြန့်ဝေနိုင် ခဲ့ပါသည်။ ထို့ပြင် ပင်လည်ဘူးမြို့ ရေသန့် လုပ်ငန်းရှင်၊ မုန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး ပင်လည်ဘူးမြို့မရပ်ရှိ ကုန်စုံဆိုင် ခြောက်ဆိုင်၊ ဆေးဆိုင်နှစ် ဆိုင်အား တားမြစ်ကုန်ပစ္စည်းများ ဝင် ရောက်စစ်ဆေးရာ ရက်လွန်အလှကုန် ငါးမျိုး၊ ရက်လွန်ဆေးဝါးခြောက်မျိုး၊ တားမြစ်စားသောက်ကုန်လေးမျိုး စုစု ပေါင်း ၁၅ မျိုး၊ စုစုပေါင်းအရေအတွက် ၁၁၉ ခုခန့်မှန်း တန်ဖိုး ကျပ် ၅၁၁၅၀ ကို သိမ်းဆည်းခဲ့ပါသည်။

ထို့နောက် ဇူလိုင် ၁၄ ရက်တွင် ဝန်းသိုမြို့ အ. ထ. က(၁)၌ စားသုံးသူ အသိပညာပေးဆွေးနွေးပွဲကျင်းပခဲ့ရာ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်း သူ၊ လေ့လာသူ စုစုပေါင်း ၁၆၁၀ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်း/တားမြစ် ၄၂၀ စောင် ဖြန့်ဝေခဲ့ပါသည်။ ဇူလိုင် ၁၅ ရက်တွင် ဝန်းသိုမြို့ရေသန့်လုပ်ငန်း ရှင်များနှင့် တွေ့ဆုံပြီး ဝန်းသိုမြို့မ စည်ပင်ဈေးအတွင်း ကုန်စုံဆိုင်ပေါင်း ၃၂ ဆိုင်နှင့် ဆေးဆိုင်သုံးဆိုင်အား စစ် ဆေးရာ တားမြစ်/ရက်လွန်အလှကုန် ၁၉ မျိုးနှင့် ရက်လွန်အစားအသောက် ငါးမျိုး စုစုပေါင်း ၂၄ မျိုး၊ စုစုပေါင်းအရေ အတွက် ၁၁၀ ခု၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၁၃၁၀၀ ကို သိမ်းဆည်းခဲ့ပါသည်။

ကသာခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးစဉ် ဈေး ကွက်အတွင်းမှ သိမ်းဆည်းခဲ့သော တားမြစ်ကုန်ပစ္စည်း၊ ရက်လွန်အစား အသောက်နှင့် ဆေးဝါးအလှကုန်ပစ္စည်း စုစုပေါင်း ကိုးမျိုး၊ အရေအတွက် ၄၁၅ ခု ခန့်မှန်းတန်ဖိုး ကျပ် ၄၀၄၁၅၀ ကို လွှတ်တော်ကိုယ်စားလှယ်နှင့် မိတ်ဖက် ဌာနဆိုင်ရာများရှေ့မှောက်တွင် အဖွဲ့ စုံဖြင့် ကောလင်း၊ ဝန်းသိုမြို့များတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါ သည်။

**လှလှခိုင် (ကသာ)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၇၅၀ စ/ပေ၊ (၄) လွှာ | BR (၁) ခန်း၊ ပါကေးခင်း | ၂၅ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | မြေ | ရန်ကင်းမြို့နယ်၊ ဘောက်ထော် | (၅၀ x ၈၀)ပေ | မြေသီးသန့် | ၁၂၀၀၀ သိန်း | အုတ်ခတ်ပြီး | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၀၀၀ စ/ပေ | MB (1)၊ SB (2) ခန်း | ၇ သိန်း | ဓာတ်လှေကားပါ ၁လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | တိုက်ခန်း | တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ | ၇၅၀ စ/ပေ၊ (၃) လွှာ | MB (1) ခန်း | ၄၅၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |
| ၅။ | တိုက်ခန်း | သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လမ်းသွယ် | (၁၂ x ၄၅)ပေ၊ (၃) လွှာ | ဟောလ် ခန်း | ၂၅၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |
| ၆။ | မြေ | ဒဂုံ(အရှေ့) ချမ်းသာရွှေပြည်အိမ်ရာဝင်း | (၆၀ x ၈၀)ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | တိုက်ခန်း | ဒဂုံ၊ ဗိုလ်ရာညွန့်လမ်း | ၁၈၀၀ စ/ပေ၊ မြေညီ | MB (၂) ခန်း၊ BR (၁)ခန်း | ၃၀၀၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၈။ | မြေ | ပြင်ဦးလွင်၊ ကန်တော်ကြီးအနီး | ၆၀၀၀ စ/ပေ | မြေသီးသန့် | ၁၂၀၀ သိန်း | ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ/အိမ် | ပြင်ဦးလွင်၊ ပြည်တော်သာ(၄) လမ်း | ၁၅၀၀ စ/ပေ | RC (1)ထပ်တိုက်ပါ | ၁၃၅၀ သိန်း | ရပ်ကွက်သန့်၊ လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မစ်ဆူဘီရှီ/အာဗီအာ (၂၀၁၀) | ယာယီ | ၃၆၀ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ဟွန်ဒါအင်ဆိုက် (၂၀၁၀) | ယာယီ | ၂၀၀ သိန်း | 1 .3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ခရောင်း (၂၀၀၃) | 5F | ၂၃၅ သိန်း | 3.0 ဓာတ်ဆီ |
| ၅။ | ဗစ်ဇ် (၂၀၁၁) | ယာယီ | ၁၈၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ကလူဂျာ (၂၀၀၄) | 5K | ၃၆၀ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | ဗုရှ် (၂၀၀၄) | 3J | ၂၉၅ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၂၀၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား | | ၁၁၀ သိန်း | |

# ပုသိမ်မြို့တွင် Credit Guarantee Insurance (CGI) စနစ်ဖြင့် ချေးငွေရရှိရေး ဆွေးနွေးပွဲ အခမ်းအနားပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ် မြို့ဧရာရွှေဝါခန်းမတွင် Credit Guarantee Insurance (CGI) စနစ်ဖြင့် ချေးငွေရရှိ ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်း အနားကို ဩဂုတ်လ ၁ ရက်တွင် ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော် နီ၊ တိုင်းဒေသကြီး လွှတ်စစ်၊ စွမ်းအင်၊ စက်မှု လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးဝင်းဋ္ဌေးနှင့် အစိုးရအဖွဲ့ဝင် များ၊ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ် ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန် ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာ့ အာမခံလုပ်ငန်းနှင့် သမဝါယမဘဏ် (CB Bank) မှ တာဝန်ရှိသူများ၊ ဖိတ် ကြားထားသော တိုင်းအဆင့်ဌာနဆိုင်ရာ များ၊ တိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၂၆ မြို့နယ်မှ SMEs စီးပွားရေး လုပ် ငန်းရှင်များ စုစုပေါင်း ၄၀၀ ဦးခန့် တက် ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီက အဖွင့် အမှာစကား ပြောကြား၍ လျှပ်စစ်၊ စွမ်း အင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက် သွယ်ရေး ဝန်ကြီး ဦးဝင်းဋ္ဌေးက SMEs လုပ်ငန်းရှင်များအတွက် ချေးငွေရရှိမှ သာ မိမိတို့ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာမှာဖြစ်ကြောင်း၊ ချေးငွေ ရရှိရုံနှင့် မပြီးသေးဘဲ လူ့စွမ်းအား အရင်းအမြစ် များလည်း အဓိကကျ၍ နည်းပညာ ပိုင်းများ တိုးတက်လာစေရန်နှင့် ထုတ် ကုန် အရည်အသွေး မြင့်မားရေးအတွက် SMEs လုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ရမည့်အပိုင်း များကိုလည်း ဆွေးနွေးပြောကြားပါသည်။

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီး ကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ Sumitomo Mitsui Banking Corporation (SMBC)၊ ပုဂ္ဂလိကဘဏ်များနှင့် ပူး ပေါင်း၍ အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည်။ အဆိုပါ Credit Guarantee Insurance (CGI) စနစ်အား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိ စေရန် ရည်ရွယ်၍ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးလျက် ရှိရာ ခုနစ်ကြိမ်မြောက်အဖြစ် " Credit Guarantee Insurance (CGI) စနစ်ဖြင့် ချေးငွေရရှိရေး" အသိပညာပေး ဆွေး နွေးပွဲ အခမ်းအနားကို ပုသိမ်မြို့၊ ဧရာ ရွှေဝါ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ ခြင်းဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲ၌ စက်မှု ဝန်ကြီးဌာန၊ အသေးစားနှင့် အလတ် စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်က "Activities for SME Financing " ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စီမံကိန်း နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ မြန်မာ့ အာမခံလုပ်ငန်း၊ လက်ထောက် အထွေ ထွေမန်နေဂျာ ဒေါ်စန္ဒာလင်းက "Credit Guarantee Insurance in Myanmar " ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သမဝါယမ ဘဏ် SME Banking ဌာနမှူး ဦးစော ဒီနိုကူးက "How To Prepare for CGI Loan"ခေါင်းစဉ် ဖြင့် လည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သတင်း ရရှိသည်။

**ထွန်းထွန်း(ပုသိမ်)**

# ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လျှော်ဖြူပင် စိုက်ပျိုးထုတ်လုပ်သော တောင်သူများနှင့် အသင်းအဖွဲ့ဖွဲ့စည်းနိုင်ရေး တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင် ဦးစီးမှူးရုံး အနေဖြင့် ဆိပ်ဖြူမြို့နယ် တာဝန်ခံ ဦးစီးမှူး ဦးသန်းမြင့်ထွန်း ဦးဆောင်၍ အဖွဲ့ဝင်လေးဦးတို့သည် ဇူလိုင် ၂၃ ရက်တွင် ရွာသာအေးကျေးရွာ၊ ထန်းချောင်းကျေးရွာ၊ ဇီးဖြူကောင်းကျေးရွာ၊ ချောင်းမကြီးကျေးရွာ၊ ပင်းတလဲကျေးရွာ၊ တဲကြီး ကျေးရွာ၊ ရေကျော်ကျေးရွာ၊ သပြေကျေးရွာ တို့တွင် လျှော်ဖြူပင်စိုက်ပျိုးထုတ်လုပ်သော တောင်သူများနှင့် အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေး တွေ့ဆုံဆွေးနွေးခဲ့ရာ တောင်သူ ၂၅ ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲတွင် ဆိပ်ဖြူမြို့နယ် တာဝန်ခံ ဦးစီးမှူး ဦးသန်းမြင့်ထွန်းက ယခုလို လျှော်ဖြူပင် စိုက်ပျိုးထုတ်လုပ်သူများနှင့် လာရောက်တွေ့ဆုံရခြင်း၏ရည်ရွယ်ချက်မှာ ပြည်တွင်းအသုံးပြုမှု ပိုလျှံသည့် လျှော်ဖြူများအား အမယ်သစ်ပို့ကုန်သီးနှံအဖြစ် ပြည်ပသို့တင်ပို့သွားနိုင်ရေးအတွက် အစုအဖွဲ့များ ဖွဲ့စည်းနိုင်ရန် စိုက်ပျိုးသူများနှင့် ကွင်းဆင်းတွေ့ဆုံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လျှော်ဖြူပင်သည် မြေအမျိုးအစား မရွေး စိုက်ပျိုးနိုင်သည့်အပင်ဖြစ်ကြောင်း၊ လျှော်ဖြူစေးထုတ်လုပ်ရာတွင် အခက်အခဲမရှိစေရေးအတွက် စိုက်ပျိုးရာတွင်လည်း အတန်းကြား ၁၈ ပေ၊ အပင်ကြား ၁၈ ပေ (သို့) ၁၅ ပေ x ၁၅ ပေ စိုက်ပျိုးလျှင် အကောင်းဆုံးဖြစ်ကြောင်း၊ ၎င်းအပြင် လျှော်ဖြူပင်မှ ထွက်သည့် အရွက်၊ အခေါက်၊ အသား၊ အစေ့အားလုံးမှာ အသုံးပြုအသုံးဝင်လျက်ရှိကြောင်း၊ လျှော်ဖြူစေးဆိုလျှင်လည်း စားသောက်ကုန်၊ အလှကုန်၊ တိုင်းရင်းဆေးများတွင် ထည့်သွင်းအသုံးပြုသည့်အပြင် မော်တော်ကားမှန် ပြုလုပ်ရာတွင်လည်း အသုံးပြုသည်ဟု သိရှိရပါကြောင်း၊လျှော်ဖြူဆေးတွင်လည်း အမျိုးအစား လေးမျိုးခန့်ရှိသည်ဟု သိရကြောင်း၊ အကောင်းဆုံး အမျိုးအစားမှာ တစ်ပိဿာလျှင် ကျပ် ၅၅၀၀၀မှ ကျပ် ၆၀၀၀၀ခန့်အထိရှိပြီး အနိမ့်ဆုံး ဈေးမှာကျပ် ၈၀၀၀ မှ ကျပ်၁၀၀၀၀ အထိ ရှိသည်ကို သိရကြောင်း၊ သို့ဖြစ်ပါ၍ တောင်သူတစ်ဦးချင်း စိုက်ပျိုးသည်ထက် အစုအဖွဲ့များ ဖွဲ့စည်းပြီး အသင်းအဖွဲ့အထိ ဖွဲ့စည်းသွားလျှင် အကောင်းဆုံးဖြစ်ကြောင်း၊ ထွက်ရှိလာမည့် လျှော်ဖြူ စေးများအား အစုအဖွဲ့အနေဖြင့် ရောင်းချခြင်း ပြုလုပ်လျှင် ရောင်းသူဈေးကွက်မှ ဝယ်သူဈေးကွက်သို့ ရောက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက် ပိုလျှံ၍ ပြည်ပသို့ တင်ပို့ရောင်းချလိုလျှင်လည်း အသင်းအဖွဲ့များအနေဖြင့်ဆိုလျှင် တင်ပို့ခွင့်ရရှိနိုင်ကြောင်း၊ စိုက်ပျိုးထားသည့် လျှော်ဖြူပင်များ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို လိုအပ်ချက်အရ တောင်းဆိုလာလျှင် နားလည် တတ်ကျွမ်းသည့် စိုက်ပျိုးရေးပညာရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ လျှော်ဖြူပင်သည် အဘက်ဘက်မှ အသုံးပြုနိုင်သည့် အပင်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အပင်အဖြစ် စိုက်ပျိုးနိုင်ခြင်း၊ ကျေးလက်ဒေသ စိမ်းလန်းစိုပြေရေးအဖြစ် စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် မိမိတို့တစ်ပိုင်တစ်နိုင် စီးပွားဖြစ် စိုက်ပျိုး ခြင်းအပြင် အခြားတောင်သူများပါ စိုက်ပျိုးလာနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ပေးနိုင်ရေးများကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သူဇာကျော်(ပခုက္ကူ)**

# ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၅)ကို မန္တလေးမြို့တွင် ဖွင့်လှစ်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ကြီးမှူး၍ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၅)ကို ဩဂုတ်လ ၁၉ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ပြီး အပတ်စဉ် စနေနှင့် တနင်္ဂနွေတို့တွင် နံနက် ၀၉:၃၀ နာရီမှ နေ့လယ် ၁၂:၃၀ နာရီအထိ တက်ရောက်ရမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် စီးပွားရေး လုပ်ငန်းရှင်များအား ကုန်သွယ်မှုနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန် ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များအားလုံးကို အခြေခံအဆင့်မှ စတင်၍ အသေးစိတ်သင်ကြားပို့ချမှာဖြစ်သည့်အပြင် အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ ပြည်တွင်းအခွန်ဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ ဘဏ်လုပ်ငန်းများ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေများ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို မိမိတို့ဝန်ကြီးဌာနနှင့် အခြားကုန်သွယ်မှုနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပါသည်။

သင်တန်း ကာလအတွင်း ကုန်သွယ်မှုဆိုင်ရာ သင်တန်းပို့ချချက်များကို လက်တွေ့သိရှိပြီး နားလည်စေနိုင်ရန် လေ့လာရေးခရီးစဉ်များလည်း စီစဉ်ထားရှိပါသည်။

သင်တန်းကို ၃၅လမ်း၊ ၆၃x၆၄လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်း အမှတ်၀၂-၃၉၂၇၅၊ ၀၉-၄၀၂၆၀၁၀၀၆၊ ၀၉-၇၉၅၁၂၄၂၉၆ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိပါသည်။

(MTDTYK-MDY)

# ဝါ၊ ကြံ၊ သကြား ပြည်ပပို့ကုန် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူး၍EIF အစီအစဉ်ဖြင့် ဝါ၊ ကြံ၊ သကြား ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအား မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) အစည်းအဝေး ခန်းမ၌ ဩဂုတ်လ ၄ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် မြန်မာနိုင်ငံကြံနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးလင်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ UMFCCI နှင့်တိုင်းဒေသကြီးပြည်နယ် CCI နှင့် ညီနောင်အသင်းဝင်များ၊ ဝါ၊ ကြံ၊ သကြား လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၃၀ ဦးခန့် တက်ရောက်ခဲ့ပြီး၊ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်သည့် ဌာနဆိုင်ရာမှ စာတမ်းခြောက်စောင် ဖတ်ကြား ရှင်းလင်းမည်ဖြစ်သည်။ ထို့ပြင် ထုတ်လုပ်မှုတိုးတက်ရေး၊ ကြိတ်ခွဲထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် စားပွဲဝိုင်းဆွေးနွေးပွဲများပြုလုပ်၍ဖော်ထုတ်ရရှိချက်များအား ရှင်းလင်းဆွေးနွေးကာ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များကို ဆက်လက်ရေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မျိုးသူ(ကုန်သွယ်မြှင့်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | | |
|---|---|---|---|
| (၁) | မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) | Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဗြဲရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

**၇-၈-၂၀၁၇ မှ ၁၃-၈-၂၀၁၇ ရက်နေ့ထိ**

**ဒေါ်မြတ်မြတ်အေး**

**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးနှင့် အလုပ်အကိုင်တွင် အကြီးအကဲများ၊ ဆရာသမားတို့၏ကူညီထောက်ပံ့မှုများ ရရှိတတ်ပြီး လုပ်ငန်းများရင်းနှီးမြှုပ်နှံနိုင်သော အခြေအနေ ရရှိလာတတ်ပါသည်။ အကျိုးဆောင်လုပ်ငန်းများ၊ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံ မြေထွက်သီးနှံများ၊ စားသောက်ကုန်ပစ္စည်းများ၊ အခြားသော လုပ်ငန်းများနှင့်လည်း အကျိုးပေးနိုင်သောအချိန်အခါ ဖြစ်ပါသည်။ ဝန်ထမ်း ဖြစ်ပါကလည်း ရာထူးတိုးရန် မျှော်လင့်ချက်ရှိပါသည်။

**ယတြာ။ ။ဘုရားနှင့်ရဟန္တာကို သောက်တော်ရေကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းခွင်တွင်အထွေထွေ သဘောတရားအရအများနှင့် လိုက်လျောညီထွေ အဆင်ပြေအောင် နေထိုင်ပြောဆို လုပ်ကိုင်တတ်သော်လည်း တစ်ခါ တစ်ရံ ကိုယ်ထင်ရာကိုယ်စိုင်း၍ ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်တတ်ပါသည်။ မှားသည် ဖြစ်စေ၊ မှန်သည်ဖြစ်စေ ရဲ့၍စောင်း၍ပြောဆိုတတ်မှုတို့ကြောင့် အန္တရာယ်မကင်းသောပြဿနာတို့ ဖြစ်ပေါ်တတ်ပါသည်။ သတိထားသင့်ပါသည်။ အစားအသောက်အနေအထိုင် မဆင်ခြင်မှုတို့ကြောင့် ရောဂါဝေဒနာများစွဲကပ်တတ်ပါသည်။ **ယတြာ။ ။သံဃာတော်နှင့် သက်ကြီးရွယ်အိုတို့အား ဆေးဝါးလှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေး၊ အလုပ်အကိုင်တို့တွင် လုပ်ချင်နေသောအလုပ်နှင့်လုပ်သင့်သောအလုပ်ကို မခွဲခြားနိုင် ဖြစ်နေတတ်သည်။ ဝင်ငွေထွက်ငွေမမျှတဘဲ ထွက်ငွေ များနေတတ်သည်။ အန္တရာယ်နှင့်ယှဉ်သောလုပ်ငန်းများ၊ ရေနှင့်ရေထွက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် လူကြီးများ၏ သဘောကျခြင်း၊ နှစ်ခြိုက်ခြင်းကို ခံရတတ်ပါသည်။

**ယတြာ။ ။ ဘာသာတရားကိုရိုသေကိုင်းရှိုင်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ ယခင်ထက်ပို၍ တိုးတက် အောင်မြင်လာနိုင်သည်။ ငွေကြေးဥစ္စာ စုဆောင်းမှုမရှိသေးသော်လည်း စုဆောင်းနိုင်ရန် ကြိုးစားရပါမည်။ လုပ်ငန်းကောင်းသောအချိန်အခါ၌ ချွေတာလျှင် စုဆောင်းမှုများရရှိလာပါမည်။ နိုင်ငံရပ်ခြား၊ ငွေကြေးကိစ္စလုပ်ငန်းများ၊ ရေနှင့် ရေထွက်သီးနှံများအကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် နာမည်ကောင်းရတတ်ပြီး ရာထူးတိုးရန် မျှော်လင့်ချက်ရှိပါသည်။

**ယတြာ။ ။ဘုရားတွင်ရေ၊ မီး၊ အမွှေးတိုင်ပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းမစမီကပင် ငွေကြေးဘယ်လောက်ရမည်ကို ကြိုတင် စဉ်းစားတတ်ပါသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရာတွင် လောဘကြီးတတ်ပါသည်။ လစဉ်မှန်မှန်ရသောငွေကြေးထက် နေ့စဉ်များများရရှိသော ငွေကြေးကိုပို၍ စိတ်ဝင်စားတတ်ပါသည်။ အများနှင့်ဆက်ဆံရသည့်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဆေးဝါးလုပ်ငန်း၊ မြေထွက်သီးနှံစသည်တို့နှင့်အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးရန်စောင့်ဆိုင်းနေရပါမည်။

**ယတြာ။ ။ဘုရား၊ ရဟန္တာအား ရွှေသကၤန်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အခက်အခဲများဖြစ်တတ်ခြင်း၊ အပြိုင်အဆိုင်များ ကြုံတွေ့ရတတ်ခြင်း၊ စွန့်စားမှုပြုရခြင်းများဖြစ်တတ်ပါသည်။ မိမိ၏လုပ်ဖော်ကိုင်ဖက်များနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လွဲချော်မှုနည်းပါးအောင် သတိပေး၍ကူညီတတ်ပါသည်။ လုပ်ဖော်ကိုင်ဖက်များထဲမှ အတိုက်အခံပြုမှုလေးများရှိနေတတ်သည်။ စီးပွားရေးမယိုင်လဲရအောင် အလိုက်သင့်လုပ်ကိုင်နေရတတ်ပါသည်။ စားသောက်ကုန်ပစ္စည်းများနှင့်ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် နာမည်ကောင်းရတတ်သည်။**ယတြာ။ ။ထီးတံခွန်၊ ဆီမီး၊ အမွှေးတိုင်၊ ရေချမ်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတိုးတက်အောင်မြင်မည့်အချိန်ပင်ဖြစ်ပါသည်။ များပြားစွာသော စီးပွားရေးလုပ်ငန်းများကြောင့် မအားလပ်နိုင်သော အချိန် ဖြစ်ပါသည်။ လုပ်ငန်းများ ထပ်မံတိုးတက်အောင် လုပ်ဆောင်နေရတတ်သည်။ လူမျိုးခြား၊ ဘာသာခြားများနှင့်ဆက်စပ်၍ လုပ်ငန်းများ လုပ်ဆောင်ရမည့်အချိန်ကာလဖြစ်သည်။ ဝါဂွမ်း၊ ပိုးထည်၊ ချည်ထည်၊ သံထည်လုပ်ငန်းတို့နှင့်လည်း အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင်နာမည်ကောင်းရခြင်း၊ ရာထူးတိုးမြင့်ခြင်းတို့ရရှိလာတတ်ပါသည်။ **ယတြာ။ ။အိပ်ခါနီးတိုင်း ငါးပါးသီလခံယူပါ။**

# ၂၀၁၇-၂၀၁၈ မိုးစပါးရာသီ တိုင်းစိုက်ပျိုးရေး ဦးစီးဌာနနှင့် Green Peasant Institute တို့ ပူးပေါင်း၍ တတိယအကြိမ် စိုက်ပျိုးရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးဆောင်ပြီး Green Peasant Institute (GPI) (လယ်သမား သင်တန်းကျောင်း-ပုသိမ် မြို့)တို့ ပူးပေါင်း၍ တတိယအကြိမ် စိုက်ပျိုးရေး နည်းပညာပေးသင်တန်းကို ဩဂုတ်လ ၂ ရက်က ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းကို လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်၍ တောင်သူများ ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာတွင် သိပ္ပံနည်းကျ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်နှင့် ဈေးကွက်ဝင် အရည်အသွေးမြင့် စပါးများ စိုက်ပျိုးထုတ်လုပ်ပြီး တောင်သူများ ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ မိုးစပါး ရာသီတွင် တိုင်းအတွင်းရှိ မြို့နယ်များမှ တောင်သူများ၊ ခရိုင်နှင့် မြို့နယ် ၂၆ မြို့နယ်မှ မျိုးစေ့ တာဝန်ခံများအား သင်ကြား ပို့ချခဲ့ခြင်း ဖြစ်သည်။

၎င်းသင်တန်းတွင် စပါးမျိုးများ၏ ပြင်ပသွင်ပြင် လက္ခဏာများ၊ ပေါင်းရှင်းခြင်း၊ မျိုးကွဲပယ်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices) အား သိရှိစေရန်နှင့် စပါးသီးနှံတွင် ကျရောက်သော ပိုးမွှား ရောဂါကာကွယ်နှိမ်နင်းခြင်းတို့ကို စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးခဲ့ပါသည်။ အဆိုပါ သင်တန်းသို့ ခရိုင်မြို့နယ်များမှ မျိုးစေ့တာဝန်ခံများနှင့် မြို့နယ်စုံမှ တောင်သူများ စုစုပေါင်း ၉၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရပါသည်။

အဆိုပါ သင်တန်း၏ ပထမအကြိမ် သင်တန်းကို ဇွန်လ ၅ ရက်မှ ၆ ရက် အထိလည်းကောင်း၊ ဒုတိယအကြိမ် သင်တန်းကို ဇူလိုင်လ ၄ ရက်မှ ၅ ရက် အထိ လည်းကောင်း ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) နှင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရှင်ပင်ဘုန်းပွင့်လမ်းရှိ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်း (ARCCI) ရုံးတွင် အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းသားများ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းအဆင့်တာဝန်ရှိသူများနှင့် ဩဂုတ်လ ၇ ရက်တွင် တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း စီးပွားရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်နေသလို မိမိတို့အသင်းအဖွဲ့မှလည်း ကိုယ့်ဒေသ တိုးတက်အောင် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ လက်ရှိတွင် SMEs ကိစ္စ ဆောင်ရွက်နေမှုများ၊ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အစိုးရအဖွဲ့မှလည်း ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများအတွက် ဖိတ်ခေါ်ထားမှုများရှိသလို လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကျေးလက် မြို့နယ်အဆင့်တွင် မြေပြင်စိုက်ပျိုးသည်မှ တင်ပို့ရောင်းချသည့်အဆင့်အထိကွင်းဆင်း၍ အားလုံးအဆင့်မြင့် တင်နိုင်ရေးနှင့် အသင်းအဖွဲ့များ ခိုင်မာအားကောင်းဖို့လိုကြောင်း၊ အသင်းအဖွဲ့များ၏ လက်ရှိဆောင်ရွက်နေသော အားသာချက်/ အားနည်းချက်များအား ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနတို့မှလည်း မိမိတို့ဌာနနှင့် အသင်းအဖွဲ့များ ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ရမည့် အပိုင်းများကို ဆွေးနွေး၍ စီးပွားရေး လုပ်ငန်းရှင်များကလည်း လက်ရှိကြုံတွေ့နေရသော ညီနောင်အသင်း၏ အားသာချက်/ အားနည်းချက်များနှင့် အစိုးရအဖွဲ့သို့ တင်ပြရမည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# မုံရွာမြို့၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ မိတ်ဆက်ပွဲ ပြုလုပ်

ဥရောပ-အာရှကော်မာရှယ် ကုမ္ပဏီလီမိတက် (EAC) မှထုတ်လုပ်သော Asia အချိုရည်၊ ရေသန့်၊ Goody ဆီ၊ ကြက်သားမှုန့်၊ အီလန်ပန်းကန်ဆေးရည်၊ Family Care ရေချိုးဆပ်ပြာ၊ Mr.Care ကြွေချေးချွတ်ဆေးရည် မိတ်ဆက်ပြပွဲကို မုံရွာမြို့၊ မြစန္ဒာခန်းမ၌ ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့ရာ မုံရွာမြို့ပေါ်ရှိ ဟိုတယ်ပိုင်ရှင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များ၊ လက်ဖက်ရည် ဆိုင်ပိုင်ရှင်များ တက်ရောက်ခဲ့ပါတယ်။

EAC မှထုတ်လုပ်သော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများသည် စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ် ကင်းရှင်း၍ ယုံကြည် စိတ်ချစွာဝယ်ယူကြရန်နှင့် တစ်နေရာတည်းမှာ ဝယ်ယူလိုသည့်ပစ္စည်းများကို ဝယ်ယူနိုင်ကြောင်း သိရှိနိုင်ရန် ရည်ရွယ်၍ ကုန်ပစ္စည်းမိတ်ဆက်ပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရပါတယ်။

ကုန်ပစ္စည်းမိတ်ဆက်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီလင်းထွဋ်က စားသုံးသူများသည် မိမိပေးလိုက်ရတဲ့ တန်ဖိုးနှင့်ညီမျှမှုကို ရရှိရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များကို သိရှိ ထားရန် လိုကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို စားသုံးသူကိုယ်တိုင် နားလည်လက်ခံကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး အလေ့အကျင့်ကောင်းများကို ဌာနဆိုင်ရာများ၊ NGO အဖွဲ့ အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားခဲ့ပါတယ်။

ဥရောပ-အာရှကော်မာရှယ် ကုမ္ပဏီလီမိတက် (EAC) မှ Marketing မန်နေဂျာက မိမိတို့ကုမ္ပဏီမှ ထုတ်လုပ် သော စားသောက်ကုန်နှင့် ကုန်ပစ္စည်း များ၏ အရည်အသွေးသည် ရေတို/ရေရှည် ကျန်းမာရေးထိခိုက်မှုမရှိအောင် ပထမဦးစားပေး စစ်ဆေးပြီးမှ ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ပါကြောင်း၊ နည်းပညာမြင့်မားစွာဖြင့် ထုတ်လုပ်ခြင်း၊ ကုန်ကြမ်းပစ္စည်းများကောင်းမွန်ခြင်း၊ နောက်ဆုံးပေါ် စက်ကိရိယာများအသုံးပြု ထုတ်လုပ်ခြင်းဖြစ်၍ အရည်အသွေးကို အထူးစိစစ်ထားပါကြောင်း၊ မုံရွာဆိုင်ခွဲသည် အမှတ် ၈/၁၅၊ မြို့ပတ်လမ်း၊ အေးသာယာရပ်ကွက်တွင် ဖွင့်လှစ်ထားပြီး ဖုန်းနံပါတ်မှာ ၀၇၁-၂၂၇၁၀/၂၄၁၇၈ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

# tmqD,H2025 ar|mfeScufuk
# ပိုမိုအောင်မြင်စေမည့်
# &yf0ef;ESvrf;tpDpOf

♦ သိန်းမြင့်ဝေ

ယခု ၂၀၁၇ ခုနှစ်သည် အာဆီယံ တည်ထောင်သည်မှာ နှစ် ၅၀ ပြည့်မြောက်သည့်နှစ်ဖြစ်သည်။ အဆိုပါ ကာလအတွင်း တရုတ်နိုင်ငံနှင့် များစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံက အကောင်အထည်ဖော်နေသော ရပ်ဝန်းနှင့်လမ်းအစီအစဉ် (Belt and Road initiative - B & R) က အာဆီယံ၏ ၂၀၂၅ ခုနှစ် စီးပွားရေးတိုးတက်မှု ရည်မှန်းချက်ဖြစ်သော ASEAN 2025 ကို ပိုမိုအောင်မြင်စေနိုင်ကြောင်း တွေ့ရသည်။ ASEAN 2025 သည် အာဆီယံက ဆက်လက်ဆောင်ရွက်သွားမည့် လမ်းပြမြေပုံ (Forward-looking roadmap) ဖြစ်သည်။

B & R သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆက်စပ်ပြောင်းလဲမှု (Economic globalization) အတွင်း ပိုမို ပူးပေါင်းပါဝင်ရန် ကြိုးပမ်းအားထုတ်သော တရုတ်နိုင်ငံ၏ အစီအစဉ်တစ်ခုဖြစ်သည်။ လက်ရှိအချိန်တွင်လည်း တရုတ်နိုင်ငံသည် နိုင်ငံတကာစင်မြင့်၏ အလယ်ဗဟိုသို့ ရောက်ရှိလုနီးပါးဖြစ်နေသည်။ ကမ္ဘာ့စီးပွားရေးတွင် အရေးပါသော နေရာသို့ရောက်ရှိနေသည်ဟု ဆိုလိုသည်။ B & R သည် အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်တစ်ခုလည်း ဖြစ်သည်။

လက်ရှိ ကမ္ဘာကြီးသည် ရာစုသစ် (New Century) ထဲသို့ ချဉ်းနင်းဝင်ရောက်နေသည်။ နိုင်ငံစုံက ဆုံးဖြတ်ခွင့်ရှိသော ကမ္ဘာ (Multipolar world)၊ စီးပွားရေး ဆက်စပ်ပြောင်းလဲလျက်ရှိသော ကမ္ဘာ၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသောကမ္ဘာ၊ အပြန်အလှန် ထိန်းကျောင်းမှုရှိသော ကမ္ဘာ (Power balancing) အဖြစ် ပြောင်းလဲနေသည်။ ထို့ပြင် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အာရှ-ပစိဖိတ်ဒေသသို့ အရှိန်အဟုန်ဖြင့် ရွေ့လျားနေသည်။ ဤကဲ့သို့သော အခြေအနေနှင့် အချိန်အခါမျိုးတွင် အာဆီယံနှင့် တရုတ်နိုင်ငံ၏ ပူးပေါင်းမှုက မြန်ဆန်သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေနိုင်သည်။

၂၀၀၂ ခုနှစ်တွင် တရုတ်နှင့် အာဆီယံတို့သည် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် မူဘောင် (Framework Agreement on Comprehensive Economic Cooperation) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ၂၀၀၃ ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့် စီးပွားရေးတိုးတက်မှုအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး (Strategic partnership) ဆိုင်ရာ ပူးတွဲကြေညာချက်ကိုလည်း သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် အာဆီယံ၏ ပထမဆုံးသော မဟာဗျူဟာမြောက် လုပ်ဖော်ကိုင်ဖက် (First strategic partner) ဖြစ်လာခဲ့သည်။ ထို့ပြင် အရှေ့တောင်အာရှဒေသအတွင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (Treaty of Amity and Cooperation) ကို လက်မှတ်ရေးထိုးသည့် ပထမဆုံးသော အာဆီယံမဟုတ်သည့် နိုင်ငံ (First non-ASEAN Country) ဖြစ်လာခဲ့သည်။

သို့သော်လည်း တရုတ်နှင့် အာဆီယံကြား ကုန်သွယ်မှုပမာဏ ကျဆင်းခြင်းကဲ့သို့သော စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ-တရုတ် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ တစ်ထရီလီယံ ရှိရမည်ဟူသော မျှော်မှန်းချက်နှင့် ဝေးကွာနေဆဲဖြစ်သည်။ အရှေ့တောင်အာရှဒေသအတွင်း တရုတ်၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလိုအပ်နေဆဲဖြစ်သည်။ အာဆီယံနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပေ။ ရပ်ဝန်းနှင့်လမ်းအစီအစဉ် (B & R) တွင် ဖော်ပြပါရှိသော နိုင်ငံရေးကိစ္စ၊ အခြေခံ အဆောက်အအုံ ချိတ်ဆက်မှု၊ ကုန်သွယ်ရေးလွတ်လပ်ခွင့်၊ ငွေရေးကြေးရေးကိစ္စနှင့် ယဉ်ကျေးမှုကိစ္စရပ်များကို အပြည့်အဝ အကောင်အထည်ဖော်ရန်အတွက် တရုတ်နှင့် အာဆီယံတို့သည် အသေးစိတ်လုပ်ငန်းစဉ်များဖြင့် အတူတကွ လုပ်ဆောင်ရန် လိုအပ်သည်။

အာဆီယံသည် ပြီးခဲ့သည့် နှစ် ၅၀ အတွင်း အာဆီယံနိုင်ငံရေး လုံခြုံရေးအသိုက်အဝန်း (APSC)၊ အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) နှင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း (ASCC) တို့ကို အကောင်အထည်ဖော်ခဲ့သည်။ APSC ကို အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်မှုကဲ့သို့သော ပုံမှန်မဟုတ်သည့် လုံခြုံရေး ကိစ္စရပ်များ (Non traditional security challenges) ကို ဖြေရှင်းရန် ရည်ရွယ်ဖွဲ့စည်းခဲ့သည်။ AEC သည် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးတက်ရေးအတွက် အဓိကရည်ရွယ်သည်။




ကမ္ဘာ့စီးပွားရေးတွင် ဆဋ္ဌမမြောက်အကြီးဆုံးဖြစ်ပြီး အာရှတွင် တတိယမြောက် စီးပွားရေး အင်အားအကြီးမားဆုံးသော အာဆီယံသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် အရေးပါလျက်ရှိသည်။ တရုတ်နိုင်ငံပါဝင်သော ဒေသဆိုင်ရာစီးပွားရေး ပူးပေါင်းမှု အစီအစဉ် (Regional Comprerensive Economic Partnership-RCEP) က အာဆီယံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။ ASCC သည် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအရေး အပါအဝင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ရေရှည်စဉ်ဆက်မပြတ်တိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှုစသည့် ကိစ္စရပ်များအတွက် ရည်ရွယ်ပါသည်။

အာဆီယံ-တရုတ် ဆက်ဆံရေးတွင် အခွင့်အလမ်းသစ်များစွာ ရှိပါသည်။ RCEP မူဘောင်ကို အပြီးသတ် ရေးဆွဲလျက်ရှိသည်။ အရှေ့တောင်အာရှဒေသရှိ မြို့ပေါင်း ၃၇ မြို့နှင့် တရုတ်ပြည်ရှိ မြို့ပေါင်း ၅၂ မြို့ကို အပတ်စဉ် ချိတ်ဆက်ပျံသန်းလျက်ရှိသော လေယာဉ်ခရီးစဉ်မှာ ၅၀၀၀ နီးပါးရှိပါသည်။ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသကို အကောင်အထည်ဖော်နေခြင်းသည် ၂၀၂၀ ပြည့်နှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာတစ်ထရီလီယံ ရှိရမည်ဟူသော လျာထားချက်ကို ရရှိစေနိုင်သည်။ တရုတ်နိုင်ငံ၏ B & R သည် အာဆီယံ၏ စီးပွားရေး တိုးတက်မှုရည်မှန်းချက်ဖြစ်သော ASEAN 2025 နှင့် လိုက်လျောညီထွေရှိပါသည်။

အာဆီယံ၏ တည်နေရာအပြင် တရုတ်နှင့် ကာလရှည်ကြာကုန်သွယ်ခဲ့ခြင်းသည် B & R အတွက် အရေးကြီး သည်။ တရုတ်နိုင်ငံ၏ အိမ်နီးချင်းများသည် B & R ၏ အဓိက လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် အာဆီယံနိုင်ငံများ ဖြစ်သောကြောင့် ၎င်းတို့သည် B & R ၏ကောင်းကျိုးများကို ပထမဆုံး ရရှိခံစားရမည့် နိုင်ငံများဖြစ်ကြသည်။ ထို့ကြောင့် အာဆီယံနိုင်ငံများသည် B & R တွင် ပါဝင်သင့်ပါသည်။ ထို့ပြင် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ပူးပေါင်းဆောင်ရွက်ရေး (Win-win cooperation) တို့ကို အတူတကွ လက်တွဲအကောင်အထည်ဖော်သင့်သည်။

တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ်စီးပွားရေးစင်္ကြံ (China Indochina Peninsula Economic Corridor) သည် အရေးကြီးသော အစီအစဉ်တစ်ခု ဖြစ်ပါသည်။ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မြန်မာနှင့် မလေးရှားတို့ကို ဖြတ်သန်း၍ အင်ဒိုချိုင်းနားကျွန်းဆွယ်နှင့် တရုတ်နိုင်ငံကို ချိတ်ဆက်ထားသော လမ်းကြောင်းဖြစ်သည်။ ဤစီးပွားရေးစင်္ကြံသည်လည်း တရုတ်နှင့် အာဆီယံ အနာဂတ် ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်တစ်ခု ဖြစ်လာနိုင်သည်။

အာဆီယံနိုင်ငံများသည် တရုတ်၏ အိမ်နီးချင်းဖြစ်ပြီး အရေးကြီးသော မိတ်ဆွေနိုင်ငံများ ဖြစ်ကြပါသည်။ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး (ASEAN-China Dialogue Relations) ကို ၁၉၉၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ပြုလုပ်ခဲ့သော (၂၄) ကြိမ်မြောက် အာဆီယံဝန်ကြီးများ အစည်းအဝေးတွင် စတင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် တရုတ်နိုင်ငံသည် အာဆီယံ၏ အချိန်ပြည့် ဆွေးနွေးဖက်နိုင်ငံဖြစ်လာခဲ့သည်။ ယခင် ပုဂ္ဂိုလ်များ ချမှတ်ခဲ့သော တရုတ်-အာဆီယံဆက်ဆံရေးကို ပိုမိုအခွန့်ရှည်တိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ရပ်ဝန်းနှင့် လမ်းအစီအစဉ်အရ တရုတ်နှင့် အာဆီယံအတွက် အခွင့်အလမ်းများစွာ (Boundless opportunities) ရယူနိုင်ပြီဖြစ်သည်။

**Source: globaltimes.cn**

## ရှားတော အ • ထ • က ၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပပြီး ကုန်စုံဆိုင်များ ကွင်းဆင်းစစ်ဆေး

လွိုင်ကော်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြို့ရီဦးဆောင်သော ဝန်ထမ်းသုံးဦးနှင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက်တွင် ရှားတောမြို့ပေါ်ရှိ ကုန်စုံဆိုင်များတွင် ဘေးအန္တရာယ် ကင်းရှင်းသည့် စားသောက်ကုန်များ ရောင်းချနိုင်စေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တားမြစ်ထုတ်ပြန်ထားသော စားသောက်ကုန်များ၊ သက်တမ်းလွန်နေသော စားသောက်ကုန်များ၊ ထုပ်ပိုးမှုအညွှန်း ပြည့်စုံမှုမရှိသော ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါတယ်။

ကွင်းဆင်းစစ်ဆေးရာတွင် ရှားတောမြို့ပေါ်ရှိ ကုန်စုံဆိုင်များမှ သက်တမ်းလွန်နေသော အချိုရည်များ၊ ငါးသေတ္တာဗူးများ၊ စားသုံးဆီများနှင့် တားမြစ်ထားသော မုန့်များ၊ အရောင်တင်မုန့်များ စုစုပေါင်း ၁၄၆ ခု စစ်ဆေး တွေ့ရှိရ၍ ဆိုင်ရှင်များကိုယ်တိုင် ဈေးကွက်မှ ပြန်လည် သိမ်းဆည်းစေခဲ့ပြီး နောင်တွင် ဆက်လက်ရောင်းချခြင်းမပြုရန် ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ပါတယ်။ ဒါ့အပြင် ထုပ်ပိုးခွဲအညွှန်းနှင့် ပတ်သက်၍လည်း ကုန်အမှတ်တံဆိပ်၊ ထုတ်လုပ်သည့် ရက်စွဲ၊ ကုန်ဆုံးသည့် ရက်စွဲ၊ ထုတ်လုပ်သည့်နေရာဒေသနှင့် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် စသည့်အချက်များမပါဝင်သော အစားအသောက်များကို လုံးဝရောင်းချခြင်း မပြုရန် အသိပညာပေး ဆွေးနွေးခဲ့ပါတယ်။ ဆက်လက်၍ ဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရှားတော (အ. ထ. က)၌ စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေး အပြည့်အဝ ရရှိစေရန်နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုမခံရစေရန် ရွေးချယ်ဝယ်ယူရာတွင် သေချာ ဖတ်ရှုဝယ်ယူရမည့် အချက်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲသည့်အခါ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား/သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို တစ်ချက်ချင်း ရှင်းလင်းဖြေကြား၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်း မုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**ကျော်ဇင်ထွေး(စားသုံးသူ၊ ကယား)**

# စတုတ္ထအကြိမ် မြန်မာနိုင်ငံအစားအသောက်အဖျော်ယမကာနှင့် ဒုတိယအကြိမ် မြန်မာနိုင်ငံလက်လီအရောင်းပြပွဲ ပြသမည်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းတို့မှကြီးမှူး၍ စတုတ္ထအကြိမ် မြန်မာနိုင်ငံ အစားအသောက်အဖျော်ယမကာနှင့် ဒုတိယအကြိမ်မြန်မာနိုင်ငံလက်လီအရောင်းပြပွဲကို ဩဂုတ် ၁၇ ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် တရုတ်၊ တရုတ်(တိုင်ပေ)၊ ထိုင်းနှင့်ဂျပန်နိုင်ငံတို့မှ ကုမ္ပဏီများက ပြခန်းပေါင်း ၇၀ ကျော်တို့ဖြင့် လာရောက်ပြသကြမည်ဖြစ်သည်။

ပြပွဲတွင် “သာလွန်ကောင်းမွန်သော လက်လီဆိုင်များဆီသို့”ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲတစ်ရပ်ကို ထည့်သွင်းကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲတွင် ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဦးသူရမောင် (Retail Banking Director, AYA Bank)၊ ဒေါ်မေဇင်စိုးထက်(စီတီးမာ့တ်ဟိုးလ်ဒင်းလီမိတက်)နှင့်ဒေါ်တင်စုလှိုင် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်လီရောင်းချသူ များအသင်း)တို့က ဆွေးနွေးကြမည်ဖြစ်ပြီး Moderator အဖြစ် ဦးသူရိန်ငြိမ်း (Nelsen MMRD (Myanmar) Co., Ltd) က ဆောင်ရွက်မည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် လက်လီရောင်းချမှုလုပ်ငန်းနှင့်ပတ်သက်၍ ငွေအကြေးရှားပါးမှုပြဿနာကို ဖြေရှင်းရန်အတွက် ကတ်စနစ်ကို အသုံးပြုမည့်အကြောင်းအရာများကိုပါ ထည့်သွင်းဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် အဆိုပါပြပွဲတွင် 20 minutes Lunch Box ပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲများကို ထိုင်းနိုင်ငံမှ ICVEX Co., Ltd. က ဦးဆောင်၍ ကျင်းပခြင်းဖြစ်သည်။

**မယ်သီတာ**




# အူရီဒူးမြန်မာက ပိုမိုသက်သာသောနှုန်းထားဖြစ်သည့် 1MB လျှင် တစ်ကျပ်နှုန်းသာပေးရသော Facebook Plus အစီအစဉ်ကိုစတင်မိတ်ဆက်

အူရီဒူးမြန်မာသည် မြန်မာနိုင်ငံတွင်းရှိ လူမှုကွန်ရက်ကိုအသုံးပြုသူများ သဘောကျနှစ်ခြိုက်စေမည့် ဝန်ဆောင်မှုအသစ်တစ်ခုဖြစ်သည့် 1MB လျှင် တစ်ကျပ်သာကျသင့်မည့် အစီအစဉ်တစ်ရပ်ဖြစ်သည့် Facebook Plus ကို စတင်လိုက်ပြီဖြစ်သည်။

လူမှုကွန်ရက် အသုံးပြုခြင်းကို ချစ်ခင်မြတ်နိုးသူများအတွက် “Facebook Plus” အစီအစဉ် သုံးမျိုးကိုရယူခြင်းဖြင့် Facebook, Viber နှင့် BeeTalk တို့ကို အသုံးပြုနိုင်မည်ဖြစ်သည်။ တစ်ရက်စာ 200 MB ကို ကျပ်၂၀၀ ဖြင့်လည်းကောင်း၊ တစ်ပတ်စာ 1GB ကို ကျပ်၁၀၀၀ ဖြင့်လည်းကောင်း၊ ရက် ၃၀ စာ 4GB ကို ၃၉၉၉ ကျပ်ဖြင့်လည်းကောင်း အသုံးပြု နိုင်မည်ဖြစ်သည်။

သုံးစွဲသူများအနေဖြင့် ၎င်းအစီအစဉ်ကိုရယူထားခြင်းဖြင့် Facebook, Facebook Messenger (စတေးတပ်စ်များတင်ခြင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုတင်ခြင်း(သို့) Live ဗီဒီယိုလွှင့်ခြင်း) အပြင် Viber နှင့် BeeTalk တို့ကိုပါ မက်ဆေ့ချ်ပေးပို့ခြင်း၊ စတစ်ကာပေးပို့ခြင်း၊ အသံနှင့် ဗွီဒီယိုဖြင့်ဖုန်းခေါ်ခြင်းတို့အတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ အူရီဒူးသုံးစွဲသူများအနေဖြင့် *133*2# ကိုခေါ်ဆိုပြီး Facebook Plus အစီအစဉ်ကို ဝယ်ယူနိုင်မည်ဖြစ်သည်။

“အူရီဒူးကနေ လူမှုကွန်ရက်တွေကို အသုံးပြုဖို့ ကောင်းမွန်တဲ့ Facebook Plus အစီအစဉ်တွေကို ဝန်ဆောင်မှုပေးထားတဲ့အတွက် အခုအချိန်ဟာ မိုဘိုင်းဖုန်းအသုံးပြုသူတွေအနေနဲ့ အူရီဒူးနဲ့အတူရှိနေသင့်တဲ့အချိန်ပဲဖြစ်ပါတယ်။ အူရီဒူးဟာမိုဘိုင်းဖုန်းအသုံးပြုသူတွေ လိုအပ်နေတဲ့ဝန်ဆောင်မှုကို အလေးထားပြီး ပေးအပ်ထားခြင်းဖြစ်ပါတယ်။ သုံးစွဲသူတွေကို အမြဲတမ်းကူညီနိုင်ဖို့အတွက် အခွင့်အလမ်းများကိုလည်း အူရီဒူးက အမြဲရှာဖွေလျှက်ရှိနေပါတယ်။ မိုဘိုင်းဖုန်း အသုံးပြုသူတွေအနေနဲ့ အူရီဒူးကပေးတဲ့ ဝန်ဆောင်မှုတွေကို နှစ်သက်ကြလိမ့်မယ်လို့မျှော်လင့်ပါတယ်”ဟု အူရီဒူးမြန်မာ၏ Chief Marketing Officer ဖြစ်သူ Ms. Charity Safford က ပြောကြားလိုက်သည်။

အူရီဒူးမှ သုံးစွဲသူတွေအတွက် အတန်ဆုံးဖြစ်မည့် ဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်အတွက် ၎င်း၏ကွန်ရက်နှင့် ဆန်းသစ်သော ဝန်ဆောင်မှုများစွာကို တိုးချဲ့ပြီးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**




# MPT က ဈေးနှုန်းသင့်တင့်ပြီး ယုံကြည်အားထားရသည့် မြန်နှုန်းမြင့် အင်တာနက် ဝန်ဆောင်မှုဖြစ်သည့် FTTH ဝန်ဆောင်မှုအသစ်ကို မိတ်ဆက်

MPT က ဈေးနှုန်းသင့်တင်ပြီး ယုံကြည်အားထားရသည့် မြန်နှုန်းမြင့်အင်တာနက်ဝန်ဆောင်မှုဖြစ်သည့် FTTH ဝန်ဆောင်မှုအသစ်ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

ယခုလောလောဆယ်တွင် အဆိုပါ FTTH ဖိုင်ဘာဝန်ဆောင်မှုအသစ်ကို ဆူးလေဘုရားအနီးတစ်ဝိုက်နှင့် ပန်းဘဲတန်းမြို့နယ်တွင်သာ ရရှိနိုင်သေးပြီး ကျန်သည့် ရန်ကုန်မြို့တွင်းရှိမြို့နယ်များနှင့် မန္တလေးမြို့တို့၌ လာမည့်နှစ်အစောပိုင်းတွင် စတင်ဝယ်ယူတပ်ဆင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

MPT ၏ မြန်နှုန်းမြင့်အင်တာနက် ဝန်ဆောင်မှုကို ကနဦးတပ်ဆင်ခအဖြစ် ပရိုမိုးရှင်းကာလတွင် ကျပ် ၁၅၀၀၀၀ ဖြင့် တပ်ဆင်ပေးမည်ဖြစ်ပြီး ပရိုမိုးရှင်းကာလကုန်ဆုံးပါက ကျပ်နှစ်သိန်းကျသင့်မည်ဖြစ်သည်။

MPT ၏ မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုကို အမျိုးအစားနှစ်မျိုးဖြင့် ရယူသုံးစွဲနိုင်မည်ဖြစ်ပြီး ပထမတစ်မျိုးဖြစ်သည့် 5Mbps ကို ဝယ်ယူသုံးစွဲသူသည် တစ်လလျှင် ကျပ် ၆၉၀၀၀ ကျသင့်မည်ဖြစ်ပြီး ဒုတိယတစ်မျိုးဖြစ်သည့် 10 Mbps ကို ဝယ်ယူသုံးစွဲသူသည် တစ်လလျှင် ကျပ် ၁၀၉၀၀၀ ကျသင့် မည်ဖြစ်ကြောင်း သိရသည်။

MPT ၏ FTTH အင်တာနက်ဝန်ဆောင်မှုအသစ်ကို လူနေရပ်ကွက်များရှိ ဖိုက်ဘာအင်တာနက်သုံးစွဲလိုသူများအတွက် မိတ်ဆက်လိုက်ခြင်းဖြစ်ပြီး တယ်လီဖုန်းကြိုးလိုင်း အင်တာနက်စနစ်နှင့် အခြားမိုဘိုင်းအင်တာနက် အစီအစဉ်များ၏ကြားတွင် ရွေးချယ်အသုံးပြုနိုင်မည်ဖြစ်သည်။

၂၀၁၇ ဩဂုတ်လတွင် ရန်ကုန်မြို့တွင်း၌ FTTH ဝန်ဆောင်မှုကို မိတ်ဆက်ပေးပြီးနောက် လာမည့်နှစ် အစောပိုင်းကာလများတွင် ရန်ကုန်နှင့် မန္တလေးမြို့များရှိ အခြားမြို့နယ်များတွင် ဝန်ဆောင်မှုကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားမြို့ကြီးများတွင်ပါ အဆိုပါဝန်ဆောင်မှုကို ဆက်လက်မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ကာလအတွင်း ဈေးနှုန်းလျှော့ချထားသည့် ဝန်ဆောင်မှုကို စိတ်ဝင်စားသည့် MPT အသုံးပြုသူများအနေဖြင့် ဖုန်းနံပါတ် ၁၀၆ နှင့် ၀၁-၂၃၉၉၁၀၆ တို့ကို အလွယ်တကူ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်ပြီး ဝန်ဆောင်မှုကို ရယူခြင်းနှင့် အခြားသော သတင်းအချက်အလက်များအတွက် ဗိုလ်ဆွန်ပက်လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်ရှိ MPT ဆူးလေအရောင်းပြခန်းတွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**




# Yangon Expo & Thai Products Fair ကုန်စည်ပြပွဲ ကျင်းပ

Smart Business Group မှ ကြီးမှူး၍ Yangon Expo & Thai Products Fair 2017 ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည်။

ပြပွဲတွင် နိုင်ငံတကာမှ ကုန်ပစ္စည်းများအပြင် ထိုင်းနိုင်ငံရှိ ပင်ရင်းကုမ္ပဏီများ၊ စက်ရုံကြီးများ၊ လက်ကားလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းဖြန့်ဖြူးရန်အတွက် ကိုယ်စားလှယ်ပေးလိုသည့်လုပ်ငန်းရှင်များက ပြခန်းပေါင်း ၁၅၀ ကျော်ဖြင့် လာရောက်ပြသရောင်းချကြမည်ဖြစ်သည်။

အဆိုပါပြပွဲတွင်ရောင်းချကြသည့် ကုန်ပစ္စည်းများအား အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။ ထို့ပြင် ပြပွဲသို့လာရောက်ကြသည့် ပြည်သူများအား ထိုင်းနိုင်ငံ၏နာမည် ကြီးသစ်သီးဝလံများဖြစ်သည့်ဒူးရင်းသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီးစသည့် ထိုင်းနိုင်ငံထွက်သစ်သီးများကို အခမဲ့ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မယ်သီတာ**



# မြို့ကြီးများ၏ ၇-၈-၂၀၁၇ မှ ၁၁-၈-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၇-၈-၂၀၁၇) | အင်္ဂါ(၈-၈-၂၀၁၇) | ဗုဒ္ဓဟူး(၉-၈-၂၀၁၇) | ကြာသပတေး(၁၀-၈-၂၀၁၇) | သောကြာ(၁၁-၈-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၃၀°C/၈၆°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F |
| ရန်ကုန်မြို့ | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၇၀% ၃၁°C/၈၈°F | ၇၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F |
| မန္တလေးမြို့ | ၄၀% ၃၃°C/၈၈°F | ၅၀% ၃၃°C/၈၉°F | ၄၀% ၃၃°C/၈၉°F | ၅၀% ၃၃°C/၈၈°F | ၄၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | ၉၀% ၂၈°C/၈၂°F | ၉၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F | ၇၀% ၂၆°C/၇၉°F | ၆၀% ၂၇°C/၈၁°F |
| လားရှိုး | ၈၀% ၂၈°C/၇၈°F | ၈၀% ၂၈°C/၇၈°F | ၈၀% ၂၇°C/၇၈°F | ၇၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၉°F |
| ကျိုင်းတုံ | ၆၀% ၂၈°C/၈၂°F | ၄၀% ၂၉°C/၈၄°F | ၄၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| လွိုင်ကော် | ၈၀% ၂၆°C/၈၀°F | ၅၀% ၂၇°C/၈၁°F | ၅၀% ၂၇°C/၈၁°F | ၆၀% ၂၇°C/၈၁°F | ၅၀% ၂၇°C/၈၁°F |
| တောင်ကြီး | ၈၀% ၂၂°C/၇၂°F | ၇၀% ၂၃°C/၇၃°F | ၅၀% ၂၃°C/၇၄°F | ၆၀% ၂၃°C/၇၄°F | ၆၀% ၂၃°C/၇၄°F |
| မော်လမြိုင် | ၁၀၀% ၂၈°C/၈၃°F | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၅°F |
| ဘားအံ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F |
| ထားဝယ် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၃၀°C/၈၆°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F |
| မုံရွာ | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၆၀% ၃၃°C/၉၂°F | ၅၀% ၃၃°C/၉၂°F | ၅၀% ၃၂°C/၉၀°F | ၅၀% ၃၃°C/၉၁°F |
| ပုသိမ် | ၉၀% ၃၀°C/၈၆°F | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၈°F |
| မြိတ် | ၇၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F |
| စစ်တွေ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| မကွေး | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၉၀°F | ၇၀% ၃၃°C/၉၁°F | ၇၀% ၃၂°C/၉၀°F | ၆၀% ၃၂°C/၉၀°F |
| ဖလမ်း | ၈၀% ၂၂°C/၇၃°F | ၅၀% ၂၅°C/၇၇°F | ၇၀% ၂၄°C/၇၆°F | ၇၀% ၂၄°C/၇၆°F | ၆၀% ၂၄°C/၇၅°F |



# ဗီယက်နမ်နိုင်ငံတွင် ရေလွှမ်းမိုးမှုများဖြစ်ပွား၍ အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်ဖိုးဆုံးရှုံး

ဗီယက်နမ်နိုင်ငံတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိရာ ပျက်စီးဆုံးရှုံး မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁သန်း (ဗီယက်နမ်ဒေါင်ငွေ ဘီလီယံ ၇၀၀ကျော်)ရှိကြောင်း ဗီယက်နမ်အိတ်စ်ပရက်စ်သတင်းတွင် ဖော်ပြထားသည်။

ဩဂုတ်လဆန်းပိုင်းကတည်းက ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် မိုး သည်းထန်စွာရွာသွန်းခဲ့သဖြင့် လူ ၁၈ ဦးသေဆုံးခဲ့ရပြီး အဆိုးရွားဆုံးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် အခြားသောပြည်နယ်လေးခုဖြစ်သည့် Yen Bai, Son La, Lai Chau နှင့် Dien Bien တို့တွင် ရေလွှမ်းမိုးမှုများကြောင့် နေအိမ်ရာပေါင်းများစွာနှင့် လမ်းများပျက်စီးခဲ့ရကြောင်း၊ လူ ၁၂ ဦးဒဏ်ရာရရှိခဲ့ပြီး ၁၉ ဦး ပျောက်ဆုံးနေကြောင်း၊ အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ပျောက်ဆုံးနေသူများအား ဆက်လက်ရှာဖွေလျက်ရှိနေပြီး သေဆုံးသူ အရေအတွက်တိုးလာနိုင်ကြောင်းဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုများကြောင့် နေအိမ်ပေါင်း ၂၀၀ ကျော် ပျက်စီးခဲ့ရပြီး သီးနှံစိုက်ဧရိယာ ဟက်တာရာပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ပြည်သူပိုင် အဆောက်အအုံများလည်း ပျက်စီးခဲ့ရ ပြီး လမ်းများ၊ တံတားများလည်း ပျက်စီး ခဲ့ရသည်ဟုဆိုသည်။ အဆိုးရွားဆုံးရေလွှမ်းမိုးခံရသည့် ဒေသမှာ ဆုန်လာနှင့်ယန်ဘေးတို့ဖြစ်ကြောင်း၊ ယင်းဒေသတွင် နေအိမ်တိုက်တာ အဆောက်အဦများ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရပြီး လူများလည်း ပျောက်ဆုံးလျက်ရှိကြောင်း၊ ဆုန်လာနှင့်ယန်ဘေးမှ အာဏာပိုင်များအနေဖြင့် ပျောက်ဆုံးနေသူများအား လိုက်လံရှာဖွေလျက်ရှိသကဲ့သို့ ပျက်စီးသွားခဲ့ရသည့် နေအိမ်အဆောက်အဦးများအား ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

မိုးရေချိန် မီလီလီတာ ၅၀ မှ ၁၅၀ မီလီလီတာအထိ ရွာသွန်းခဲ့ပြီး ဩဂုတ် ၁ ရက်မှ စတင်ရွာသွန်းခဲ့သည့်မိုးသည် ဩဂုတ် ၆ ရက်အထိ ဆက်လက်ရွာသွန်းနိုင်ကြောင်း ဗီယက်နမ် မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် ပြီးခဲ့သည့် ၂၀၁၆ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုကြောင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅ ဘီလီယံအထိ ဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။ **မယ်သီတာ**

# ဂျပန်နိုင်ငံတစ်ဝန်းလုံးသို့ စူပါတိုင်ဖုန်းမုန်တိုင်း နိုရုဝင်ရောက်တိုက်ခတ်မည်

စူပါတိုင်ဖုန်းမုန်တိုင်းနိုရုသည် တဖြည်းဖြည်းအားကောင်းလာကာ ဂျပန်နိုင်ငံတစ်ဝန်းလုံးသို့ ဩဂုတ်လ ၄ ရက်မှ စတင်ကာ ဝင်ရောက်တိုက်ခတ်လျက်ရှိကြောင်း နယူးစ်ဝိခ်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါတိုင်ဖုန်းမုန်တိုင်းနိုရုသည် တစ်နာရီလျှင် အနည်းဆုံး မိုင် ၁၅၀ အထိတိုက်ခတ်မည်ဖြစ်ကြောင်း၊ မုန်တိုင်း၏အဆင့်သည် ဟာရီကိန်းမုန်တိုင်းအဆင့်-၂အဖြစ် သတ်မှတ်ထားကြောင်း အဆိုပါမုန်တိုင်းသည် ဂျပန်နိုင်ငံတောင်ပိုင်းဒေသသို့ စတင်ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း The Weather Channel တွင် ရေးသားဖော်ပြထားသည်။

ဂျပန်နိုင်ငံ ကျူးရှူးကျွန်းသည် အဆိုပါမုန်တိုင်း၏ဒဏ်ကို တိုက်ရိုက်ခံ စားရမည့်ဒေသတစ်ခုဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နိုင်ပြီး လေတိုက်ခတ်မှုများကြောင့်လည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

တိုင်ဖုန်းမုန်တိုင်း နိုရုသည် ဩဂုတ် ၅ ရက်တွင် ကျူးရှူးကျွန်းသို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ပြီး ဩဂုတ် ၆ ရက်တွင် Ryukyu ကျွန်းကိုဖြတ်သန်းတိုက်ခတ်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံမိုးလေဝသဌာနက သတိပေးထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းသည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းအထိ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။

မုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသွန်းမှုသည် မိုးရေချိန် ၁၅၀ မီလီလီတာမှ မီလီလီတာ ၃၀၀ (၆လက်မမှ ၁၂ လက်မ) အထိ မိုးရွာသွန်းနိုင်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းနိုင်သဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နိုင်ကာ မြေပြိုကျမှုများလည်း ဖြစ်ပေါ်နိုင်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်း၏ အရှိန်ကြောင့် တောင်ကိုရီးယားနိုင်ငံ ကမ်းခြေဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားနိုင်သည်ဟု The Weather Channel က ထုတ်ဖော်ရေးသားထားသည်။ **မယ်သီတာ**

# ရေဦးမြို့မ စည်ပင်သာယာဈေးတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်





ရေဦးမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန နှင့် မိတ်ဖက် ပူးပေါင်းအဖွဲ့များသည် သစ်သီးများ ယင်မနားစေရန် ခြင်ဆေးဖြန်း( Spiray) ဘူးများ ဖြင့် ဖြန်း၍ ရောင်းချနေသည်ဟု သတင်းကြားသိရ သဖြင့်လည်းကောင်း၊ ယခင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ လ ၁၆ရက်တွင် စစ်ဆေးစဉ်က ရောင်းချခြင်း မပြုရန် အဖွဲ့မှတားမြစ်ထားသည့် ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိ ကိုလည်းကောင်း၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် ရေဦးမြို့မ စည်ပင်သာယာ ဈေးရှိ သစ်သီးရောင်းချသည့် ဆိုင် ၁၁ ဆိုင်၊ ကုန်မျိုးစုံ ဆိုင် ၁၂ ဆိုင်နှင့် မုန့်မျိုးစုံရောင်းချသည့် ဆိုင် ၅ ဆိုင်အား ကွင်းဆင်းစစ်ဆေး ပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် သစ်သီးများအား ယင်မနားစေရန် ခြင်ဆေးဖြန်း(Spiray)ဘူးများဖြင့် ပက်ဖြန်း၍ ရောင်းချနေသည်ကို မတွေ့ရှိရသော်လည်း သစ်သီး ရောင်းချသူများအား နောင်တွင်လည်း ခြင်ဆေးဖြန်း (Spiray)ဘူးများ အသုံးမပြုရန်နှင့် ယင်မနားစေရန် ပလပ်စတစ်အကြည်ဖြင့် ဖုံးအုပ်ရောင်းချရန် ပညာပေးခဲ့ကြောင်း၊ ယခင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် စစ်ဆေးစဉ်က ရောင်းချခြင်း မပြုရန် တားမြစ်ထားသည့် နှင်းပုလဲငရုတ်သီးမှုန့်နှင့် အရောင်တင်မှုန့်များ ဆက်လက် ရောင်းချနေသည့်ကုန်စုံဆိုင် ရှစ်ဆိုင်၊ ထုတ်လုပ်သူ လိပ်စာ မပါရှိသည့် ရောင်စုံချိုချဉ်၊ ဂျယ်လီ၊ ထူးရှယ် မရမ်းယိုနှင့်တရုတ်နိုင်ငံထုတ် တရုတ်စာတန်းပါရေခဲမုန့် ဝေဖာခွက်ဖူး ရောင်းချသည့်မုန့်မျိုးစုံဆိုင် တစ်ဆိုင်၊ ထုတ်လုပ်သူ လိပ်စာမပါရှိသည့် ဆိုးဆေးများ လွန်းသော သစ်သီးယို ရောင်းချသည့် မုန့်မျိုးစုံဆိုင် တစ်ဆိုင်၊ ထုတ်လုပ်သူ လိပ်စာ မပါရှိသည့် ရောင်စုံ အချိုရည်ဘူး ရောင်းချသည့် ဆိုင်တစ်ဆိုင်တို့ကို စစ်ဆေးတွေ့ရှိရသဖြင့် ဆက်လက် ရောင်းချခြင်း မပြုရန်နှင့် နောင်တွင်လည်း ထုတ်လုပ်သူလိပ်စာ မပါရှိသော၊ ပါဝင်ပစ္စည်း အချိုးအစား မပါရှိသော၊ ထုတ်လုပ်သည့် ရက်စွဲ/သက် တမ်း ကုန်ဆုံးသည့် ရက်စွဲ မပါရှိသော မုန့်မျိုးစုံ များကိုဝယ်ယူ ရောင်းချခြင်း မပြုကြရန် ပညာပေး တားမြစ်ခဲ့ကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန်စာရင်း ၂၈ စောင်ကို ပညာပေး ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**အောင်ညွန့်(ရေဦး)**

# မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၄/၂၀၁၇) လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေးတိုင်း ဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ (၄/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၁ ရက်က မန္တလေးတိုင်း ဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှာ ကျင်းပခဲ့ပါတယ်။

စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါက်တာ အောင်မြင့်က အဖွင့်အမှာ စကားပြောကြားရာတွင် မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ကိုယ်တိုင် သက်တမ်းလွန် တရားမဝင် ဆေးများနှင့် ခြင်ဆေးဗူးများအား လိုက်လံ တားမြစ်နေပါကြောင်း၊ အချို့တရားမဝင် သတ်မှတ်ထားသော ဆေးဝါးများသည် ဖျက်ဆီးရန် မူအရမှန်သော်လည်း ဆင်းရဲသား လူနာများအတွက် များစွာ အသုံးဝင်၍ နယ်မှဆေးရုံ၊ ဆေးခန်းများထံ လျှုဒါန်းပါက ပိုမိုကောင်းမွန်မည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုထက်ပို၍ ကြိုးစားလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ချက်ချင်း အလွယ်တကူ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကိစ္စများကို ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှေ့ဆက်လက်ပြီး အဖွဲ့ဝင်များက ညီညီညွတ်ညွတ် ပူးပေါင်း၍ အများကောင်းကျိုးအတွက် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ဦးက တက်ရောက်လာသော အဖွဲ့ဝင်များအား စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၏ အကြံပြုချက်များမှ ပထမအဆင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဒုတိယအဆင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား လည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွင်း စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေး ကျင်းပခဲ့မှုများ၊ လျာထားဆောင်ရွက်ချက်များ၊ (၃/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်နိုင်ခဲ့မှုများ၊ ဆောင်ရွက်ဆဲကိစ္စများကို လည်းကောင်း၊ စားသုံးရန်မသင့် လားရှိုးစပါယ်ရှယ် ပဲငါးပိနှင့် ကျင်းထုံ ခြင်ဆေးခွေများကို ပူးပေါင်းအဖွဲ့ဖြင့် အေးရိပ်ငြိမ် သုသာန်တွင် ဖျက်ဆီးခဲ့မှုများကို လည်းကောင်း၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် လက်ခံဆောင်ရွက်ရေး စင်တာ (CICC) တွင် လာရောက်တိုင်ကြားခဲ့သော ကိစ္စများအပေါ် ဖြေရှင်းပေးခဲ့မှုများနှင့် ဆောင်ရွက်ဆဲကိစ္စများကိုလည်းကောင်း၊ ဈေးကွက်စောင့်ကြည့် လေ့လာ စစ်ဆေးခဲ့မှုများကိုလည်းကောင်း၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးခဲ့မှုများကိုလည်းကောင်း ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာကြတဲ့ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များက ဌာနအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါ တယ်။

**နေခြည်ဦး (စားသုံးသူ၊ မန္တလေး)**

## အောင်ဇေယျမြို့သစ်ဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ဈေးကွက် လေ့လာစောင့်ကြည့်ရေးအတွက် ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာ ဦးစီးဌာန၊ ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးငြိမ်း ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၀ ရက်တွင် ယင်းမာပင်မြို့ အောင်ဇေယျမြို့သစ်ဈေးတွင် FDA မှ တားမြစ်ထားသော စားသုံးရန်မသင့် အန္တရာယ်ရှိစားသောက်ကုန်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ စစ်ဆေးရာတွင် FDA မှ တားမြစ်ထားသော စားသုံးရန်မသင့် အန္တရာယ်ရှိသော စားသောက်ကုန်များ ရောင်းချခြင်းရှိ/မရှိ၊ သက်တမ်းကုန်မုန့်များ ရောင်းချခြင်းရှိ/မရှိ၊ ဆေးဆိုင်များတွင် စပ်ဆေးတွဲများ မရောင်းချရန်နှင့် ရက်လွန်နေသော ဆေးဝါးများအား မရောင်းချရန်၊ ဆေးဆိုင်များတွင် ဆေးရောင်းချသူများသည် ဆေးဝါးကျွမ်းကျင်သင်တန်းတက်ရောက်ထားရန်လိုကြောင်း ဆွေးနွေးခဲ့ပါသည်။ အလားတူပင် ဇူလိုင်လ ၁၃ ရက်ကလည်း ကနီမြို့မဈေးသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုးမြင့်(ယင်းမာပင်)**

# မကွေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် အစည်းအဝေးကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၁၇)ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင်လ ၂၆ ရက်က ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ(၂) တွင် ကျင်းပရာ မကွေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးကြည်အောင်၊ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် လက်ထောက် ညွှန်ကြားရေးမှူးများ၊ တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင် တိုင်းအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်၊ စားသုံးသူ ကိုယ်စားလှယ်နှင့် အသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးဝင်းက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများသည် စားဝတ်နေရေး အရေးသုံးပါး စလုံး အကျုံးဝင်၍ ပြောင်းလဲလာသော ခေတ်နှင့်အညီ ဓာတုဆေးဝါးများ အသုံးပြုလာမှုကြောင့် အန္တရာယ်ရှိသော ဆိုးကျိုးများနှင့် ကြုံတွေ့လာနိုင်ကြောင်း၊ ထို့ကြောင့် အန္တရာယ်ကင်းသည့် အစားအသောက် ၊ အသုံးအဆောင်များအား သုံးစွဲနိုင်ရန် လုပ်ငန်းရှင်များဘက်မှလည်း ဘေးထွက်ဆိုးကျိုးကင်းရှင်းပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ကုန်စည်များအား ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် အရေးကြီးကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်း များကို ဌာနဆိုင်ရာများ ၊ NGO များ၊ စားသုံးသူပြည်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်နိုင်မှာ ဖြစ်ကြောင်း ပြောကြားပါသည်။

တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများနှင့် ညွှန်ကြားချက်များကို ရှင်းလင်းတင်ပြ၍ (၁၆) ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု(၁၇)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးသည့် အချက်များနှင့် ဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြခဲ့ ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး (ပုသိမ်)**

# ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဟသ်ာတခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အဌမအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၄ ရက်တွင် ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ရာ ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိတ်ဘက်အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ၊ ဟသ်ာတခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ယခုလတွင် ဟသ်ာတမြို့နယ်၌ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA က ဦးဆောင်၍ မိမိတို့ အဖွဲ့ဝင်များနှင့် အတူ ဈေးနှင့် ဆေးဆိုင်များကို ရှောင်တခင် ဝင်ရောက် စစ်ဆေးနမူနာ ကောက်ယူခဲ့ရာ ဖော်မလင်သုံးထားသော ပဲပြားနှင့် ပဲသွေးများကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး ခရိုင်အတွင်းရှိ အခြားမြို့များတွင်လည်း ယခုကဲ့သို့ စစ်ဆေးရန် လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးကြည်ဟန်က သတ္တမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုနှင့် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် အစည်းအဝေးမှ ညွှန်ကြားချက်များအား ရှင်းလင်း တင်ပြခဲ့ပြီး ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများ၊ ယခု အစည်းအဝေးမှ ဆုံးဖြတ်ရမည့် အချက်များနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြခဲ့ပါသည်။

တက်ရောက်လာသူများအနက် ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းလွင်ကလည်း မိမိတို့မြို့နယ်မှလည်း ဈေးစားသုံးသူရေးရာ အဖွဲ့များကို ယခုလအတွင်း ဖွဲ့စည်းမည့်အကြောင်းနှင့် လုပ်ငန်းလိုင်စင် တစ်လ ပိတ်သိမ်းခဲ့သည့် ပဲပြားစက်ရုံများ ပြန်လည် လည်ပတ်သည့်အခါတွင်လည်း ဖော်မလင်သုံးစွဲမှုမရှိစေရန် မိမိတို့အဖွဲ့အနေနှင့် စစ်ဆေး ကြီးကြပ်မည့် အစီအစဉ်တို့ကို အကြံပြု ဆွေးနွေးသွားကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

# ပုလဲမြို့ အိမ်တွင်းမှူ သင်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ဇူလိုင် ၂၅ ရက်တွင် ပုလဲမြို့၊ အိမ်တွင်းမှုသင်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာအကြောင်း သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် ဆိုးဆေး အန္တရာယ်အကြောင်း၊ စားသုံးသူ မိဘပြည်သူများအတွက် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ကို ဖွင့်လှစ်ထားပြီး နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် လက်ခံဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်း၊ စာတို့ဖြင့် တိုင်ကြားမှုကို လက်ခံပြီး ကွင်းဆင်းစစ်ဆေးကာ အမှန်တကယ် ဆုံးရှုံးနစ်နာမှုများကို အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ ဆရာ၊ ဆရာမ ၁၄ ဦး၊ သင်တန်းသူ စုစုပေါင်း၅၂ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မိုးမိုးမြင့်(ယင်းမာပင်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့တွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးရုံး ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲပြုလုပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ စားသုံးသူရေးရာ ဦးစီးဌာန၊ အောင်ပန်း တာဝန်ခံရုံး အစည်းအဝေးခန်းမတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးရုံး ဖွင့်လှစ်ခြင်းနှင့်ဆိုင်းဘုတ်တင်ပွဲကို ဇူလိုင်လ ၂၉ ရက်က ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေးရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ၌ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံရှိ စားသုံးသူပြည်သူ ၈၀ ရာခိုင်နှုန်းခန့်သည် နစ်နာမှုများ၊ ဆုံးရှုံးမှုများ တွေ့ကြုံခံစားနေရပြီး နစ်နာမှုများအပေါ် တိုင်ကြားရာတွင် မိမိနိုင်ငံသားများ၏ ဓလေ့အရတိုင်ကြားမှု အလေ့အထနည်းသည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်များရှိ စားသုံးသူရေးရာ ဦးစီးဌာနရုံးများတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (Consumer Infor - mation and Complaint Center-CICC)ရုံးများအား ယခုလို ဖွင့်လှစ် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်ထားရှိခြင်းအားဖြင့် စားသုံးသူပြည်သူများမှလည်း ၎င်းတို့ရဲ့ နစ်နာမှုများကို ဥပဒေပါ ပြဋ္ဌာန်းချက်များအရ လွတ်လပ်ပွင့်လင်းမြင်သာစွာ တိုင်ကြားနိုင်ရေးအတွက် လိုလားချက်နှင့်အညီ ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း၊ စားသုံးသူမှ နစ်နာမှုများကို လွယ်ကူစွာ တင်ပြတိုင်ကြားရာတွင်လည်းကောင်း၊ ဖြေရှင်း ဆောင်ရွက်ပေးရာတွင် လည်းကောင်း ပိုမိုမြန်ဆန် သွက်လက်လာမှာဖြစ်ပါကြောင်း ပြောကြားပါတယ်။

CICC ရုံး ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲသို့ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ အောင်ပန်းမြို့အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့များ စုစုပေါင်းအင်အား ၃၀ ခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား ဥပဒေ စာအုပ်များ၊ တိုင်ကြားမှုပုံစံများ၊ လက်ကမ်းစာစောင်များ အသီးသီးဖြန့်ဝေပေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

# ကျောက်ဆည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၅ ရက်တွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ စီးပွားရေး လုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ကျောက်ဆည်ခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်စိုးမိုးက စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ စားသုံးသူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ဆုံးရှုံးနစ်နာမှုများရှိလျှင် မိမိတို့ခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ထိုသို့အရေးယူ ရာတွင် စီမံခန့်ခွဲမှု ဥပဒေအရ အရေးယူပြီး လိုအပ်မှသာ ဥပဒေကြောင်းအရ ဖြေရှင်းရမှာဖြစ်ကြောင်း၊ ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၌ စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ(CICC)ရုံးခန်း ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များနှင့် လိပ်စာပါသော ကြော်ငြာဗီနိုင်းများကိုလည်း အများပြည်သူ ထင်သာမြင်သာရှိသော နေရာများနှင့် စည်ပင်သာယာဈေးများတွင် ကပ်ထားပြီးဖြစ်ကြောင်း၊ CICC ရုံး ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူ တိုင်ကြားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် သက်ဆိုင်ရာ ဌာနများသို့ လွှဲပြောင်းပုံ အဆင့်ဆင့်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပါ သည်။

ထို့နောက် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များမှ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

# မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ၂/၂၀၁၇ အစည်းအဝေး ကျင်းပ

မင်းဘူးခရိုင် စားသုံးသူရေးရာ ဦးစီး ဌာန ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၇) ကို ဇွန်လ ၁၈ ရက်တွင် ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဥပဒေအရာရှိ၊ မြို့နယ် ကျန်းမာရေးမှူး၊ ဆေးရုံ အုပ်ကြီး ဒေါက်တာမြတ်စိုး၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ပါသည်။

ရှေးဦးစွာမင်းဘူးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး မင်းဘူးခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့အတွင်းရေးမှူး ဦးဝင်းမြင့်သောင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မင်းဘူးခရိုင်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ ဆောင်ရွက်ရန် လျာထားချက်နှင့် အမှန်ဆောင်ရွက်မှု အခြေအနေများ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ သုံးလပတ်အတွင်း မင်းဘူးခရိုင်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပုဒ်မ ၈(ဂ) တွင် ဖော်ပြထားသည့် စံချိန်စံညွှန်း၊ အရည်အသွေးမီ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ထုပ်ပိုးမှု စနစ်၌ပါဝင်ရမည့် အချက်များ၊ စီမံခန့်ခွဲမှု နည်းလမ်းများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ စားသောက်ဆိုင်၊ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းဝန်ဆောင်မှု၊ ကျန်းမာရေး ဝန်ဆောင်မှု၊ အဆင့်မြင့်ပို့ဆောင်ရေး ဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှုများတွင် ဖြစ်ပေါ်လာနိုင်မည့် အငြင်းပွားမှုဆိုင်ရာ အခြေအနေနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများ၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များ၊ ဖြေရှင်း ဆောင်ရွက်ပေးခဲ့သည့်နည်းလမ်းများ၊ တွေ့ကြုံရသည့် အခက်အခဲများအကြောင်းကို ပါဝါပွိုင့်များဖြင့် အသေးစိတ် ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# ဗီယက်နမ်နိုင်ငံသို့ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်တင်ပို့မည်ဆိုလျှင်

|| ကျော်စိန်ဝင်း(ပြည်တွင်း/ပြည်ပ) ||

**လယ်ယာထွက်ကုန်တွေ တင်သွင်းမှုအတွက် ဘယ်လိုနည်းနဲ့ ဆောင်ရွက်သလဲ**

၂၀၁၃ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (MARD) က ထုတ်ပြန်ခဲ့တဲ့ Circular 4 ဟာ လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နဲ့ ရေထွက်ကုန် ပစ္စည်းတွေ ပြည်ပနဲ့ ကုန်သွယ်မှုပြုလုပ်ခြင်း၊ Processing နှင့် Transit ပြုလုပ်ခြင်း၊ ကူးသန်းရောင်းဝယ်ရေး အေဂျင်စီများနှင့် ကုန်စည်ကုန်သွယ်ခြင်းတို့အတွက် အဓိကကြီးကြပ် ဆောင် ရွက်တာဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နဲ့ ရေထွက်ကုန်တွေကို တင်ပို့/ တင်သွင်းမှုဆိုင်ရာ Procedures နဲ့ Guidelines တွေကို Circular 4 မှာ ဖော်ပြပေးထားပါတယ်။ Circular 4 နဲ့ သက်ဆိုင်တဲ့ တင်ပို့/တင်သွင်းမှုတွေကတော့ အောက် ဖော်ပြပါအတိုင်း ဖြစ်ပါတယ်။

(က)ဗီယက်နမ်နိုင်ငံအတွင်းရှိ သဘာဝ သစ်တောများမှထွက်ရှိသော သစ်၊ ထင်း (သို့မဟုတ်) မီးသွေးတင်ပို့မှု

(ခ) မျိုးတုံးပျောက်ကွယ်နိုင်ပြီး ရှားပါး အဖိုးတန်သော တောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ တင်ပို့/ တင်သွင်းမှု

(ဂ) အပင်မျိုးကွဲအမျိုးမျိုး တင်ပို့/ တင်သွင်းမှု

(ဃ) ခွေး/ကြောင်/မြင်း စသည့် မွေး မြူထားသည့် တိရစ္ဆာန်တစ်မျိုးမျိုး တင်ပို့/တင်သွင်းမှု

(င)အစားအစာအဖြစ် အသုံးပြုသည့်ရေသတ္တဝါအရှင်တင်ပို့/တင်သွင်းမှု

(စ) တိရစ္ဆာန်ဆေးဝါး (သို့မဟုတ်) ရေနေသတ္တဝါကုသရေးဆိုင်ရာ ဆေးဝါးတွင်အသုံးပြုသော အဏုဇီဝပစ္စည်းနှင့် ဓာတုပစ္စည်းများ၊ ဇီဝဗေဒဆိုင်ရာ ပြုပြင်ထားမှု (biological preparations)၊ ကာကွယ်ဆေးများ၊ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ပစ္စည်းများနှင့် ဆေးဝါးများ တင်သွင်းမှု

(ဆ) မွေးမြူရေးတိရစ္ဆာန်၊ ကြက်/ ဘဲ/ ငန်းနှင့် ရေနေသတ္တဝါတို့အတွက် အစာတင်သွင်းမှု

(ဇ) ဓာတ်မြေဩဇာတင်သွင်းမှု

(ဈ) သိပ္ပံနှင့် နည်းပညာဆိုင်ရာ လေ့ လာမှုနှင့် အပြန်အလှန် ဖလှယ်မှုတို့အတွက် အသုံးပြုသည့် အပင်များ၏ မျိုးဗီဇဆိုင်ရာ အရင်းအမြစ်များ တင်ပို့/တင်သွင်းမှု

(ည)အပင်နှင့်တိရစ္ဆာန်တို့မှ ထွက်ရှိသော အစားအစာ တင်ပို့/တင်သွင်းမှု

အဆိုပါ Circular 4 ရဲ့ အလွတ်သဘော ဘာသာပြန်ဆိုချက်ကို ဝင် ရောက်ကြည့်ရှုနိုင်တဲ့ link ကတော့ http://www.itpc.gov.vn/investors/howtoinvest/law/Circular 042015NNPTNT/mldocument/ ?slanguage=en ပဲ ဖြစ်ပါတယ်။

**စားသုံးရန်အတွက် ရေသတ္တဝါအရှင်တွေ တင်သွင်းရင် ဘာတွေလိုမလဲ**

ဗီယက်နမ်နိုင်ငံအတွင်းသို့ ရေသတ္တဝါအရှင် (စားသုံးမှုအတွက်) တင်သွင်းချင်ရင်တော့ မိမိတင်သွင်းလိုတဲ့ ရေသတ္တဝါဟာ Circular 4 ရဲ့ နောက်ဆက် တွဲ (၅) မှာပါတဲ့ human consumption အတွက် တင်သွင်းခွင့်ပြုထားတဲ့ ရေသတ္တဝါ အရှင်စာရင်းမှာ ပါ/ မပါ ဦးစွာ ကြည့် ရပါမယ်။ အကယ်၍ စာရင်းမှာမပါတဲ့ ရေသတ္တဝါအရှင်ကို တင်သွင်းမယ်ဆိုရင်တော့ ဗီယက်နမ်ငါးလုပ်ငန်း ဦးစီး ဌာနကနေ isk assessment ဆောင်ရွက်ပြီး၊ တင်သွင်းခွင့် ပြု/မပြုကို စဉ်းစားမှာ ဖြစ်ပါတယ်။

အဆိုပါ စားသုံးရန်အတွက် ခွင့်ပြု ရေသတ္တဝါအရှင် တင်သွင်းမှုအတွက် သွင်းကုန်ပါမစ်လျှောက်ထားရန် လိုအပ်မှာဖြစ်ပြီး၊ လျှောက်လွှာမှာ ပါဝင်ရမယ့် အချက်တွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

- သွင်းကုန်ပါမစ်လျှောက်လွှာ
- စီးပွားရေးလုပ်ငန်းမှတ်ပုံတင် (သို့) ရင်းနှီးမြှုပ်နှံ ခွင့်လက်မှတ် (ပထမဆုံး အကြိမ်အတွက်)
- တင်သွင်းမည့်ရေသတ္တဝါ၏ ကုန်သွယ် မှုအမည်နှင့် သိပ္ပံအမည်များ အပါအဝင် ရုပ်ပုံမိတ္တူ
- ရေသတ္တဝါ၏ ဇီဝဗေဒဆိုင်ရာ သွင်ပြင် လက္ခဏာရပ်များဖော်ပြချက်
- တင်ပို့သည့်နိုင်ငံ၏ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ ထုတ်ပေးသည့် ပင်ရင်းဒေသထောက်ခံချက်
- ၎င်းရေသတ္တဝါအား သယ်ယူပို့ဆောင်စဉ်၊ သိုလှောင်ထားစဉ်၊ process ပြုလုပ်စဉ် ထိန်းသိမ်းစီမံဆောင်ရွက်မည့် အစီအစဉ်

**တိရစ္ဆာန်မှထုတ်လုပ်သော ထွက်ကုန်တင်သွင်းမှုအတွက် ဘာတွေလိုအပ်သလဲ**

ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (MARD) ကထုတ် ပြန်တဲ့ Circular 25 ဟာ တင်သွင်းလာတဲ့ တိရစ္ဆာန်မှ ထုတ်လုပ်သော ထုတ်ကုန်များအတွက် အစားအစာကျန်းမာရေးနှင့် ညီညွတ်မှုနဲ့ ဘေးကင်းလုံခြုံမှု ထိန်းချုပ်ရေးအပိုင်းကို ကြီးကြပ်တာဖြစ်ပြီး၊ FBOs လို့ခေါ်တဲ့ Food Business Operators ကို ဗီယက်နမ်ရဲ့ သက်ဆိုင်ရာ အာဏာပိုင် ထံမှာ အတည်ပြုဖို့ လိုအပ်တာပဲ ဖြစ် ပါတယ်။ Circular 25 ဟာ တိရစ္ဆာန်က ထွက်တဲ့ စားသောက်ကုန် အားလုံး တင်ပို့မှုအတွက် သက်ဆိုင်ပါတယ်။ အဓိကအားဖြင့် ပင်လယ်စာ(seafood)၊ အသားနှင့် အသားထွက်ကုန်ပစ္စည်းများ (အမဲသား၊ ဝက်သား၊ ကြက်/ဘဲ/ငန်း၊ သိုးသား၊ ဆိတ်သား၊ ငှက်သား စသည်)၊ စားသုံးနိုင်သော တိရစ္ဆာန်ကလီစာ၊ ဥနှင့် ဥထုတ်ကုန်ပစ္စည်း၊ နို့(raw milk)၊ ပျားရည်နှင့် စားသုံးမှုအတွက် တိရစ္ဆာန်မှ ထုတ်လုပ်သည့် အခြားကုန်ပစ္စည်းများ (ဥပမာ-ငှက်သိုက်)တို့ဖြစ်ကြပါတယ်။

MARD အောက်မှာရှိတဲ့ National Agro-Forestry-Fisheries Quality Assurance Department (NAFIQAD) ဟာ တင်ပို့တဲ့နိုင်ငံက သက်ဆိုင်ရာ အာဏာပိုင်ထံမှFBOs တွေကို မှတ်ပုံတင်ဖို့အထောက်အထားတွေနဲ့ Processing flowcharts တွေကို လက်ခံဖို့ တာဝန်ပေးအပ်ထားတဲ့ ဗီယက်နမ်နိုင်ငံရဲ့ အာဏာပိုင်အဖွဲ့အစည်းဖြစ်ပါတယ်။ NAFIQAD ဟာ ဗီယက်နမ် နိုင်ငံကို တင်ပို့ခွင့်ရှိတဲ့ အတည်ပြု FBOs တွေကိုလည်း ထုတ်ပြန်ကြေညာပေးပါတယ်။ တင်ပို့တဲ့နိုင်ငံရဲ့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဟာ NAFIQAD ထံသို့ မှတ်ပုံတင် စာရွက်စာတမ်းများ အနေနဲ့ အောက်ဖော်ပြပါအချက်များကို ပေးပို့ပေးရမှာဖြစ်ပါတယ်။

- ဗီယက်နမ်နိုင်ငံသို့ပို့ကုန်တင်ပို့ရန် မှတ်ပုံတင်ထားသော FBOs စာရင်း
- အစားအစာ ကျန်းမာရေးနှင့် ညီညွတ်မှုနှင့် ဘေးကင်းလုံခြုံမှုထိန်းချုပ်ခြင်းစနစ် (food hygiene and safety-FHS) ဆိုင်ရာ သတင်းအချက်အလက်နှင့် တင်ပို့သည့်နိုင်ငံ၏ သက်ဆိုင်ရာ အာဏာပိုင်ထံမှ ကိုက်ညီကြောင်း ထောက်ခံချက်
- Food Business Operators (FBOs) ၏ FHS အခြေအနေ ဖော်ပြချက် အကျဉ်းချုပ်

NAFIQAD ဟာ မှတ်ပုံတင် စာရွက်စာတမ်းများကို လက်ခံရရှိပြီးနောက် အလုပ်လုပ်ရက် ၃၀ အတွင်းမှာ စစ်ဆေးအတည်ပြုပြီး တင်ပို့တဲ့နိုင်ငံရဲ့ သက်ဆိုင်ရာ အာဏာပိုင်ထံသို့ verification result ကို အကြောင်းကြား ပေးပါတယ်။ အတည်ပြုခံရရင်တော့ အတည်ပြု FBOs စာရင်းကို ပို့ပေးပါတယ်။

ဒီနေရာမှာ ဗီယက်နမ်ကို ငါးသေတ္တာတင်ပို့တဲ့ မြန်မာကုမ္ပဏီတစ်ခုအနေနဲ့ FBOs အဖြစ် မှတ်ပုံတင်ခြင်း မပြုမီ ပေးပို့ခဲ့တဲ့ အတွက် ဗီယက်နမ်ဆိပ်ကမ်းမှာ တားဆီးခြင်းခံရတယ်လို့ ကြားမိပါတယ်။ ဆင့်တက်ပြုပြင်မှု မရှိသေးတဲ့ ရေထွက်ပစ္စည်းများအတွက် မြန်မာနိုင်ငံက FDA က သက်သေခံ လက်မှတ်လိုသလို ပထမဦးဆုံးတင်ပို့မယ့် ကုမ္ပဏီအနေနဲ့ တင်ပို့ခြင်းမပြုမီ ငါးလုပ်ငန်း ဦးစီးဌာနကနေ တစ်ဆင့် ပို့ကုန် တင်ပို့မည့် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားရန် လိုအပ်ပါတယ်။ ဆင့်တက် ပြုပြင်ထားတဲ့ ရေထွက်ပစ္စည်းဖြစ်တဲ့ ငါးသေတ္တာလို ပို့ကုန်မျိုးအတွက်လည်း ကြိုတင်မှတ်ပုံတင်ထားရန် လိုအပ်ကြောင်း ဒီနေရာမှာ အထူးဖော်ပြလိုပါတယ်။

အဲဒီလို ပင်လယ်စာနဲ့ တိရစ္ဆာန် ထွက်ကုန်တွေ မှတ်ပုံတင်ခြင်းအတွက် အခကြေးငွေ တစ်စုံတစ်ရာပေးဖို့ မလိုအပ်ပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံက ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ အတည် ပြု FBOs တွေရရှိဖို့ ဆောင်ရွက်ထားသင့်ကြောင်း အကြံပြုလိုပါတယ်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအထိ စာရင်းများအရ အမေရိကန်နိုင်ငံမှာဆိုရင် ဗီယက်နမ်နိုင်ငံကို တိရစ္ဆာန်ထွက်ကုန် တင်ပို့ခွင့် အတည်ပြုချက်ရရှိထားတဲ့ FBOs ၄၄၉ ခုရှိပြီး၊ ပင်လယ်စာတင်ပို့မှုအတွက် အတည်ပြု FBOs ၁၅၀ ရှိကြောင်း လေ့လာသိရှိရပါတယ်။ ဗီယက်နမ် နိုင်ငံသို့ တိရစ္ဆာန်ထုတ်ကုန် တင်ပို့မှုအတွက် အတည်ပြုထားတဲ့ FBOs စာရင်းကိုတော့ http://www.nafiqad. gov.vn/copyoflist-company/ agricultural-products/ foreign-agro-food-establishments-approved-for-export-products -to-viet-nam/ မှာ ဝင်ရောက် ကြည့်ရှုနိုင်ပါတယ်။

မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်နှင့် ရေထွက်ပစ္စည်း စားသောက်ကုန်များ တိုးမြှင့် တင်ပို့နိုင်ရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်ဖို့ ရည်ရွယ်ချက်ဖြင့် ကောက်နုတ်လေ့လာ ဖော်ပြလိုက်ရပါတယ်။ **Source : Food and Agricultural Import Regulations and Standards-Narrative, FAIRS Country Report, United States Department of Agriculture, Foreign Agriculture Service (GAIN Report Number: VM5072)**

**စာမျက်နှာ (၁၅)မှ ➤➤➤ ပြည်သူလူထု သက်ရှည်ကျန်းမာဖို့ . . . . . အဆက်**

စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄) ပြဋ္ဌာန်းပြီးနောက် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား မြန်မာနိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံနိုင်စေရေး အတွက် ကြိုးစား ဆောင်ရွက်ခဲ့သဖြင့် ထိုက်သင့်သလောက် အောင်မြင်မှုများ ရရှိခဲ့ပြီး ဖြစ်ပါသည်။ ပြည်သူလူထုများကလည်း ဘေးအန္တရာယ် ကင်းရှင်းသော အစားအသောက်၊ အသုံးအဆောင်၊ ဝန်ဆောင်မှုတို့ကို ရွေးချယ် ဝယ်ယူစားသုံးတတ်သည့်အလေ့အကျင့်ကောင်းများလည်း ရရှိနေပြီဖြစ်ပါသည်။

စားသုံးသူရေးရာ ဦးစီးဌာနသည် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား ထိရောက်အောင်မြင်မှု ရရှိစေရေးအတွက် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း ဆောင်ရွက်နေခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆွေးနွေးကာ ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများကို အပြည့်အဝ ကာကွယ်ပေးနိုင်ရေးအတွက် ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော အစားအသောက်၊ အသုံးအဆောင်များ ဝယ်ယူ စားသုံးအသုံးပြုနိုင်ရေးနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ စားသုံးသူပြည်သူများကလည်း မရှင်းလင်းသည်များရှိလျှင်ခေါ် မေးကြရန်၊ မသင်္ကာစရာ တွေ့ရှိပါက သတင်းပေးကြရန်၊ စစ်ဆေးစေချင်သည်များရှိပါက အကြောင်းကြား ပေးကြပါရန်နှင့် နစ်နာမှု တစ်စုံတစ်ရာရှိပါကလည်း တိုင်ကြားကြရန်လိုပါသည်။ သို့မှသာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စားသုံးသူရေးရာ ဦးစီးဌာနမှ ဥပဒေပါ သတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်စပ်ဌာနများနှင့် ပူးပေါင်း ညှိနှိုင်းကာ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန်အတွက် တစ်ဦးတစ်ယောက်တည်းဖြင့် ဆောင်ရွက်၍ အောင်မြင်မှု မရနိုင်ပေ။ ပြည်သူလူထု အားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်ပေမည်။ မိမိက စားသုံးသူ ပညာပေးရေး ဗဟုသုတများကို သိပါက မိမိ၏မိသားစုကို အသိပညာပေးရန်နှင့် ထိုမှတစ်ဆင့်တက်၍ မိမိ၏ဆွေမျိုးသားချင်း၊ အိမ်နီးချင်းများကို ဝေမျှအသိပေးရန် လိုအပ်ပေသည်။ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများကလည်း အသက်ကယ် ဇီဝိတဒါနအလုပ်ဟူသော ခံယူချက်ဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်သူလူထုထံသို့ ထဲထဲဝင်ဝင် ထိထိရောက်ရောက်သွားရောက်ကာ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ စာသင်ကျောင်းများ၊ ဈေးများ၊ တက္ကသိုလ်၊ ကောလိပ်သိပ္ပံများ၊ စက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ စက်မှုဇုန်များ၊ ပရဟိတကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ အသင်းအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများသို့ လိုက်လံသတိပေးနှိုးဆော်ပေးလျက်ရှိနေပါသဖြင့် စားသုံးသူများအနေဖြင့် သတိတရားကို လက်ကိုင်ထားပြီး အကြည့်မမှားဘဲ သတိထား စားကြပါရန်၊ အားနာစာတွေကို ပြတ်သားစွာ ငြင်းပယ်ကြပါရန်၊ နှမြောစာတွေကို ရဲဝံ့စွာ စွန့်ပစ်ရန်၊ မတည့်သည်များကို မစားမိရန် အသိတရားနှင့် ထိန်းချုပ်ကြပါရန် မေတ္တာတရား ရှေ့ထားကာ စေတနာဖြင့် တိုက်တွန်းအပ်ပါသည်။

❑



# အထူးစီးပွားရေးဇုန်တွေအတွက် ဘာကို စံထားလေ့လာကြမလဲ

| မောင်ရင်မောင် |

တရုတ်ရဲ့ အထူးစီးပွားရေးဇုန်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာမှာ သူ့နည်းသူ့ဟန်တွေနဲ့ ကွဲပြားခြားနားမှုနဲ့ အရှိန်အဟုန်ရရှိမှု မတူညီကြပေမယ့် အောင်မြင်မှုရခဲ့ကြတာကတော့ အမှန်ပါပဲ။ ဒီအထူးစီးပွားရေးဇုန်တွေက တရုတ်အတွက် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းစဉ်တွေကို မောင်းနှင်ရာမှာ အလွန် စွမ်းအားကောင်းတဲ့ အင်ဂျင်တွေလို့ ပြောရမှာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများကတော့ တရုတ်ရဲ့ ဆန်းသစ်အောင်မြင် တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်နေတဲ့ စီးပွားရေးအပေါ် အားကျချီးကျူးတဲ့အမြင်နဲ့ ကြည့်နေကြပြီး ဘယ်လိုအတွေ့အကြုံတွေနဲ့ သင်ခန်းစာတွေကို လေ့လာသိရှိနိုင်မလဲဆိုတာ စဉ်းစားတွေးတော နေကြပါတယ်။ ပညာရှင်များကတော့ ဘဝသစ်မှာ အင်အားသစ်နဲ့ ပြန်လည် ပြည့်ဖြိုးလာတဲ့ တရုတ် စီးပွားရေး မျက်နှာစာမှာ အလှဆင်ပေးတဲ့ အကြောင်းတရားတွေကို အောက်ပါအတိုင်း သုံးသပ်ခဲ့ကြပါတယ်။

**မဟာဗျူဟာကျသော တည်နေရာဆိုင်ရာ အကျိုးတရားများ**

တရုတ်မှာ ပထမဆုံး တည်ထောင်လိုက်တဲ့ အထူးစီးပွားရေးဇုန်များ အားလုံးဟာ ကမ်းရိုးတန်းဒေသများမှာရှိတဲ့ မြို့ကြီးများကို အခြေခံခဲ့ပါတယ်။ ဒီမြို့ကြီးတွေကို ရွေးချယ်ပုံနဲ့ ပတ်သက်လို့ စဉ်းစားခဲ့ကြတာကတော့ ဒီမြို့ကြီးများဟာ အပြည်ပြည်ဆိုင်ရာ ဈေးကွက်များနဲ့ ချိတ်ဆက်နိုင်တဲ့ ဆက်သွယ်ရေး လမ်းကြောင်းကောင်းတွေ ရှိရုံမက ကုန်သွယ်မှုနဲ့ ပတ်သက်လို့ ရှည်လျားတဲ့ သမိုင်းကြောင်းနဲ့ အတွေ့အကြုံများလည်း ရှိခဲ့ကြပါတယ်။ ဥပမာအားဖြင့် ဂွမ်ဒေါင်း (Guangdong) ပြည်နယ်ဆိုရင် ပြည်ပရောက် တရုတ်အမျိုးသားများရဲ့ မွေးရပ်ဒေသများအနက်က ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ဒ့ါအပြင် အခြေခံအဆောက်အဦတွေဖြစ်တဲ့ လေဆိပ်တွေနဲ့ မီးရထားလမ်းတွေကို အသင့်တည်ဆောက်ထားရှိပြီး ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အဆင့်မြင့်နည်းပညာများနဲ့ ခေတ်မီစီမံခန့်ခွဲမှု အတတ်ပညာများကိုလည်း ကျွမ်းကျင်စွာ အသုံးပြုလို့ ရရှိနိုင်ပါတယ်။ တည်နေရာ အားသာချက်နဲ့ ပြောရရင် ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ်နဲ့ နီးကပ်စွာတည်ရှိနေပြီး လုပ်အား အရင်းအမြစ်၊ မြေနဲ့ သဘာဝအရင်းအမြစ်များလည်း ကြွယ်ဝတဲ့အပြင် ပုလဲမြစ်ဝှမ်းဒေသ (Pearl River Delta) ကို ကမ္ဘာ့အဓိက ကုန်ပစ္စည်းထုတ်လုပ်မှု အခြေစိုက်နေရာ တစ်ခုအဖြစ် အချိန်တိုအတွင်း ပြောင်းလဲ တည်ဆောက်နိုင်တဲ့ အခြေအနေကောင်းများ ရရှိထားတဲ့ ဒေသလည်း ဖြစ်ပါတယ်။ ဒါကြောင့် တရုတ်ရဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုကရတဲ့ ရလဒ်ကောင်းတွေအဖြစ် ပြင်ပကမ္ဘာနဲ့ ဆက်သွယ်ရာမှာ အသုံးပြုတဲ့ ဗန်းပြစရာများ ဖြစ်လာခဲ့ပါတယ်။ ဒ့ါအပြင် တရုတ်ရဲ့ အတွင်းပိုင်းနယ်ပယ်များနဲ့ ကမ္ဘာကို ချိတ်ဆက်ပေးရာ ပလက်ဖောင်းအဖြစ်လည်း အသုံးဝင်ခဲ့ပါတယ်။ ဒီအကျိုးတရားများကြောင့် ပြည်ပပို့ကုန်လုပ်ငန်းနဲ့ အဆင့်မြင့်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခဲ့ခြင်း ဖြစ်ပါတယ်။

**နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)နှင့် အခြားနိုင်ငံများသို့ ပြန့်ကျဲထွက်ခွာ အခြေချနေထိုင်ကြသော တရုတ်လူမျိုးများ**

တည်နေရာအရ မဟာဗျူဟာအရ အရေးပါမှုနဲ့ တိုးချဲ့တည်ဆောက်လာတဲ့ အခြေခံအဆောက်အဦများက အထူး စီးပွားရေးဇုန်များမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ခဲ့ပါတယ်။ ပြည်ပမှာသွားရောက် အခြေချနေထိုင် နေကြတဲ့ တရုတ်လူမျိုးများက ရင်းနှီးမြှုပ်နှံမှုပမာဏ များစွာရရှိရေး၊ နည်းပညာနဲ့ စီမံခန့်ခွဲမှုအတတ်ပညာများ ပြည့်ဝစွာ ရရှိရေးအတွက် နိုင်ငံခြားလုပ်ငန်းရှင်ကြီးများနဲ့ ဆက်သွယ်ဆောင်ရွက် ပေးခဲ့ကြပါတယ်။ ဒါကြောင့် ပြည်ပရောက် တရုတ် လူမျိုးများရဲ့ စွမ်းဆောင်မှုက အထူးစီးပွားရေးဇုန်များရဲ့ အောင်မြင်မှုမှာ များစွာ အရေးပါခဲ့ပါတယ်။

နောက်တစ်ချက်ကတော့ တရုတ်မှာ အထူးစီးပွားရေးဇုန်များ စတင်ထူထောင်တဲ့ ၁၉၈၀ ခုနှစ်ပတ်ဝန်းကျင်မှာပဲ ဟောင်ကောင်၊ မကာအိုနဲ့ ထိုင်ဝမ်တို့ကလည်း သူတို့ရဲ့ စက်မှုလုပ်ငန်း အသွင်သဏ္ဌာန်များကို စတင်ပြီး အဆင့်မြှင့်တင် ပြောင်းလဲခဲ့ကြပါတယ်။ ဒါကြောင့် သူတို့ဆီမှာ ရှိရင်းစွဲလူအင်အားကို အားသွန်သုံးစွဲရတဲ့ ထုတ်လုပ်မှုကဏ္ဍများသို့ လွှဲပြောင်းပေးပို့ခဲ့ကြပါတယ်။ အထူးစက်မှုဇုန်များအတွက် ရှိရင်းစွဲလုပ်ခ သက်သာရရှိမှုနဲ့ အခြေခံအဆောက်အဦကောင်းများ တည်ရှိမှုအပေါ်မှာ တံခါးဖွင့်ဝါဒနဲ့အတူ တစ်ဆက်တည်း ပါလာတဲ့ လွန်စွာရက်ရောတဲ့ မက်လုံးများက ပြည်ပမှာသွားရောက် အခြေချနေထိုင်နေကြတဲ့ တရုတ်လူမျိုးများဆီက အရင်းအနှီးများကို နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု FDI အဖြစ်နဲ့လည်း အထူးစီးပွားရေးဇုန်များမှာ ဝင်ရောက်လာခဲ့ကြပါတယ်။ ယဉ်ကျေးမှု၊ ဘာသာစကားနဲ့ တည်နေရာဆိုင်ရာ အကျိုးတရားများကြောင့် ဒီရင်းနှီးမြှုပ်နှံမှုများဟာ အထူးစီးပွားရေးဇုန် အစောပိုင်းကာလများမှာ အလွန်အရေးပါခဲ့ကြပါတယ်။

**ဦးစားပေးမူဝါဒများနှင့် ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ လွတ်လပ်စွာ ဆောင်ရွက်ခွင့်များ**

နိုင်ငံပိုင်နှင့် နိုင်ငံခြားလုပ်ငန်းများမှ အထူးစီးပွားရေးဇုန်များအတွင်း ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများအပေါ် ဆွဲဆောင်နိုင်ရန် အထူးစီးပွားရေးဇုန်များအတွက် ဦးစားပေးမူဝါဒများကို ချမှတ်ထားရှိပြီး ဖြစ်ပါတယ်။ ဒီမူဝါဒတွေမှာ မြေ သို့မဟုတ် လိုအပ်သည့် ပစ္စည်းပစ္စယနှင့် အထောက်အပံ့များ၊ အဆောက်အဦ စသည်တို့အတွက် ဦးစားပေး အဖိုးအခနှုန်းထားများ သတ်မှတ်ပေးခြင်း၊ ပြည်ပပို့ကုန် ထုတ်လုပ်မှုအတွက် တင်သွင်းလာသော ကုန်ကြမ်းပစ္စည်းများနှင့် တစ်ဝက်တစ်ပျက် ပြုပြင်ပြီး ကုန်ပစ္စည်းများအတွက် အခွန်ကင်းလွတ်ခွင့်ပြုခြင်း၊ သွင်းကုန်လုပ်ငန်းများအပေါ် အခွန်လျှော့ပေါ့ပေးခြင်း၊ မြန်ဆန်သော အကောက်ခွန်ဆိုင်ရာ စိစစ်မှုများ၊ အမြတ်အစွန်းကို မူရင်းနိုင်ငံသို့ ပြန်လည်ထုတ်ယူ ပေးပို့ခွင့်နှင့် ပြန်လည် ရင်းနှီးခွင့်များ၊ အလုပ်သမား ငှားရမ်းခြင်းနှင့် ငှားရမ်းမှုရပ်စဲခြင်းဆိုင်ရာ ပျော့ပြောင်းသော မူဝါဒသတ်မှတ်ချက် များ ချမှတ်ခြင်း စသည်တို့ ပါဝင်ပါတယ်။ ဒ့ါအပြင် အထူးစီးပွားရေးဇုန်များကို အုပ်ချုပ်သူများအနေဖြင့် အချိန်ကာလနှင့်အညီ သက်ဆိုင်ရာ မူဝါဒများ၊ စည်းမျဉ်း စည်းကမ်းများကို လုပ်ငန်းသဘာဝ လိုအပ်ချက်များ၊ ဈေးကွက်အခြေအနေနှင့် ဈေးကွက် ဖွံ့ဖြိုးမှု အနေအထားများနှင့် ထိန်းညှိပေါင်းစပ်၍ လိုအပ်သလို ပြင်ဆင်ဆောင်ရွက်နိုင်ပါတယ်။ သင့်လျော်ကောင်းမွန်သည့် မူဝါဒများကို ကျွမ်းကျင်လုပ်သားများနဲ့ ပြည်ပတွင်အခြေချနေထိုင်သူ တရုတ်လူမျိုးများကို ဆွဲဆောင်ထားရှိရေးအတွက် ချမှတ်ဆောင်ရွက်ခဲ့ရာမှာ ယင်းတို့ရဲ့ သားသမီးများ ပညာသင်ကြားခွင့်ရရှိရေး၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများ ခံစားခွင့်ရရှိရေး စတဲ့ လုပ်ငန်းများ ပါဝင်ပါတယ်။ ဗဟိုအစိုးရအနေဖြင့် အထူးစီးပွားရေးဇုန်များအတွက် ပွင့်လင်းလွတ်လပ်ပြီး ဥပဒေပြဋ္ဌာန်းချက်များနဲ့ မူဝါဒများကို အထောက်အကူပြုမယ့်ဝန်းကျင် ဖန်တီးပေးနိုင်ရန် ကူညီပေးတဲ့အပြင် ဗဟိုမှချုပ်ကိုင်တဲ့ အာဏာကို ခွဲဝေပေးခဲ့ပါတယ်။ တစ်ချိန်တည်းမှာ ဒေသဆိုင်ရာ အစိုးရများကလည်း အောင်မြင်ဖြစ်ထွန်းတဲ့ စီးပွားရေးလုပ်ငန်းဝန်းကျင် တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ ကြပါတယ်။ ဒေသဆိုင်ရာ အစိုးရများက ထိရောက်တဲ့ စီမံကွပ်ကဲမှုစနစ်ကို ထူထောင်ထားရှိပေးရုံသာမက အခြေခံအဆောက်အဦကောင်းများကိုလည်း တည်ဆောက်ပေးပါတယ်။ ဤအကျိုးတရား ပေါင်းစည်းခြင်းဖြင့် အရည်အသွေးမှန်များကို ဆွဲဆောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ဗဟိုအစိုးရမှ ဒေသဆိုင်ရာအစိုးရများအထိ ခိုင်မြဲသောဆုံးဖြတ်ချက်နှင့် အောင်မြင်မှုလိုလားသော ဆန္ဒပြင်းပြမှုရှိခြင်း**

တရုတ်အစိုးရဟာ စီးပွားရေးကဏ္ဍနဲ့ ပတ်သက်ပြီး ကြီးမားတဲ့ပြုပြင်ပြောင်းလဲမှုတွေ လုပ်သွားဖို့ ပြတ်သားတဲ့ ဆုံးဖြတ်ချက် ချမှတ်ထားခဲ့ပါတယ်။ တကယ်တော့ တံခါးဖွင့်ဝါဒ ကျင့်သုံးမှုနဲ့ ပတ်သက်ပြီး ဗဟိုကော်မတီဝင် အားလုံးရဲ့ သဘောတူညီမှု ရခဲ့တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီပြတ်သားတဲ့ ဆုံးဖြတ်ချက်က အသွင်ပြောင်းလဲရေးနဲ့ တံခါးဖွင့် မူဝါဒများအတွက် တည်ငြိမ်ပြီးအထောက်အကူပြုတဲ့ မက်ခရို စီးပွားရေးဝန်းကျင်ကို ဖန်တီးပေးနိုင်ခဲ့ရုံမက အထူးစီးပွားရေးဇုန်တွေမှာ စမ်းသပ်ဆောင်ရွက်တဲ့ စမ်းသပ်စီးပွားရေး ပုံသဏ္ဌာန်များအပေါ် ရိုက်ခတ်လာမယ့် ယာယီ အခက်အခဲများနဲ့ နိုင်ငံရေးဆိုင်ရာ ဆန့်ကျင်မှုတွေကို ကာကွယ်တားဆီးပေးနိုင်ခဲ့ပါတယ်။ တရုတ်စက်မှုဇုန်တွေရဲ့ အောင်မြင်မှုများနဲ့အတူ တရုတ်အစိုးရရဲ့ အဆင့်ဆင့်သော အာဏာပိုင်များဟာ နည်းပညာသစ်များကို မိတ်ဆက်တင်သွင်း ဆောင်ရွက်ရာမှာ မရှိမဖြစ် လိုအပ်တဲ့ အခြေခံအဆောက်အဦကောင်းတွေကို တက်ကြွစွာ ဖြည့်ဆည်းတည်ဆောက်ပေးခဲ့ကြပါတယ်။ ဒ့ါအပြင် ဒေသဆိုင်ရာ အစိုးရတွေအနေနဲ့ အထူးစက်မှုဇုန်တွေ ကောင်းစွာ လည်ပတ်နိုင်ဖို့အတွက် ထိရောက်တဲ့ ထိန်းသိမ်းမှု၊ ကြီးကြပ်မှုစနစ်များနဲ့ အထောက်အကူ ကောင်းစွာပြုတဲ့ စီးပွားရေးဝန်းကျင်များကိုလည်း အထူးအခွင့်အာဏာများ သုံးစွဲကာ ဖန်တီးဖော်ဆောင်ပေးကြပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ခဲ့ကြပါတယ်။ ဒီလို အစိုးရဘက်က ပါဝင်စွက်ဖက်မှုများကတော့ အလွန်လိုအပ်သလို အခြေအနေ အရပ်ရပ်နဲ့လည်း ကိုက်ညီခဲ့ပါတယ်။ ဒီအချက်က အောင်မြင်မှုရဖို့အတွက် အထောက်အကူပြုတဲ့ အရေးကြီးလုပ်ဆောင်ချက် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အထူးစီးပွားရေး ဇုန်များရဲ့ တည်နေရာဟာ ဘယ်လိုပဲ မဟာဗျူဟာ ကျသည်ဖြစ်စေ၊ လူသားအရင်းအမြစ်တွေ ဘယ်လိုပဲ ကြွယ်ဝသည်ဖြစ်စေ၊ စွမ်းဆောင်ရည် မြင့်မားကြပြီး သစ်လွင်တက်ကြွသည်ဖြစ်စေ အစိုးရရဲ့ အခန်းကဏ္ဍဟာ ပြုပြင်ပြောင်းလဲမှု တစ်ခုလုံးအတွက် မရှိမဖြစ်အရေးပါကြောင်း ပြောရမှာဖြစ်ပါတယ်။

# လာအိုနိုင်ငံအား ဆက်သွယ်ရေး ကွင်းဆက်တွင် ပါဝင်ရန် တရုတ်နိုင်ငံ စိတ်ဝင်စားနေ

ထိုင်းနိုင်ငံ EEC နှင့် တရုတ်နိုင်ငံ ကူမင်း အထူးစီးပွားရေးဇုန် ဆက်သွယ်မည့် လမ်းကြောင်းတွင် လာအိုအထူးစီးပွားရေးဇုန်လည်း ပူးပေါင်း ပါဝင်လာနိုင်ကြောင်း ဇန်ကောက်ပို့စ်တွင် ဖော်ပြထားပါသည်။ ၎င်းဇုန်များကို ဆက်သွယ်လိုက်ခြင်းဖြင့် ၎င်းဒေသသည် အာဆီယံဒေသ၏ ကုန်စည်ထောက်ပံ့ရေးကွင်းဆက် ထုတ်လုပ်မှု ဗဟို ဖြစ်လာစေနိုင်ကြောင်း စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာအူတာမာရဲ့ ပြောကြားချက်အရ သိရှိရပါသည်။ တရုတ်နိုင်ငံသည် ကူမင်းအထူး စီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံရှိ EEC သို့ ဆက်သွယ်ရန် အစီအစဉ်အား အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းလမ်းကြောင်းတွင် လာအိုအထူးစီးပွားရေးဇုန် ကိုလည်း ပါဝင်စေလိုပြီး ဇုန်သုံးဇုန် ပူးပေါင်း၍ ကုန်စည်ထောက်ပံ့ရေး ကွင်းဆက်ကို အထောက် အကူပြုစေမည့် စက်မှုလုပ်ငန်းဇုန်အဖြစ် ရည်ရွယ်ထားကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။



တရုတ်နိုင်ငံသည် လာအိုအထူးစီးပွားရေးဇုန်အား တောင်ပိုင်းဒေသ ကုန်းတွင်းပိတ်နိုင်ငံအတွက် ထုတ်လုပ်မှုဗဟိုဌာန ဖြစ်လာစေရေး စည်းရုံးလုပ်ဆောင်သွားမည်ဟု ယူဆရသည်။ တရုတ်နိုင်ငံ ကူမင်းအထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံ EEC တို့အား နည်းပညာမြင့် ထုတ်လုပ်မှုဇုန်အဖြစ် လက်ခံယုံကြည်လာအောင် ဆောင်ရွက်ပြီး နည်းပညာမြင့် စီးပွားရေး (Digital Economy) ဖော်ဆောင်ရာတွင် လာအိုနိုင်ငံ၊ ဆာဗင်ဆီနို အထူးစီးပွားရေးဇုန်အား အကြီးစားစက်မှုလုပ်ငန်းအတွက် ရည်ရွယ်ထားရှိကြောင်း မစ္စတာ အူတာမာက ရှင်းလင်းပြောကြားပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် ဒေသတွင်းနိုင်ငံများအား အင်အားကောင်းလာစေမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအား ကုန်စည်ထောက်ပံ့ရေး ကွင်းဆက်ကို ပိုမိုခိုင်မာတောင့်တင်းစေမည့် နည်းပညာ အထောက်အပံ့ အပြည့်အဝရရှိစေမည့်အပြင် အကြီးစားစက်မှုလုပ်ငန်းဇုန်အတွင်း ရင်းနှီးမြှုပ်နှံ မှုဆိုင်ရာ အထူးအခွင့်အရေးများအရ အိမ်ရာများကိုလည်း တိုးချဲ့စေနိုင်မည်ဖြစ်ကြောင်း ပြောကြားပါသည်။

ဆာဗင်ဆီနို အထူးစီးပွားရေးဇုန် သည် လာအိုနိုင်ငံ၊ ဆာဗင်နာခတ်မြို့အနီး မဲခေါင်မြစ်ကမ်းဘေးတွင် တည်ရှိပြီး ၂၀၀၃ ခုနှစ်မှစ၍ ဖွံ့ဖြိုးတိုးတက်ခဲ့သော ဒေသဖြစ်ပါသည်။ ဧရိယာ အကျယ်အဝန်းရိုင် ၆၀၀၀ ခန့်ရှိပြီး အကြီးစားစက်မှုလုပ်ငန်း၊ ပို့ကုန်တင်ပို့မှုလုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းနှင့် အခွန်ကင်းလွတ်ဇုန်တို့ သီးခြားစီ ခွဲခြားပါရှိပါသည်။ လာအိုအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား များစွာသောအထူးအခွင့်အရေးများ ပေးအပ်ထားကြောင်း၊ တရုတ်၊ မလေးရှား၊ ဂျပန်၊ ဩစတြေးလျ၊ နယ်သာလန်နှင့် ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီများမှာ အဆိုပါ အခွင့်အရေးကို ရယူခံစားနေကြပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ယခု ဇုန်သုံးဇုန်ပူးပေါင်းမည့် စီမံကိန်းနှင့်ပတ်သက်၍ လာမည့်လတွင် ဦးဆောင်အကောင်အထည်ဖော်သွားမည်ဟု မစ္စတာအူတာမာက ရှင်းလင်းပြောကြားပါသည်။ ၎င်းအပြင် ယခုစီမံကိန်းသည် တရုတ်နိုင်ငံ၏ OBOR မူဝါဒနဲ့ ကိုက်ညီသည့်အပြင် ထိုင်းနိုင်ငံ ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေးမူဝါဒအရ ကမ္ဘာ့အကြီးမားဆုံး စီးပွားရေးစင်္ကြံ တည်ဆောက်မည့် အစီအစဉ်နှင့်လည်း လိုက်လျောညီထွေရှိကြောင်း ပြောကြားသွားပါသည်။

EEC တွင် နည်းပညာမြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်နည်းတူ SMEs လုပ်ငန်းများ တိုးတက်ရေးကိုလည်း အစိုးရက အထောက်အကူပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ လာမည့် ရက်သတ္တပတ်တွင် ထိုင်းစက်မှုဝန်ကြီးဌာန ထိုင်းဗဟိုဘဏ်နှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ကိုယ်စားလှယ်များ တွေ့ဆုံပြီး ထိုင်း SMEs လုပ်ငန်းများအတွက် အထောက်အပံ့ပေးမည့် နည်းလမ်းများ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း မစ္စတာ အူတာမာက ရှင်းလင်းပြောကြားပါသည်။ လောလောဆယ်တွင် အစိုးရအနေဖြင့် ပရာချာရတ် စီမံကိန်းအောက်ရှိ SMEs လုပ်ငန်းများအတွက် ဘတ် ၂၀ ဘီလီယံ၊ SMEs လုပ်ငန်းများ ပြင်ဆင်ဖွဲ့စည်းရေးအတွက် ချေးငွေ ဘတ် ၁၅ ဘီလီယံနှင့် SMEs ရုံးတိုးမြှင့်ရေးအတွက် ဘတ်သုံးဘီလီယံတို့အား SMEs ရန်ပုံငွေမှ ထောက်ပံ့ရန် ရှိကြောင်း ပြောကြားခဲ့ပါသည်။

**Source : Bangkok Post**

**သောင်းနိုင်(တာချီလိတ်)**

# ဆန်၊ ပြောင်း၊ ဂျုံနှင့် ငါးတင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းထားများကို သီရိလင်္ကာနိုင်ငံက လျှော့ချလိုက်ပြီ

သီရိလင်္ကာနိုင်ငံတွင် ပြီးခဲ့သည့် နှစ်များက နိုင်ငံတွင်းမိုးခေါင်မှုကြောင့် ကုန်စျေးနှုန်းများ မြင့်တက်လျက် ရှိသဖြင့် စျေးနှုန်းကျဆင်းရန်အတွက် ပြောင်း၊ ဆန်၊ ဂျုံ နှင့် ငါးများတင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းထားများ လျှော့ချလိုက်ပြီဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဆန်တင်သွင်းမှုအပေါ် ယခင်က သီရိလင်္ကာငွေ ငါးရူပီး ကောက်ခံရာမှ ယခုအခါ သီရိလင်္ကာငွေ ၂၅ ဆင့်သာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကောက်ခံသွားမည်ဖြစ်သည်။

အထူး ကုန်စည်တစ်မျိုးဖြစ်သည့် ငါးတင်သွင်းမှုအပေါ်တွင်လည်း ယခင်က ရူပီး ၅၀ ကောက်ခံရာမှ ယခုအခါ ၂၅ ရူပီးသာ သုံးလကြာ အခွန်လျှော့ချ ကောက်ခံသွားမည် ဖြစ်ပါသည်။

ကြက်စာ (တိရိစ္ဆာန်စာ)အဖြစ် အဓိကအသုံးပြုသည့် ပြောင်းတင်သွင်းမှုအပေါ် ယခင်က သွင်းကုန်ခွန် ၁၅ ရာခိုင်နှုန်း၊ တန်ဖိုးမြှင့်ခွန် ၁၅ ရာခိုင်နှုန်း၊ ဆိပ်ကမ်းခွန် ၇ ဒသမ ၅ ရာခိုင်နှုန်း၊ နိုင်ငံတော်တည်ဆောက်ရေးခွန် နှစ်ရာခိုင်နှုန်းနှင့် အခြားအထူးခွန် ၃၅ ရာခိုင်နှုန်းဖြင့် အခွန်အရပ်ရပ်ပေးရသဖြင့် ပြောင်းတင်သွင်းမှု တစ်ကီလိုလျှင် သွင်းကုန်ခွန် ရူပီး ၆၀ မှ ရူပီး ၇၀ ကျသင့်ကြောင်း၊ ယခုအခါ အထူးကုန်စည်တစ်မျိုးဖြစ်သည့် ပြောင်းတင်သွင်းမှုအပေါ် ၁၀ ရူပီးသာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြောင်းတင်သွင်းမှုအပေါ် ယခင်က အခွန်အရပ်ရပ် ကောက်ခံခြင်းမှာ ပြည်တွင်း ပြောင်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိစေရေးအတွက် အခွန်အမျိုးမျိုးကောက်ကာ တောင်သူများအား အကာအကွယ်ပေးခြင်းဖြစ်ကြောင်း၊ ပြောင်းကို တစ်ဦးတည်း လက်ဝါးကြီးအုပ် သိုလှောင်နေသည့် ကုမ္ပဏီတစ်ခုအား ကုန်စည်များ ကြာရှည်စွာ သိုလှောင်မှုကြောင့် ကလေးငယ်များ အာဟာရဓာတ် လျော့နည်းမှုကို ဖြစ်စေကြောင်း လေ့လာသုံးသပ်သူ အချို့က အဆိုပါ ကုမ္ပဏီအား ပြစ်တင်လျက်ရှိကြသည်။

သီရိလင်္ကာနိုင်ငံသည် နိုင်ငံအတွင်းရှိ ဆင်းရဲသားပြည်သူများက စားသုံးလျက်ရှိသည့် ဂျုံမှုန့်တင်သွင်းမှုအပေါ် ယခင်က ဂျုံမှုန့် တစ်ကီလိုလျှင် ၂၅ ရူပီးမှ ယခုအခါ ၁၅ ရူပီးသို့လည်းကောင်း၊ ဂျုံစေ့အား ယခင်က ကိုးရူပီးကောက်ခံရာမှ ယခုအခါ ခြောက်ရူပီးသာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: economy next.com**

**စန္ဒာထွန်း (TTI)**

## စာမျက်နှာ (၁၈)မှ ➤➤➤ ယခု ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပပို့ကုန် •••• မှအဆက်

အရည်အသွေးပိုင်း၊ နည်းပညာပိုင်း လိုအပ်ချက်များ ရှိနေသော်လည်း ကမ္ဘာ့ပြောင်း ဝယ်လိုအား အခြေအနေအရ မိမိနိုင်ငံအတွက် Potential ၉၉ဒသမ၉ ရာခိုင်နှုန်းတင်ပို့နိုင်သည့် အားသာချက်ရှိနေသည်ကို လေ့လာသုံးသပ် တွေ့ရှိရပါတယ်။

**ရော်ဘာတင်ပို့မှု အခြေအနေ**

ပြည်ပသို့ ဘဏ္ဍာနှစ်အလိုက် ရော်ဘာ နှစ်စဉ် ပိုမိုတင်ပို့လျက်ရှိကြောင်း စာရင်းများအရ သိရှိရပါတယ်။

| စဉ် | ဘဏ္ဍာနှစ်အမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | တန် | ၇၅၁၅၄ | ၂၁၈ |
| ၂ | ၂၀၁၃-၂၀၁၄ | တန် | ၈၄၂၉၉ | ၁၉၆ |
| ၃ | ၂၀၁၄-၂၀၁၅ | တန် | ၇၇၅၁၈ | ၁၁၂ |
| ၄ | ၂၀၁၅-၂၀၁၆ | တန် | ၈၈၅၈၁ | ၁၀၁ |
| ၅ | ၂၀၁၆-၂၀၁၇ | တန် | ၁၄၁၃၅၅ | ၁၉၈ |
| ၆ | ၂၀၁၇-၂၀၁၈ (ဇူလိုင်လ ၂၈ ရက်ထိ) | တန် | ၄၄၃၈၄ | ၆၇ |

မြန်မာနိုင်ငံ၏ ရော်ဘာတင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ( ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၂၈ ရက်ထိ) ပင်လယ်ရေကြောင်းမှ တန်ချိန် တစ်သောင်း၊ နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် သုံးသောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း၊ ရော်ဘာ တင်ပို့မှု၏ ၇၅ ရာခိုင်နှုန်းသည် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု၏ အဓိက လမ်းကြောင်းဖြစ်သည့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ရက်လျှင် ပျမ်းမျှရော်ဘာ ကားစီးရေ ငါးစီး၊ ၇၅ တန်ခန့်၊ ချင်းရွှေဟော်စခန်းမှ တစ်ရက်လျှင် ပျမ်းမျှရော်ဘာ ကားစီးရေ ၂ စီး၊ တန်ချိန် ၃၀ တို့ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခုနှစ်မှာ နိုင်ငံပေါင်း ခြောက်နိုင်ငံသို့ ရော်ဘာအများဆုံး တင်ပို့လျက်ရှိပြီး အများဆုံး တင်ပို့လျက်ရှိသည့် နိုင်ငံသုံးနိုင်ငံမှာ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ဖြစ်ပါတယ်။

ရော်ဘာ တင်ပို့သည့် နိုင်ငံပေါင်း ၉၀ အနက် အာရှနိုင်ငံများမှ တင်ပို့မှုသည် ၈၀ ရာခိုင်နှုန်း ခန့်ရှိပြီး အာဖရိက ရော်ဘာ တင်ပို့သူများမှ ၈ဒသမ ၅ ရာခိုင်နှုန်းခန့် တင်ပို့သည်ကို တွေ့ရှိသဖြင့် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ စျေးကွက်တွင် ၁ ဒသမ ၆ ရာခိုင်နှုန်းသာ တင်ပို့နိုင်သေးကြောင်း သိရှိရပါတယ်။

ကမ္ဘာ့ရော်ဘာ ဝယ်လိုအား အခြေအနေကို လေ့လာကြည့်မည်ဆိုပါက ကမ္ဘာ့ရော်ဘာ တင်သွင်းလျက်ရှိသည့် နိုင်ငံပေါင်း ၁၆၉ နိုင်ငံရှိပြီး ကမ္ဘာ့ရော်ဘာ တင်သွင်းမှုအများဆုံး နိုင်ငံများမှာ တရုတ်၊ အမေရိကန်၊ မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယားနိုင်ငံများဖြစ်သဖြင့် မြန်မာနိုင်ငံ ရော်ဘာစျေးကွက်အား လက်ရှိတင်ပို့လျက်ရှိသည့် တရုတ်နိုင်ငံအပြင် စျေးကွက်သစ်များ ထပ်မံရရှိရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှစ်ရပ် ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အချုပ်အားဖြင့် မြန်မာနိုင်ငံ လယ်ယာကဏ္ဍထွက် ကုန်ပစ္စည်းများ ပိုမိုတင်ပို့ နိုင်ရေး အတွက် နိုင်ငံ၏ ပထဝီအနေအထား၊ သဘာဝ သယံဇာတ ကြွယ်ဝမှု အားသာချက် အကျိုးရလဒ်များရှိသော်လည်း ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံ၏ လိုအပ်ချက်များကြောင့် စိန်ခေါ်မှု များစွာ ရင်ဆိုင်ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ စိန်ခေါ်မှုများအနက် မျိုးစေ့ကောင်းမွန်ရေး၊ သွင်းအားစု၊ ကြိတ်ခွဲမှုစနစ်၊ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ ခေတ်မီ နည်းပညာများနဲ့ လိုက်လျောညီထွေမှု ရှိခြင်း၊ သယ်ယူပို့ဆောင်မှုစနစ်၊ လမ်းပန်း ဆက်သွယ်ရေး၊ ငွေကြေး ကုန်ကျစရိတ် မပြည့်စုံခြင်း၊ ချေးငွေရရှိမှု မထိရောက်ခြင်း မမျှတခြင်းတို့အပြင် ပြည်ပသို့ တင်ပို့ရာတွင်လည်း ဆိပ်ကမ်းဝန်ဆောင်မှု အခက်အခဲများနှင့် အစိုးရဌာနအချို့၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်ဆောင်မှုများ စသဖြင့် များစွာသော စိန်ခေါ်မှုများ ရှိနေဆဲပင် ဖြစ်ပါတယ်။

# ယန်စီမြစ်ပေါ်တွင် ကမ္ဘာ့ဒုတိယအကြီးဆုံး ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်မည်




တရုတ်နိုင်ငံရှိ အကြီးဆုံးမြစ်ဖြစ်သည့် ယန်စီမြစ်အထက်ပိုင်းတွင် ကမ္ဘာ့ဒုတိယအကြီးဆုံးရေအားလျှပ်စစ်စက်ရုံ ကို တည်ဆောက်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ရေအားလျှပ်စစ် စက်ရုံစီမံကိန်းကို ဘေဟက်ဒင်စီမံကိန်းဟုခေါ်ဆိုမည်ဖြစ်ပြီး ယန်စီမြစ်၏အထက်ပိုင်း စီချွမ်ပြည်နယ်နှင့် ယူနန်ပြည်နယ်တို့ အကြားတွင်ရှိသည့် မြစ်လက်တက်ငယ်လေးဖြစ်သည့် ဂျင်ရှောင်းမြစ်ပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို ၂၀၂၁ ခုနှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် လုပ်ငန်းပြီးဆုံးမည်ဖြစ်သည်။

အဆိုပါရေအားလျှပ်စစ်စက်ရုံမှ တစ်နှစ်လျှင် ကီလိုဝပ် ၁၆ သန်းထုတ်လုပ်ပေးနိုင်ကြောင်း၊ အဆိုပါပမာဏသည် ၂၀၁၅ ခုနှစ်အတွင်းက ပေကျင်းမြို့တွင် သုံးစွဲခဲ့သည့် လျှပ်စစ်ဓာတ်အားပမာဏ၏ သုံးပုံနှစ်ပုံရှိကြောင်း၊ ၂၀၁၅ ခုနှစ်က ပေကျင်းမြို့၏လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏမှာ ကီလိုဝပ်ဘီလီယံသန်း ၆၀ ရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက်တည်ဆောက်မည့်ဆည်၏အမြင့်သည် မီတာ ၃၀၀ ရှိပြီး ရေဝင် ဧရိယာမှာ စတုရန်းကီလိုမီတာ ၄၃၀,၀၀၀ ရှိကြောင်း၊ အဆိုပါပမာဏသည်ဂျင်ရှောင်းမြစ်သို့ ရေဝင်သည့်ပမာဏ၏ ၉၁ ရာခိုင်နှုန်းခန့်ရှိကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မည့် စီမံကိန်းဧရိယာအတွင်းရှိ စီချွမ်နှင့်ယူနန်ပြည်နယ်တို့မှ ဒေသခံတစ်သိန်းနီးပါးတို့အား ပြန်လည်နေရာချထားပေးမည်ဖြစ်သည်ဟု ဆိုသည်။

ဘေဟက်ဒင်ဆည်တည်ဆောက်ရေးစီမံကိန်းသည် ဂျင်ရှောင်းမြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စက်ရုံလေးရုံအနက်တစ်ခုအပါအဝင်ဖြစ်ကာ အကြီးဆုံးသောရေအားလျှပ်စစ်စက်ရုံလည်းဖြစ်သည်။ ထို့ပြင် ယခုလက်ရှိတွင် ပြန်လည်ပြုပြင်လျက်ရှိသည့်ရေအားလျှပ်စစ်စက်ရုံတစ်ရုံဖြစ်သည့် ဝူဒေါင်ဒီဆည်၏ အောက်ဖက်တွင် တည်ရှိသည်ဟု ဆိုသည်။

ဘေဟက်ဒင်ဆည်သည် ယန်စီမြစ်၏ စီးပွားရေးရပ်ဝန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း China Three Gorges Corporation ၏ ဥက္ကဌဖြစ်သူ လူချန်းက ပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းပြီးစီးပါက တရုတ်နိုင်ငံတွင် ကျောက်မီးသွေး အသုံးပြုမှု တစ်နှစ်လျှင် တန်ချိန် သန်း ၂၀ ခန့် သက်သာစေမည့်အပြင် တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု တန်ချိန် ၅၂ သန်းခန့်ကို လျှော့ချပစ်နိုင်မည်ဖြစ်ကြောင်း လူက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတစ်ဝန်းရှိ လျှပ်စစ်မီး မရရှိသည့်ဒေသများတွင် ကျောက်မီးသွေးကို အသုံးပြု၍ ချက်ပြုတ်ခြင်း၊ မီးလှုံခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။

**မယ်သီတာ**

# ဗီယက်နမ်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၆ဘီလီယံသို့ ရောက်ရှိ

ဗီယက်နမ်နိုင်ငံတွင်းသို့ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ယခုနှစ်အတွင်း စံချိန်တင်ရောက်ရှိခဲ့ကြောင်း၊ ဗီယက်နမ်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား ပိုမိုထုတ်လုပ်နိုင်ရန် ဆွဲဆောင်မှုများပေးခဲ့သဖြင့် ယခုကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ပိုမိုမြင့်တက်လာရခြင်းဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံထုတ် သတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။

"နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာ ဒီနှစ်ထဲမှာ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံအထိ ရောက်ရှိခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံအထိ ရောက်ရှိလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး Dang Huy Dong က ဟန္စိုင်းသတင်းဌာနက တွေ့ဆုံမေးမြန်းရာတွင် ပြော ကြားခဲ့သည်။

"နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက ဒီနှစ်မှာ ပိုပြီး တိုးတက်လာပါတယ်။ ဆက်ပြီး တိုးတက်လာလိမ့်ဦးမယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်စေမယ့် ပို့ကုန်ကို ဦးစားပေးတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အပါအဝင် စွမ်းအင်ကဏ္ဍ၊ အဆင့်မြင့် နည်းပညာကဏ္ဍတို့မှာ ရင်းနှီးမြှုပ်နှံတဲ့သူတွေ ရင်းနှီးမြှုပ်နှံနိုင်အောင် ဥပဒေကို ရေးဆွဲထားပါတယ်"ဟု Dang Huy Dong က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက စီးပွားရေးဆိုင်ရာအကြံပေးအဖွဲ့တစ်ဖွဲ့ကို ဗီယက်နမ်ဝန်ကြီးချုပ် Nguyen Xuan Phuc က ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့တွင် အမေရိကန်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့ ရှိ တက္ကသိုလ်များမှ စီးပွားရေးပညာရှင်များ ပါဝင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်ဇဟိုဘဏ်သည် ပြီးခဲ့သည့်လအတွင်းက ဇဟိုဘဏ် အတိုးနှုန်းကို လျှော့ချသတ်မှတ်ခဲ့သည်။ ယင်းကဲ့သို့ လျှော့ချသတ်မှတ်ခြင်းသည် သုံးနှစ်အတွင်း ပထမဦးဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။

**မယ်သီတာ**

# ဂျပန်လေကြောင်းလိုင်းနှင့် ဗီယက်နမ်လေကြောင်းလိုင်းတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု စတင်

ဗီယက်နမ်လေကြောင်းလိုင်းဖြစ်သည့် Vietjet လေကြောင်းလိုင်းနှင့် ဂျပန်လေကြောင်းလိုင်းဖြစ်သည့် Japan Airline(JAL) တို့၏အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ကို စတင်လိုက်ပြီဖြစ်ကြောင်း ဗီယက်နမ်လေကြောင်းလိုင်းက ထုတ်ပြန်ကြေညာခဲ့သည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် Vietjet လေကြောင်းလိုင်းအတွက်သာမက JAL အတွက်ကိုပါ စီးပွားရေးအရ အရေးပါမှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေကြောင်းလိုင်းနှစ်ခု ပူးပေါင်းပြီး လုပ်ငန်းတိုးချဲ့လုပ်ဆောင်ရန် လေကြောင်းလိုင်းနှစ်ခုမှ တာဝန်ရှိသူများ အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းခဲ့ကြကြောင်း၊ ယင်းကဲ့သို့ တွေ့ဆုံညှိနှိုင်းခဲ့မှုကြောင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုအရ ဗီယက်နမ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား လေကြောင်းခရီးစဉ်အသစ်များ တိုးချဲ့နိုင်ရန် စီစဉ်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံသည် စီးပွားရေး တိုးတက်မှု မြန်ဆန်လာသည်နှင့်အတူ ဂျပန်နှင့်ဗီယက်နမ်နှစ်နိုင်ငံအကြား လေကြောင်းခရီးသွားလာမှုသည်လည်း လျင်မြန်စွာ တိုးတက်မြင့်မားလာခဲ့ပါသည်။ JAL လေကြောင်းလိုင်းမှ non-stop လေကြောင်းဝန်ဆောင်မှုများကို တိုကျို(နာရီတာ)မှ ဟိုချီမင်းမြို့နှင့် ဟန္စိုင်းတို့သို့လည်းကောင်း၊ တိုကျို (ဟနေးဒါး)မှ ဟိုချီမင်းမြို့သို့လည်း ကောင်း နေ့စဉ် ပြေးဆွဲလျက်ရှိသည်။

ပထမဆုံးအဆင့်အနေဖြင့် JAL နှင့် Vietjet တို့အကြား တူညီသော လေကြောင်း ကုဒ်နံပါတ်ကိုအသုံးပြုခြင်း (code-share coorperation) ကို သဘောတူနိုင်ခဲ့ပြီး JAL နှင့် Vietjet တို့၏ ပြည်တွင်းခရီးစဉ်အားလုံးနှင့် ဗီယက်နမ်နှင့် အခြားအာရှနိုင်ငံအားလုံးတို့အကြား ချိတ်ဆက်ပြေးဆွဲနေသော ခရီးစဉ်တို့တွင်တူညီသော လေကြောင်း ကုဒ်နံပါတ်ကို အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းက ခရီးသည်များအတွက် ခရီးသွားလာရေးကို ပိုမိုပြီးအဆင်ပြေချောမွေ့စေမည်ဖြစ်သည့်အပြင် လေကြောင်းလိုင်းနှစ်ခုတို့၏ frequent flier အစီအစဉ်၊ လေယာဉ်စီမံကွပ်ကဲမှု၊ လေယာဉ်ပြုပြင်ထိန်းသိမ်းရေး၊ မြေပြင်စီမံခန့်ခွဲရေး၊ လေ့ကျင့်သင်ကြားရေးတို့ အပါအဝင် အခြားပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆက်လက်ဆွေးနွေးပြီး အကောင်အထည် ဖော်သွားမည် ဖြစ်သည်။

"ဒီပူးပေါင်းဆောင်ရွက်မှုဟာ လေကြောင်းလိုင်းနှစ်ခုလုံးအတွက် ထူးခြားတဲ့ အောင်မြင်မှုတစ်ခုလို့ ပြောလို့ရသလို ဂျပန်နဲ့ ဗီယက်နမ်နှစ်နိုင်ငံအပြင် အခြားခရီးစဉ်တွေကို သွားလာရတာ ပိုပြီးလွယ်ကူကောင်းမွန်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ခရီးသည်နဲ့ ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှုတွေ ပိုမိုများပြားလာတော့မှာဖြစ်တာကြောင့် လေကြောင်းလိုင်းနှစ်ခုလုံးရဲ့ စီးပွားရေးအခွင့်အလမ်းတွေ ပိုကောင်းလာလိမ့်မယ်လို့ ထင်ပါတယ်"ဟု JAL ၏ Executive Vice President ဖြစ်သူ Mr. Tadashi Fujita က ပြောကြားခဲ့သည်။ **မယ်သီတာ**

# ပဲမျိုးစုံထုတ်လုပ်မှုတိုးတက်ရေးအတွက် အိန္ဒိယအစိုးရက ရူပီးသိန်းတစ်ထောင်ကျော် ခွဲဝေချပေး

အိန္ဒိယအစိုးရသည် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ပဲမျိုးစုံထုတ်လုပ်မှု တိုးတက်ရေးတွင် အသုံးပြုရန်အတွက် ဘဏ္ဍာငွေရူပီး ၁၀၆၉ ဒသမ ၈၇သိန်း ကို ခွဲဝေချထားပေးခဲ့ကြောင်း အိန္ဒိယအစိုးရက ဇူလိုင်လ ၃၁ ရက်က ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါခွင့်ပြုရန်ပုံငွေသည် အမျိုးသား အစားအစာလုံခြုံရေးအဖွဲ့ (National Food Security Mission-NFSM) အတွက် ခွဲဝေပေးထားသည့် ရူပီး သိန်း ၁၇၂၀ မှ ထုတ်ပေးခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါအစီအစဉ်ကို ၂၀၁၃-၁၄ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး အမျိုးသားအစားအစာလုံခြုံရေးအဖွဲ့၏ လက်အောက်တွင် ထားရှိကာ ဆောင်ရွက်နေခြင်းဖြစ်သည်။

အမျိုးသား အစားအစာလုံခြုံရေးအဖွဲ့အနေဖြင့် နွေဦးရာသီတွင်စိုက်ပျိုးသည့်ပဲများဖြစ်သည့် ပဲစင်းငုံ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲနီလေးနှင့် နွေရာသီတွင် စိုက်ပျိုးသည့် ပဲတီရွှေဝါနှင့် မတ်ပဲစိုက် ဧရိယာများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယအစိုးရအနေဖြင့်ကုန်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အဦများကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံအနေဖြင့် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူ မှုအဆင့်ကို ပိုမိုတိုးတက်လာစေရန် လုပ်ဆောင်လျက်ရှိသကဲ့သို့ အိန္ဒိယနိုင်ငံ၏ပို့ကုန်ကဏ္ဍတွင် ယှဉ်ပြိုင်မှု အခန်းကဏ္ဍပိုမိုတိုးတက်လာစေရန်လည်း လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ပဲဈေးကွက်အသစ် ပေါ်ထွက်လာရေးကိုလည်း အထူးကြိုးပမ်းလျက်ရှိသည့်အပြင် ထုတ်ကုန်များ၏ အရည်အသွေးများ တိုးတက်လာရေးကိုလည်း လုပ်ဆောင်လျက်ရှိသည်။ အိန္ဒိယနိုင်ငံထုတ်ကုန်ပစ္စည်းများတွင် ကုန်ပစ္စည်းအမှတ်တံဆိပ်နှင့် ထုပ်ပိုးမှုဆိုင်ရာ အရည်အသွေးများ ပိုမိုမြင့်တက်လာစေရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သည်တိုင်းမ်အော့ဖ်အိန္ဒိယ သတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
(Gift Cheque)
ဂုဏ်ပြုလက်ဆောင်များနှင့် ချစ်ခင်ရင်းနှီးမှုဖြင့်
ချီးမြှောက်သည့် အမှတ်တရ
လက်ဆောင်များအတွက် ဂုဏ်ယူတန်ဖိုးထားမှုကို
မြဝတီဘဏ်၏ Gift Cheque များဖြင့်
ဖော်ထုတ်ပြသနိုင်ပါပြီ...
(Payment Order)
အကောက်ခွန်ဦးစီးဌာနနှင့် အခြားအစိုးရ
အဖွဲ့အစည်းများသို့ အကောက်ခွန်များ၊ တင်ဒါများ၊
အာမခံနှင့်ပစ္စည်းဖိုးများ ပေးသွင်းရန်အတွက် ဘဏ်မှ
ငွေပေးအမိန့်လွှာဖြင့် ငွေပေးချေနိုင်ပါသည်။
(Certified Cheque)
ဘဏ်အာမခံချက်လက်မှတ်များဖြင့်
ယုံကြည်စိတ်ချစွာ
ငွေပေးချေနိုင်ပါသည်။
စိတ်ချရတာ မြဝတီဘဏ်
Fax : (01) 2301395, 2301450, 2301402, 2301418
Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Email : mwdbankygn@mptmail.net.mm
Website : www.mwdbank.com


ROMANSON
ROMANSON
DE ARBON
AUTOMATIC
CA5A10RM
ROMANSON FLAGSHIP STORE :
JUNCTION CENTER(MAW TIN), NO.(115),CORNER OF ANAWRAHTA RD &
LAN THIT ST.,LANMATAW TSP.,YANGON. (PH- 0931249123)
CHERRY OO : Ph- 01375491, 01381751.(Enquire: 09977122531). Romanson Myanmar


EVER RICH GROUP CO.,LTD
* ဂျီအိုင် ဟော်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ
EVER RICH GROUP CO.,LTD စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။
အမှတ်(၃၆/ဒီ)၊လမ်းသစ်လမ်း၊နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ ၀၁–၉၆၆၅၇၁၇၊၀၁–၉၆၄၃၂၇၇၊၀၉–၃၀၀၈၈၇၂၀၊၀၉–၄၅၇၇၄၈၀၆၅၊၀၉–၉၇၆၇၀၀၂၅၀
အဆောင်(၁၃၀)၊အခန်း(၄)၊ရွှေဝါလမ်း၊ဇော်ဘွားကြီးကုန်းပွဲရုံဝင်း၊အင်းစိန်မြို့နယ်၊ရန်ကုန်။ ၀၁–၉၆၄၃၂၅၅၊၀၁–၉၆၄၃၂၆၆၊၀၉–၉၆၅၀၀၇၂၅၅၊၀၉–၂၆၃၃၃၉၄၃၃၊၀၉–၄၅၇၇၄၀၀၆၆
အမှတ်(၄၁၇)၊လှည်းတန်းလမ်း နှင့် ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ပန်းစက်မှုဇုံ၊လှိုင်သာယာမြို့နယ်၊ရန်ကုန်။ ၀၁–၆၁၇၁၄၃၃၊၀၉–၇၃၂၅၀၁၅၃၊၀၉–၇၉၆၁၀၀၁၄၁၊၀၉–၉၇၇၉၄၁၀၀၁၊၀၉–၄၅၇၇၄၀၀၆၄


ဘာနဲ့မှ မရောတဲ့
ထွန်းတောက်နိုင် ကုမ္ပဏီလီမိတက်
ထွန်းတောက်နိုင်ဆီစက်မှ ထုတ်လုပ်သည့်
FDA ထောက်ခံချက်အမှတ် ၈၁၂ / ၁၁၁၀၈ / ထလ
ရွှေသဇင်မြင်း
ရာနှုန်းပြည့် မြေပဲဆီသန့်
Official Halal Certificate
အမှတ် - ၁၀၂၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းနှင့် ပန်းတဉ်းဝန် ဦးရွှေဘစ်လမ်းထောင့်
စက်မှုဇုံ(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
Tel: 01- 685565, 01- 685566
အသန့်ဆုံး အစစ်ဆုံး

# COMMERCE INTERNATIONAL

## နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအား ထောက်ပံ့ပေးရန် ကမ္ဘောဇဘဏ်နှင့် ထိုင်း EXIM ဘဏ်တို့ နားလည်မှုစာချွန်လွှာရေးထိုး

ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြားရှိ စီးပွားရေး၊ဘဏ်လုပ်ငန်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားသော ကဏ္ဍများစွာအား ပူးပေါင်းမြှင့်တင်ရန်အတွက် ထိုင်းနိုင်ငံရှိ Export-Import ဘဏ် (EXIM Thailand) နှင့် ဇူလိုင် ၃၀ ရက်က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း ကမ္ဘောဇဘဏ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို Strand Square ရှိ ကမ္ဘောဇဘဏ်၏ International Banking Division ၌ ကျင်းပခဲ့ရာ ကမ္ဘောဇဘဏ် International Banking Division ၏ Managing Director ဖြစ်သူ ဦးဝင်းလွင်နှင့် EXIM Thailand ဘဏ်မှ Mr. Pisit Serewiwattana (President of Export-Import Bank of Thailand) တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Jukr Boonlong နှင့် ထိုင်းနိုင်ငံ သံရုံးမှစီးပွားရေးဆိုင်ရာသံအရာရှိ Ms. Walikar Apayasiri တို့လည်း အသိသက်သေများအဖြစ် တက်ရောက်ခဲ့ကြသည်။




အဆိုပါ နားလည်မှုစာချွန်လွှာတွင် ဘဏ်နှစ်ခုသည် နှစ်ဦးနှစ်ဖက် အကျိုးအမြတ် ရရှိစေမည့်လုပ်ငန်းစဉ်များ၊ စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများ၊ မြန်မာ-ထိုင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အားအကောင်အထည်ဖော်ရန် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးအား တိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်၏ International Banking Division မှ Managing Director ဖြစ်သူ ဦးဝင်းလွင်က "အခုလို ဒေသတွင်းမှာရှိတဲ့ ထိပ်တန်းငွေကြေးအဖွဲ့အစည်းနှစ်ခုက ရေးထိုးလိုက်တဲ့ နားလည်မှုစာချွန်လွှာဟာ ဘဏ်လုပ်ငန်းနဲ့ ငွေကြေးကဏ္ဍမျိုးစုံမှာ နှစ်ဦးနှစ်ဖက်အကျိုးအမြတ်ရစေဖို့ နည်းဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ မှတ်ကျောက်တစ်ခုပဲဖြစ်ပါတယ်။ ထိုင်းနိုင်ငံအပါအဝင် အခြားနိုင်ငံများမှာလည်း ရုံးခွဲတွေ ဖွင့်လှစ်ထားပြီး အကျယ်ပြန့်ဆုံးကွန်ရက်ရှိတဲ့ မြန်မာနိုင်ငံရဲ့အကြီးဆုံး ပုဂ္ဂလိကဘဏ်အနေနဲ့ ကျွန်တော်တို့ဟာ နှစ်နိုင်ငံအကြားက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အရှိန်မြှင့်တင်ပေးဖို့ ကျွန်တော်တို့ရဲ့အောင်မြင်မှုမှတ်တမ်းတွေ မြန်မာ့စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်တဲ့ ဗဟုသုတများစွာကို မျှဝေပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို ကျွန်တော်တို့ရဲ့ ကျွမ်းကျင်မှုတွေနဲ့ နှစ်ဦးနှစ်ဖက် တိုးတက်အောင်မြင်မှုတွေရရှိစေပြီး ဝန်ဆောင်မှုတွေ ပိုမိုကောင်းမွန်လာစေမယ့် ဒီလိုအခွင့်အရေး ကောင်းတစ်ခုကို ရရှိတော့မှာဖြစ်လို့ အရမ်းကို စိတ်လှုပ်ရှားနေပါတယ်"ဟု ပြောကြားခဲ့သည်။

ယင်းပူးပေါင်းလုပ်ဆောင်မှု သဘောတူညီချက်ဖြင့် ဘဏ်နှစ်ခုစလုံးသည် ပရာဂျက်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များဖလှယ်ခြင်း၊ တစ်ဖက်ဘဏ်အတွက် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊ လက်တွေ့စီးပွားရေး အတွေ့အကြုံများမျှဝေခြင်း၊ သင်တန်းပေးခြင်းနှင့် နှစ်ဦးနှစ်ဖက် credit အပြန်အလှန် ရယူနိုင်မှုပမာဏ သတ်မှတ်ထားရှိခြင်းတို့ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်ရှိသော ဘဏ်များအနက်မှ ကမ္ဘောဇဘဏ်သည် ၂၀၁၆ ခုနှစ်ကတည်းကပင် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ကိုယ်စားလှယ်ရုံးများ ပထမဆုံးစတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းမှာလည်း ကမ္ဘောဇဘဏ်၏ နိုင်ငံတကာ၌ အခြေချနိုင်မှုနှင့် ကမ္ဘာတစ်ဝန်း ပူးပေါင်းလုပ်ဆောင်မှု သဘောတူညီချက်များ ထပ်မံတိုးမြှင့်လုပ်ဆောင်နိုင်စေမည့် အောင်မြင်မှုသစ် တစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

## ချက်နိုင်ငံ ပရာ့ဂ်မြို့မှထွက်ခွာလာသည့် ကုန်တင်ရထား တရုတ်နိုင်ငံ Yiwu မြို့သို့ ပြန်လည်ရောက်ရှိ

ချက်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ နှစ်နိုင်ငံ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ကုန်တင်ရထားဖြင့် ကုန်သွယ်မှုပြုလျက်ရှိရာ ချက်နိုင်ငံမှ ကုန်ပစ္စည်းများကို တင်ဆောင်ခုတ်မောင်းလာသည့် ကုန်တင်ရထားသည် တရုတ်နိုင်ငံ၊ ဂျေ့ဂျန်းပြည်နယ်၊ Yiwu မြို့သို့ ပြန်လည်ဆိုက်ရောက်လာခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ကုန်တင်ရထားသည် ပရာ့ဂ်မြို့မှ ဇူလိုင် ၂၀ ရက်က ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၊ ဂျေ့ဂျန်းပြည်နယ်၊ Yiwu မြို့သို့ ဩဂုတ်လ ၄ ရက် နံနက် ၁၁ နာရီတွင် ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဖြင့် ဥရောပနိုင်ငံ တစ်ဝန်းလုံးသို့ ကုန်စည်ကူးသန်းရောင်းဝယ်မှုပြုနိုင်ရန် ပထမဦးဆုံးအကြိမ်အဖြစ် ချက်သမ္မတနိုင်ငံသို့ ကုန်တင်ရထားဖြင့် ကုန်စည်များ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

"ချက်နိုင်ငံဟာ ပထဝီရေမြေအနေအထားအရ အလွန်ကောင်းမွန်တဲ့ အနေအထားမှာရှိပါတယ်။ ချက်နိုင်ငံဟာ ဥရောပတစ်ခွင်ကို လွှမ်းခြုံနိုင်တဲ့ အဓိကကျတဲ့နေရာလည်းဖြစ်ပါတယ်"ဟု Yiwu မြို့တော်ဝန် လင်းယီက ပြောကြားခဲ့သည်။



ချက်နိုင်ငံမှကုန်စည်များကို တင်ဆောင်၍ခုတ်မောင်းလာသည့် အဆိုပါ ကုန်တင်ရထားသည် ကွန်တိန်နာအလုံးပေါင်း ၈၀ ကျော် တင်ဆောင်လာခဲ့သည်။ အဆိုပါ ကွန်တိန်နာများတွင် သလင်းကျောက်ထွက်ကုန်များ၊ မော်တော်ကားနှင့်ဆက်စပ်ပစ္စည်းများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ ဘီယာများ၊ ချက်နိုင်ငံမှ ထွက်ရှိသည့် ကုန်ပစ္စည်းများကို တင်ဆောင်လာခဲ့ကြောင်း၊ တင်ဆောင်လာသည့် ကုန်ပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ငါးသန်းခန့်ရှိကြောင်း၊ လမ်းခရီးကြာချိန်မှာ ၁၆ရက်သာကြာမြင့်ခဲ့ကြောင်း၊ အဆိုပါ ကြာမြင့်ချိန်သည် ပင်လယ်ရေကြောင်းမှ ကုန်တင်ပို့သည့် အခါကြာချိန်နှင့် နှိုင်းယှဉ်ပါက များစွာတိုတောင်းလွန်းလှကြောင်း လင်းက ပြောကြားခဲ့သည်။

"အခုဆိုရင် ထုတ်လုပ်သူတွေဟာ ဒီလမ်းကြောင်းကို မျက်စိကျလာကြပါပြီ။ တရုတ်နိုင်ငံဟာ အရှေ့အာရှနဲ့ အာဆီယံဒေသကို ကုန်ပစ္စည်းတွေဖြန့်ဖြူးပေးရာဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာတော့မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပြည်နယ်အစိုးရ၏ ထောက်ပံ့ပေးမှုနှင့်အတူ Yiwu မြို့သည် ချက်နိုင်ငံတွင် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ စင်တာကြီးတစ်ခုကို တည်ဆောက်ရန် စီစဉ်လျက်ရှိနေပြီး အဆိုပါစင်တာစီမံကိန်းသည်အလုပ်အကိုင်ပေါင်း ၃၀၀၀ ခန့်ကို ဖန်တီးပေးလိမ့်မည်ဟု ထပ်မံပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်ကို ၂၀၁၃ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး တရုတ်လူမျိုးများနှင့် ဥရောပနိုင်ငံများမှ မြို့ကြီးများအကြား ကုန်တင်ရထားများဖြင့် ဆက်သွယ်ပေးလျက်ရှိသည်။

မယ်သီတာ စုစည်းသည်